# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လဆန်း ၄ ရက် ကြာသပတေးနေ့ | 9, Thursday June 2016 | (၈၅၈၇)


**အလွန်မြတ်၏**

အသယတိုင်ရှိမြင်းတို့သည်လည်းကောင်း၊ သိန္ဓောမြင်းတို့သည်လည်းကောင်း၊ ကုဉ္စရမည်သော ဆင်ပြောင်ကြီးတို့သည်လည်းကောင်း၊ ယဉ်ကျေးကုန်မှသာလျှင် မြတ်ကုန်၏။ ကိုယ်စိတ်နှစ်ပါးကို ဆုံးမယဉ်ကျေးပြီးသောသူသည် ထိုမြင်းကောင်း၊ ဆင်ကောင်းတို့ထက် လွန်မြတ်၏။ ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၂၂)




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ အနီးကပ်တိုက်ခိုက်နည်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# ရဲလေ့ကျင့်ရေး စံပြသင်တန်းကျောင်းအဖြစ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ကော်မတီဖွဲ့စည်းပေးမည်

## သင်တန်းသား၊ ဆရာများနဲ့ဆွေးနွေးပြီး အတ္တမပါဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီး အဆင့်မြင့်မားလာဖို့ အကြံပြု

**နေပြည်တော် ဇွန် ၈**

ရဲသင်တန်းသားများ၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များကို ဖြည့်ဆည်းမပေးနိုင်လျှင် အဖိုးတန်ရဲများမွေးထုတ်ပေးရာတွင် ပြဿနာရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်းကို ရဲတပ်ဖွဲ့ သင်တန်းကျောင်းများ၏ စံပြသင်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားပြီး လိုအပ်သည့် အခြေခံလိုအပ်ချက်များကို ကော်မတီဖွဲ့စည်းကာ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းတွင် ယနေ့ကျင်းပသည့် အကြမ်းဖက်တိုက်ဖျက်ရေးအနီးကပ်တိုက်ခိုက်နည်းနှင့် လေ့ကျင့်ရေးသင်တန်းသူများ၏ လက်တွေ့အသုံးချဖမ်းဆီးထိန်းသိမ်းနည်းသရုပ်ပြပွဲအခမ်းအနားအပြီးတွင် ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းတို့ပါဝင်သည့် တာဝန်ရှိသူများနှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိအမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းသို့ သွားရောက်ကာ သရုပ်ပြပွဲအခမ်းအနားကိုတက်ရောက်ခဲ့ကြပြီး သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းသူများနှင့် တွေ့ဆုံခဲ့သည်။

ပထမဦးစွာသတင်းရဲတပ်ဖွဲ့အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနမှ အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ အနီးကပ်တိုက်ခိုက်နည်းသရုပ်ပြခြင်းဆိုင်ရာများဖြစ်သည့် တစ်ဦးချင်းနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရင်းနှီးမြှုပ်နှံရန် တင်ပြအဆိုပြုထားသော အဆိုပြုလွှာပေါင်း ၁၀၀ ကျော်ရှိ

## အသစ်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ခွင့်ပြုသွားမည်

**ရန်ကုန် ဇွန် ၈**

မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် ပြည်တွင်းပြည်ပကုမ္ပဏီများက စိတ်ဝင်တစား အဆိုပြုတင်ပြထားသော အဆိုပြုလွှာပေါင်း ၁၀၀ ကျော်ရှိနေပြီး ၂၀၁၆ ခုနှစ် ဇွန် ၇ ရက် ရက်စွဲဖြင့် ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ကာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် မဖွဲ့နိုင်သေးခင်မှာလည်း လုပ်ငန်းတွေကို ရပ်မထားဘူး။ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာတွေ လက်ခံပေးနေတယ်။ အဖွဲ့က စိစစ်ရမယ့်ကိစ္စလေးတွေ စိစစ်ပေးနေတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖွဲ့စည်းပြီးတာနဲ့ ချက်ချင်းအတည်ပြုလို့ရအောင် ပြင်ဆင်ထားပေးပါတယ်။ လောလောဆယ် ကျွန်တော်တို့လက်ထဲမှာက စိစစ်ထားတဲ့ အဆိုပြုလွှာပေါင်း ၁၀၂ ခုရှိတယ်။ နိုင်ငံခြားက အဆိုပြုထားတာ ၅၀ လောက်ပါတယ်။ မြန်မာနိုင်ငံက တစ်ဝက်လောက်ရှိတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ဇွန် ၆ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့သော မြန်မာ- အမေရိကန် စီးပွားရေးဆွေးနွေးပွဲတွင် ဖြေကြားခဲ့သည်။

လက်ရှိတွင် တင်ပြအဆိုပြုထားသော အဆိုပြုလွှာများတွင် စက်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုများရှိပြီး အပတ်စဉ် အဆိုပြုလွှာပေါင်း ငါးခုမှ ၁၀ ခုကြား တင်ပြမှုများကို စိစစ်လျက်ရှိသည်ဟု သိရသည်။ အစိုးရသစ်တက်ပြီး ယခုဘဏ္ဍာရေးနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအသစ်ဝင်လာခြင်း မရှိသေးဘဲ အဆိုပြုလွှာများ တင်ပြထားဆဲသာဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖွဲ့စည်းပြီးနောက် အဖွဲ့က စိစစ်အတည်ပြုသွားမည်ဖြစ်ရာ လက်ရှိအဆိုပြုလွှာများကို စိစစ်အတည်ပြုသွားမည်ဟု သိရသည်။

နိုင်ငံတကာမှလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိပြီး ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် လက်ရှိဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကြောင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**




ကြေးမုံ

# တွဲလက်ညီဟန်ချက်မျှသော လူ့အဖွဲ့အစည်းကို ဖန်တီးကြပါစို့

ဇွန်လ ၆ ရက်နေ့က US- Myanmar Economic Relations: The Next Phase ကွန်ဖရင့်ကို ကျင်းပခဲ့ပါသည်။ ရန်ကုန်မြို့ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဤကွန်ဖရင့်၌ အမေရိကန်ကုန်သည်များအသင်းက အမေရိကန်-မြန်မာ စီးပွားရေးမူဝါဒဆိုင်ရာ စက္ကူဖြူစာတမ်းကို တင်ပြခဲ့ပါသည်။ အဆိုပါစက္ကူဖြူစာတမ်းတွင် ဖော်ပြထားသော အကြံပြုချက်များ၌ မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုအထူးအခွင့်အရေးများ (Generalized System of Preferences-GSP) ပြန်လည်ပေးအပ်ရန်လည်း ပါဝင်ပါသည်။ ကုန်သွယ်မှုအထူးအခွင့်အရေးများ (GSP)သည် မဖွံ့ဖြိုးသေးသော နိုင်ငံများအား အခွန်သက်သာခွင့်ပေးရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုအထူးအခွင့်အရေးများပြန်လည်ရရှိပါက အမေရိကန်နိုင်ငံသို့ ထုတ်ကုန်အမယ်များစွာ တင်ပို့နိုင်သောအခွင့်အလမ်းကို ရရှိမည်ဖြစ်ပါသည်။ ဤအခွင့်အလမ်းသည် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှုကို မြှင့်တင်ပေးမည်ဖြစ်ပြီး နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၌ အရေးပါသော ခြေလှမ်းတစ်လှမ်းဖြစ်လာမည်ဖြစ်ပါသည်။

ကုန်သွယ်မှုအထူးအခွင့်အရေးများ (GSP)နှင့် အသေးစား၊ အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများ (SME)ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို ယှဉ်တွဲဆက်စပ်သုံးသပ်ရန် လိုအပ်သည်ဟု ယူဆပါသည်။ မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စားစက်မှုကုန်ထုတ်လုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်ရန် အရင်းအနှီး၊ ချေးငွေ၊ နည်းပညာနှင့် စီမံခန့်ခွဲမှုတို့လိုအပ်သကဲ့သို့ ထွက်ရှိလာမည့် ထုတ်ကုန်ပစ္စည်းများတင်ပို့ရန် တင်ပို့နိုင်သည့်ဈေးကွက် လိုအပ်ပါသည်။ ကုန်သွယ်မှုအထူးအခွင့်အရေးများ (GSP) သည် အမေရိကန်ဈေးကွက်သို့ တင်ပို့နိုင်သည့်အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ဤအခြေအနေကောင်းက မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စားစက်မှုကုန်ထုတ်လုပ်ငန်းများ (SME) တွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာစေရန် လှုံ့ဆော်တွန်းအားပေးမည်ဖြစ်ပါသည်။ အသေးစား၊ အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများ (SME) အရှိန်အဟုန်တိုးပွားလာပါက အလုပ်အကိုင်အခွင့်အလမ်းများကို တိုးချဲ့ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ နည်းပညာသစ်များ အသေးစား၊ အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများ (SME)သို့ ဝင်ရောက်လာရေးကိုလည်း တွန်းအားပေးဆွဲဆောင်သွားမည်ဖြစ်ပါသည်။ ခေတ်မီစီမံခန့်ခွဲမှု နည်းစနစ်သစ်များကျင့်သုံးလာစေမည့် ရေခံမြေခံကောင်းကိုလည်း ဖန်တီးပေးမည်ဖြစ်ပါသည်။ အထူးသဖြင့် အမျိုးသမီးလုပ်သားအင်အား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရသော အထည်ချုပ်လုပ်ငန်းများသည် ကုန်သွယ်မှုအထူးအခွင့်အရေးများ(GSP) ပြန်လည်ရရှိခြင်းနှင့်အတူ တိုးတက်မှုအရှိန်အဟုန် မြန်ဆန်လာနိုင်ပါသည်။

သို့သော် ဤအခြေအနေကောင်းများသည် အလိုအလျောက် ဖြစ်ပေါ်လာမည်မဟုတ်ပါ။ အခွင့်အလမ်းကောင်းများကို ပြည့်ပြည့်ဝဝ ထိထိရောက်ရောက် အသုံးချမည့်လုပ်ငန်းရှင်များ လိုအပ်ပါသည်။ နိုင်ငံတော်ယန္တရားများကလည်း လုပ်ငန်းရှင်များကို စွမ်းဆောင်ရည်ရှိရှိ ကူညီပံ့ပိုးပေးရန် လိုအပ်ပါသည်။ တွဲလက်ညီဟန်ချက်မျှသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရေး၌ ဖြစ်ထွန်းလာသော အကျိုးစီးပွားကို မျှဝေခံစားခြင်းက အခြေခံလိုအပ်ချက်ဖြစ်သည်။ အသေးစား၊ အလတ်စားစက်မှုကုန်ထုတ်လုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်လာပါက လုပ်ငန်းရှင်များက လုပ်သားများ၏ လုပ်ခလစာ တိုးမြှင့်ပေးလာနိုင်မည်ဖြစ်ပါသည်။ လုပ်သားများ၏ လုပ်ခလစာမြင့်မားလာခြင်းသည် လုပ်သားများ၏ဘဝကို တိုးတက်စေပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးကို ထပ်ဆင့်တွန်းအားပေးသွားမည်ဖြစ်ပါသည်။ ဤသို့သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်သည် ဖြစ်ထွန်းလာသော အကျိုးစီးပွားတို့ကို ပြည်သူလူထုထံ ပြန်လည်ဖြန့်ဝေပေးသကဲ့သို့ နိုင်ငံတော်အနာဂတ် ဖြောင့်ဖြူးသာယာရေးအတွက် တွန်းအားကောင်းတစ်ရပ်ကိုလည်း ဖြစ်စေပါသည်။ ပြောရမည်ဆိုပါက ဒီမိုကရေစီလူ့အဖွဲ့အစည်းနှင့်စပ်ဟပ်သော ဖွံ့ဖြိုးတိုးတက်မှုပုံစံဖြစ်ပါသည်။ အာဏာရပုဂ္ဂိုလ်များ၏ လုပ်ပိုင်ခွင့်အာဏာကိုလက်ကိုင်ပြုပြီး အထူးသီးသန့် အခွင့်အရေးများ ရယူကျင့်သုံးသော စီးပွားရေးလုပ်ငန်းများသည် လူနည်းစုတစ်ရပ်အတွက်သာ အကျိုးရှိစေပြီး တိုင်းပြည်၌ ဆင်းရဲချမ်းသာကွာဟချက်ကို ကြီးမားစေပါသည်။ အထူးသီးသန့် အခွင့်အရေး အခြေပြုဖွံ့ဖြိုးတိုးတက်မှုပုံစံသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းနှင့် စပ်ဟပ်ကိုက်ညီမှုမရှိသော ဖွံ့ဖြိုးတိုးတက်မှုပုံစံဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက ကုန်သွယ်မှုအထူးအခွင့်အရေး (GSP) သည် ဒီမိုကရေစီလူ့အဖွဲ့အစည်းနှင့် စပ်ဟပ်သော ဖွံ့ဖြိုးတိုးတက်မှုပုံစံဖြစ်ပေါ်ရေး၌ တစ်နည်းတစ်ဖုံတွန်းအားဖြစ်ပေါ်စေ၍ မြန်မာနိုင်ငံအတွက်သာမက အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာကြီးအတွက်လည်း ကောင်းကျိုးဖြစ်ပေါ်စေမည်သာဖြစ်ပါသည်။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် စင်ကာပူဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ Parkroyal ဟိုတယ် ပတ္တမြားခန်းမ၌ တွေ့ဆုံကြသည်။



တွေ့ဆုံစဉ် အာဆီယံတည်ငြိမ်အေးချမ်းရေးနှင့် ကမ္ဘာ့တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံအသိုက်အဝန်းအတွင်း၌ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်နိုင်မည့်အခြေအနေများ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေး၊ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေး လုပ်ဆောင်နေမှုများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# (၁၁)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

စွယ်စုံမီဒီယာဂရု(ပ်) (SweSone Media Group) ၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် (၁၁) ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ၇-၆-၂၀၁၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

(၁၁) ကြိမ်မြောက် သုတစွယ်စုံစာပေဆု ရရှိသူများမှာ သုတစွယ်စုံတစ်သက်တာစာပေဆုအတွက် **ဆရာဦးစိန်တင် (တက္ကသိုလ်စိန်တင်)**၊ စာပဒေသာဘာသာရပ်အတွက် "ကျွန်တော်နဲ့ . . . ဆောင်းပါးများစုစည်းမှု" စာအုပ်ဖြင့် **ပါမောက္ခဒေါက်တာအောင်ထွန်းသက်**၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် "ဦးသန့်၊ ကုလသမဂ္ဂနှင့် အတွင်းရေးမှူးချုပ်များ" စာအုပ်ဖြင့် **ထွန်းသစ်**၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်အတွက် "ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်ခဲ့သူနှင့် စာပေလူကြမ်းမင်းသား" စာအုပ်ဖြင့် **ဝင်းငြိမ်း**၊ နိုင်ငံတကာရေးရာဘာသာရပ်အတွက် "အနောက်ကမ္ဘာသို့ ခရီးသွားခြင်း" စာအုပ်ဖြင့် **သတိုးလွင်(ပထဝီဝင်)**၊ ဝိဇ္ဇာဘာသာရပ်အတွက် "ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း(ပထမမြန်မာနိုင်ငံတော်)"စာအုပ်ဖြင့် **ကျော်ကျော်လှိုင် (SMART)**၊ အသုံးချသိပ္ပံဘာသာရပ်အတွက် "လက်ပံတောင်းတောင်၊ ကြေးစင်တောင်၊ စံပယ်တောင်၊ မြန်မာ့ကြေးနီသတ္တုသိုက်နှင့် ကမ္ဘာ့ကြေးနီသတ္တုသိုက်များ" စာအုပ်ဖြင့် **ပန်းတနော် ခင်မောင်မြင့်**တို့ ရရှိကြောင်း သိရသည်။




အဆိုပါဆုများကို တစ်သက်တာစာပေဆုအတွက် ငွေကျပ်သိန်း ၂၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီချီးမြှင့်မည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် ယခုလအတွင်း ကျင်းပရန် စီစဉ်လျက်ရှိ၍ ဆုချီးမြှင့်မည့်ရက်၊ အချိန်နှင့်နေရာကို ဆက်လက်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်)ဖုန်း-၀၁-၃၈၅၂၉၃၊ ၃၉၂၇၃၉၊ ၃၇၄၄၀၀ တို့သို့ အမြန်ဆက်သွယ်သတင်းပေးပို့ကြရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် (၁၁)ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၁၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ၁၂ ဆု ချီးမြှင့်ရန်လျာထားသော်လည်း ယခုနှစ်အတွက် ဘာသာပြန်၊ လူမှုစီးပွား၊ နိုင်ငံရေးစာပေ၊ လူငယ်စာပေနှင့် သုတသိပ္ပံဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆု ခုနစ်ဆုသာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာပြည့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန်လ ၁၈ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ ပီအံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၅၁



# စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်၏ဇနီး မစ္စစ် ဟိုချင်း နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၈**

နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်၏ဇနီး မစ္စစ် ဟိုချင်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဧည့်သည်တော် စင်ကာပူဝန်ကြီးချုပ်၏ဇနီး ဦးဆောင်သည့်အဖွဲ့ဝင်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်နန္ဒာမွန်းနှင့် ညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်တို့က အမျိုးသားပြတိုက်အတွင်းရှိ ပြခန်းများအား လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ Junction အဆင့်မြင့်ဈေးဝယ်စင်တာသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် စင်ကာပူဝန်ကြီးချုပ်၏ဇနီး မစ္စစ် ဟိုချင်းတို့ ရင်းရင်းနှီးနှီးတွေ့ဆုံ

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး မစ္စစ် ဟိုချင်း တို့သည် ဇွန် ၇ ရက် ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ဇနီးနှင့် စင်ကာပူဝန်ကြီးချုပ်၏ဇနီးတို့သည် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတ၏ဇနီးက လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

# ဒေါက်တာအမ်ဘူယာ အိုင်ဇတ် မန်လိုအား မြန်မာနိုင်ငံဆိုင်ရာ မာလာဝီသမ္မတနိုင်ငံ၏ ပထမဦးဆုံးသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၉**

နယူးဒေလီမြို့အခြေစိုက် မာလာဝီသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာအမ်ဘူယာ အိုင်ဇတ် မန်လိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မာလာဝီသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပထမဦးဆုံး သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် မာလာဝီသမ္မတနိုင်ငံ၏ အဆိုပြုချက်ကို သဘောတူပြီးဖြစ်ပါသည်။

ဒေါက်တာ အမ်ဘူယာ အိုင်ဇတ် မန်လိုကို ၁၂-၃-၁၉၅၈ ရက်နေ့တွင် မာလာဝီသမ္မတနိုင်ငံ ချီရာဇုလုဒေသတွင် မွေးဖွားခဲ့ပါသည်။ ဗြိတိန်နိုင်ငံ ဟဲလ်တက္ကသိုလ်မှ ၁၉၉၄ ခုနှစ်တွင် တွေးခေါ်မှုပိုင်းဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် စီမံခန့်ခွဲမှုနည်းစနစ်များနှင့် သိပ္ပံဘာသာရပ်များဆိုင်ရာ ဒေါက်တာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ထို့နောက် ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဗြိတိန်နိုင်ငံ ဟန်းဘားဆိုက်ဒ်နှင့် လင်ကွန်းရှိုင်းယားတက္ကသိုလ်တွင် တွေးခေါ်မှုပိုင်းဆိုင်ရာကထိကအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အိုင်ဘစ်ဒိန်းမတ်ရန်ပုံငွေအဖွဲ့တွင် အာဏာရအဖွဲ့အစည်း၏ အကြံပေးအဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မိုဇမ်ဘစ်အစိုးရ ပူးပေါင်းဆောင်ရွက်မှု၏ အိုင်ယာလန်ကူညီမှုအသင်း၌ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းအကြံပေးအဖြစ်လည်းကောင်း၊ စားသောက်ကုန်ဘေးကင်းရေးနှင့် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကြီးကြပ်ရေးမှူးအဖြစ်လည်းကောင်း၊ အီးယူ-မာလာဝီ အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှု၏ အမျိုးသားပူးပေါင်းဆောင်ရွက်ရေး ကြီးကြပ်ရေးမှူးအဖြစ်လည်းကောင်း၊ အာဖရိကသမဂ္ဂဆိုင်ရာ အာဖရိကနှင့် အခြားအာဖရိကနိုင်ငံ ၂၀ တို့၏ စီးပွားရေးကော်မရှင်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ယခုအချိန်အထိ အရှေ့အာဖရိကဒေသပိုင်းဆိုင်ရာ စားသောက်ကုန်နှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့အစည်းတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတိုင်ပင်ခံ အကြံပေးအဖြစ်လည်းကောင်း၊ ငတ်မွတ်မှုအဆုံးသတ်ရန် ပူးပေါင်းဆောင်ရွက်မှုသစ်၏ ဒေသဆိုင်ရာအရာရှိအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ ယခုအချိန်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ မာလာဝီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် နယူးဒေလီမြို့တွင်အခြေစိုက်၍ ပြည်ပနိုင်ငံ ခြောက်နိုင်ငံအား ပူးတွဲတာဝန်ယူလျက်ရှိပါသည်။ အင်္ဂလိပ်ဘာသာစကား၊ နာရမ်းဂျာဘာသာစကား၊ ပြင်သစ်ဘာသာစကားနှင့်ပေါ်တူဂီဘာသာစကားတို့ကို ပြောဆိုနိုင်ပါသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး လေးဦး ရှိပါသည်။

နယူးဒေလီမြို့ အခြေစိုက်သည့် မာလာဝီသမ္မတနိုင်ငံသံအမတ်ကြီး ဒေါက်တာအမ်ဘူယာ အိုင်ဇတ် မန်လိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မာလာဝီသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေများရှင်းလင်း

**ရန်ကုန် ဇွန် ၈**

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေများရှင်းလင်းပွဲကို ဇွန် ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက "ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေမှာပါဝင်တဲ့ သတ်မှတ်ချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းတွေမှာ ဆောင်ရွက်နေသူတွေကို ရှင်းရှင်းလင်းလင်းသိအောင် ဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ရှေးဦးအရွယ်ကလေးသူငယ်တိုင်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်တဲ့ လေ့ကျင့်ပျိုးထောင်မှုရရှိဖို့အတွက် ကျွန်တော်တို့ လူမှုဝန်ထမ်းဦးစီးဌာနတစ်ခုတည်းလုပ်ဆောင်လို့ အားလုံးမပြည့်စုံနိုင်ပါဘူး။ ပုဂ္ဂလိကမူလတန်းကြိုကျောင်းတွေ၊ ကလေးပြုစုရေးဌာနတွေ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတွေနဲ့ ရပ်ရွာအခြေပြု၊ အိမ်အခြေပြု ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းတွေရဲ့ လုပ်ဆောင်မှုများပါဝင်မှသာ ကျွန်တော်တို့နိုင်ငံရဲ့ ကလေးများအားလုံး ဘက်စုံဖွံ့ဖြိုးမှုကို အချိုးညီညီရရှိမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။



ရှေးဦးအရွယ် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး ပင်မအထောက်အကူပြုဗဟိုဌာန ကျောင်းအုပ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက အတည်ပြုပြဌာန်းလိုက်သည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေတွင်ပါဝင်သည့် အသက်ခြောက်လမှ သုံးနှစ်အရွယ်ကလေးများ ပြုစုပျိုးထောင်မည့် နေ့ကလေးထိန်းကျောင်းများ တည်ထောင်ရာတွင် ဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ အသက် သုံးနှစ်မှ ငါးနှစ်အရွယ်အထိ ပြုစုပျိုးထောင်မည့် မူလတန်းကြိုကျောင်းများဖွင့်လှစ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များ၊ ရပ်ရွာအခြေပြု၊ အိမ်အခြေပြု ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းများ စသည်တို့အတွက် စနစ်တကျဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လျှောက်လွှာပုံစံများအကြောင်းတို့ကို တက်ရောက်လာသူများအား ရှင်းလင်းပြောကြားခဲ့သည်။

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ၂၀၀၇ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ကာ ၂၀၁၂ ခုနှစ်တွင် သတင်းစာများမှတစ်ဆင့် ပြည်သူများကိုချပြခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို အတည်ပြုပြဌာန်းခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှသိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-သီသီမင်း)**

◆



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်းနှင့် ဥပဒေရေးရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်မှု ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် လွှတ်တော်ချင်းဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်မှ ကော်မတီ အတွင်းရေးမှူးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် Internews အဖွဲ့တို့ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Internews ၏ Country Director ဦးမိုက်ကယ်ပန်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# သုတဘောဂစာကြည့်တိုက် pdls စက်တပ်ဆင်ဆောင်ရွက်

**ရန်ကုန် ဇွန် ၈**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ရှိ သုတဘောဂစာကြည့်တိုက်၌ အများပြည်သူများ အလွယ်တကူ သုတ၊ ရသစာပေများ ဖတ်ရှုနိုင်ရန်အတွက် public digital library service (pdls) အား တပ်ဆင်ချိတ်ဆက်ပေးထားကြောင်း သိရသည်။ အဆိုပါ pdls စက်၌ သုတ/ရသ စာအုပ်ပေါင်း ၆၀၀၀ ကျော်ပါရှိပြီး Mobile Phone ဖြင့် လွယ်လင့်တကူ ဖတ်ရှုနိုင်ကြောင်း သိရသည်။ ယင်းစက်တပ်ဆင်ပေးသည့်အတွက် မိမိတို့ရပ်ကွက် ကလေးလူငယ်များနှင့် လူကြီးများကလည်း စိတ်ဝင်စားစွာ ဖတ်ရှုနိုင်မည်ဖြစ်ပြီး လိုအပ်သော စာပေတို့ကိုလည်း Download လုပ်ကူးယူနိုင်သည့်အတွက် ပို၍အသုံးတည့်ပါကြောင်း၊ ဤဌာနအား ကျေးဇူးတင်မိပါကြောင်း ရပ်မိရပ်ဖ ဦးသန်းဝင်းက ပြောသည်။

ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဌေးက သုံးစွဲပုံနည်းစနစ်အား ရပ်ကွက်စာကြည့်တိုက်မှ တာဝန်ရှိသူတို့နှင့် လုပ်သားပြည်သူတို့အား သေချာစွာ ရှင်းပြပေးခဲ့သည်။

**(ရွှေတိုင်လွင်)**

# စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ



**ရန်ကုန် ဇွန် ၈**

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ညနေ ၄ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

စင်ကာပူဝန်ကြီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

# စင်ကာပူနိုင်ငံသို့ ဗီဇာကင်းလွတ်ခွင့်ဖြင့် ရက် ၃၀ သွားလာနိုင်

**နေပြည်တော် ဇွန် ၈**

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့က ကွာလာလမ်ပူတွင် လက်မှတ်ရေးထိုးခဲ့သော ဗီဇာကင်းလွတ်ခွင့် အာဆီယံသဘောတူညီချက်မူဘောင်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် စင်ကာပူသမ္မတနိုင်ငံအစိုးရတို့သည် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ရည်ရွယ်၍ နှစ်နိုင်ငံ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအနေဖြင့် ရက်ပေါင်း ၃၀ ထက် မကျော်လွန်စေဘဲ နေထိုင်ခွင့်ပြုသည့်ဗီဇာ ကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သံတမန်စာချွန်လွှာကို လဲလှယ်ခဲ့ပြီးဖြစ်သည်။ ယင်းအပြန်အလှန် ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ သက်ဝင်မည်ဖြစ်ရာ နှစ်နိုင်ငံခရီးသွားပြည်သူများ အကျိုးခံစားရမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဦးမြင့်စိုး ကမ္ဘောဒီးယားဘုရင်မင်းမြတ်ထံ သံအမတ်ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် ဇွန် ၉**

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်စိုးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဖနောင်ပင်မြို့၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

# လေးနှစ်ခွဲအတွင်း ဧရာဝတီနှင့် ချင်းတွင်းတွင် ရေကြောင်းသွားလာမှုပိုမိုကောင်းမွန်အောင်လုပ်ဆောင်သွားမည်

**နေပြည်တော် ဇွန် ၈**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနှင့် ဗိုလ်အောင်ကျော်တံတားအကြား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သော မြေဧရိယာ ဧက ၂၀ ခန့်ကို အသုံးပြု၍ ကောင်းမြန်မာအောင် သင်္ဘောကုမ္ပဏီမှ MIC ခွင့်ပြုချက်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေခြင်းအား ရပ်ဆိုင်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၅ ဦးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က ထောက်ခံဆွေးနွေးကြပြီး ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယင်းစီမံကိန်းတွင် ကောင်းကျိုးထက် ဆိုးကျိုးပိုများသည်ကို တွေ့ရှိရကြောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန် ဖြစ်သော်လည်း ယခုစီမံကိန်းသည် အန္တရာယ်ကြီးမားသည့်အတွက်ကြောင့် စွန့်စား၍မလုပ်သင့်ကြောင်း သဘောထားမှတ်ချက်ပြုခဲ့သည်။

ယနေ့အစည်းအဝေးတွင် ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၏ **ဖာပွန်မြို့နယ် ကမမောင်းမြို့နှင့် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူမြို့အကြား သံလွင်မြစ်ကိုဖြတ်၍ မြစ်ကူးကြိုးတံတားဆောက်လုပ်ပေးရန် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကမမောင်းမြို့နှင့် မြိုင်ကြီးငူတို့အား ဆက်သွယ်မည့်သံလွင်မြစ်ကူးတံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းအရှည်ပေ ၃၀၀၀ ကျော်ခန့် ရှိမည်ဖြစ်ကြောင်း၊ ၂၀၁၆ -၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ (၅)နှစ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားခြင်းမရှိပါသဖြင့် တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွှန့်၏ **ဖြူးမြို့နယ် အုတ်ဖြတ်ရွာရှိ အုတ်ဖြတ်မြစ်ကူးတံတား စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ရန် ရှိ/မရှိ** သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ယခုလက်ရှိအခြေအနေတွင် ဖြူးမြို့မှ အုတ်တွင်းမြို့နှင့်တောင်ငူမြို့တို့ကိုဖြတ်၍ မုန်းမြို့သို့ ရာသီမရွေးသွားလာနိုင်ကြောင်းနှင့် စစ်တောင်းမြစ်ကူး(အုတ်ဖြတ်) တံတားတည်ဆောက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာတင်ဌေးအောင်၏ **မြစ်ကြောင်းပြောင်းတိုက်စားမှုကြောင့် မြစ်ကမ်းပါးများပြိုကျ၍ ဆုံးရှုံးပျက်စီးမှုများနှင့် ရေကြောင်းပိတ်ဆို့မှုများအား ကြိုတင်ကာကွယ်ရန် မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အတွင်း ကျပ်တည်းသည့် ရေလမ်းကြောင်းများကို ပြုပြင်ထိန်းသိမ်းမည်ဆိုပါက ကျပ်သန်းပေါင်း ၃၉၀၀၀ လိုအပ်မည်ဖြစ်ကြောင်း၊ ရေလမ်းညွှန် အမှတ်အသားများအတွက် ကျပ်သန်းပေါင်း ၁၁၀၀၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ ၃၈ သန်းဖြင့် မန္တလေးနှင့် ညောင်ဦးကြားကို စတင်ပြုပြင်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ ပြည်ထောင်စုဘတ်ဂျက်တွင် ပိုမိုရရှိရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် RE မှစ၍ နောက်လေးနှစ်ခွဲအတွင်း ဧရာဝတီနှင့် ချင်းတွင်းတွင် ရေကြောင်းသွားလာမှု ပိုမိုကောင်းမွန်အောင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ဘတ်ဂျက်ရရှိရေးအတွက်လည်း တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ) ဦးတင်ကြိုင်၏ **ရေနံချောင်းမြို့ရှိ ညောင်လှဆိပ်ကမ်းသည် ခေတ်အဆက်ဆက်ခိုင်မာစွာတည်ရှိခဲ့ပြီး ထိန်းသိမ်းရေးဌာနမှ နှစ်ပေါင်းများစွာ**



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ရေနံချောင်းမဲဆန္ဒနယ်မှ
ဦးသာချို(ခ) ဦးတင်ကြိုင်

**မြစ်ကြောင်းထိန်းသိမ်းမှုမရှိခဲ့၍ ဆိပ်ကမ်းတိမ်ကောပပျောက်သွားခြင်းအား ပြန်လည်ဖော်ထုတ်နိုင်ရန် ရှိ၊ မရှိ** သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ညောင်လှဆိပ်ကမ်း ရေလမ်းကြောင်း ဖွံ့ဖြိုးရေးပြန်လည်ဖော်ထုတ်မည်ဆိုပါက အချိန်ယူဆောင်ရွက်ရမည့်အပြင် ကျပ်သန်းပေါင်း ၅၀၀၀၀ ကျော် ကုန်ကျနိုင်ကြောင်း၊ ဧရာဝတီမြစ်တွင် ရေလမ်းကြောင်းကြပ်တည်းသည့် ၃၄ နေရာနှင့် ချင်းတွင်းမြစ်တွင် ရေလမ်းကြောင်းကြပ်တည်းသည့်နေရာ ၂၀ ပြုပြင်ရမည်ဖြစ်သည့်အတွက် ညောင်လှဆိပ်ကမ်းကို ဆောင်ရွက်ပေးရန် အခက်အခဲရှိပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ပုဏ္ဏားကျွန်းမြို့နယ် ကျွဲခိုးမော်ကွင်းဒီရေတားတာတမံ ဆယ်ဖို့နိုင်ရန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ဖြစ်

**နေပြည်တော် ဇွန် ၈**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်မှ ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက် လေးခုအနက် ပြင်ဆင်ချက် သုံးခုကို အမျိုးသားလွှတ်တော်က ယနေ့အစည်းအဝေးတွင် သဘောတူခဲ့သည်။

အဆိုပါ ဥပဒေကြမ်း၏ ပုဒ်မ ၅ ပါ **အဖွဲ့ဝင်ငါးဦးစီကို** ဆိုသည့် စကားရပ်အား **ငါးဦးစီထက် မပိုသော အဖွဲ့ဝင်များကို** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရန် ပြည်သူ့လွှတ်တော်က သဘောတူခဲ့သော်လည်း အမျိုးသားလွှတ်တော်က **ငါးဦးစီထက် မပိုသော အရေအတွက်တူညီသည့် အဖွဲ့ဝင်များကို** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည်။



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းဝင်း



ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ
ဦးခင်မောင်လတ်

အစည်းအဝေးတွင် ဆည်မြောင်းကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ အသုံးပြုခြင်း မရှိတော့သည့် ၀ ဒသမ ၄၉ ဧကရှိ မြေနေရာတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ အုပ်ချုပ်ရေးမှူးရုံး မြေနေရာတွင် သတ်မှတ်ချက် ထားပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဝါသီးနှံပညာပေးစခန်းမြေ ၀ ဒသမ ၄၉ ဧကအား လက်ရှိအခြေအနေအရ အသုံးပြုထားခြင်း မရှိသည့်အပြင် ဝါကြိတ်စက်ရုံကို လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်မရှိသဖြင့် ဆင်ဖြူကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး မြေနေရာအတွက် အသုံးပြုမည်ဆိုပါက ဌာနအနေဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံမည်ဖြစ်ပါကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး မြေနေရာအဖြစ် သတ်မှတ်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးခင်မောင်လတ်၏ **ပုဏ္ဏားကျွန်းမြို့နယ် ကံပြင်ကျေးရွာ ကျွဲခိုးမော်ကွင်းအမှတ်(၅၀၃) ဒီရေတားတာတမံအား ဆယ်ဖို့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကံပြင်ကျေးရွာ ကျွဲခိုးမော်ကွင်းအမှတ်(၅၀၃) ဒီရေတားတာတမံကို ၁၉၇၆ ခုနှစ်တွင် နိုင်ငံတော်ရန်ပုံငွေဖြင့် ဆည်ဖို့ခဲ့ပြီး အကျိုးပြုကျေးရွာ ၇ ရွာရှိပါကြောင်း၊ ၎င်းတာတမံကို အလျား ၁၄ မိုင်နှင့် ကွန်ကရစ်တံခါး ၃ ခုတည်ဆောက်ပေးရမည်ဖြစ်ပြီး တာတမံဆယ်ဖို့ရန် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတို့တွင် လျာထားပါဝင်ခြင်း မရှိပါကြောင်း၊ ပုဏ္ဏားကျွန်းမြို့နယ် ကံပြင်ကျေးရွာ ကျွဲခိုးမော်ကွင်း အမှတ် (၅၀၃) ဒီရေတားတာတမံ ဆယ်ဖို့နိုင်ရန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ဇွန် ၉ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

❖

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦး၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် (အလုံမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် (ကျောက်ဖြူမဲဆန္ဒနယ်)၏ မိတ်ဆွေတစ်ဦး၊ မြန်မာ-တရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီမှ လေ့လာသူ ၁၅ ဦး၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် နိုင်ငံတကာဆက်ဆံရေးဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခိုင်ခိုင်ထွန်းမြင့် ဦးဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၁၇၄ ဦး၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဦးအောင်ကျော်ဆင့် ခေါင်းဆောင်သည့် ကျောင်းသား ကျောင်းသူ ၁၂၉ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ မဲဆန္ဒရှင်ပြည်သူ ၂၄၁ ဦး စုစုပေါင်း ၆၉၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၄၁) ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

**(ကြေးမုံ)**

# ရေးမြို့နယ် ကဗျာဝတံတား ဒီရေကျချိန်နိမ့်ဆင်းမှုဖြစ်ပွားခဲ့

**ရေး ဇွန် ၈**

ရေးမြို့နယ် ခေါဇာမြို့ ကဗျာဝကျေးရွာအုပ်စု ကဗျာ-ကဗျာဝသွားလမ်းပေါ်ရှိ ကဗျာဝကွန်ကရစ်တံတားသည် ဇွန် ၇ ရက် ညနေ ၃နာရီခွဲက ဒီရေကျချိန်တွင် နိမ့်ဆင်းခဲ့ကြောင်းသတင်းအရ ဇွန် ၈ ရက် နံနက်၈နာရီခွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွှန့်၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမင်း၊ ဒုတိယဦးစီးမှူးဦးဝင်းကိုကို၊ မြို့နယ်စည်ပင်မှအငယ်တန်းအင်ဂျင်နီယာ ၂ ဦးရဲရင့်ထွန်းတို့ပါဝင်သောအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးချက်များအရ ကဗျာဝကွန်ကရစ်တံတားသည် ဇွန် ၇ ရက် ညနေ ၃နာရီ ဒီရေကျချိန်တွင်စတင်နိမ့်ဆင်းခဲ့မှုကြောင့် ရေလယ်တိုင်အမှတ်P5 မှာကိုးလက်မခန့်



နိမ့်ကျခြင်း၊ရေလယ်တိုင်အမှတ်P5 ပေါ်ရှိ တံတားလက်ရန်းအနည်းငယ်ပျက်စီးခြင်း၊ ရေလယ်တိုင်အမှတ် P4-P5 ကြားနှင့် P5-P6 ကြား ယာဉ်သွားလမ်းနိမ့်ကျခြင်းတို့ဖြစ်ခဲ့သည်။ ကဗျာဝကွန်ကရစ်တံတားသည်၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၃၇၅ သန်းဖြင့် တော်ဝင်အောင်ဟိန်းကျော်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့သော(၃၇၅×၁၄)ပေအရွယ်တံတားတစ်စင်းဖြစ်ပြီး တံတားပျက်စီးမှုအတွက် ကုမ္ပဏီမှအင်ဂျင်နီယာများ၊ မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့မှ အင်ဂျင်နီယာများဖြင့် အသေးစိတ်တွက်ချက်ဆောင်ရွက်နေကြောင်း သိရသည်။

**(ထွဋ်ထွဋ်)**

# နိုင်ငံရေးစာပေအစ နဂါးနီက

## မြင့်ဆွေဦး

နိုင်ငံရေးစာအုပ်များ သမိုင်းကို ပြောမည်ဆိုလျှင် "နဂါးနီစာအုပ် အသင်းကြီး" အကြောင်းကို ပြောရမည် ဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုသမိုင်းတွင် နဂါးနီစာအုပ်အသင်းကြီးအနေဖြင့် တစ်တပ်တစ်အား ပါဝင်ခဲ့သည်။ မြန်မာ့နိုင်ငံရေး လှုပ်ရှားမှုနှင့် တစ်သားတည်း ဖြစ်ခဲ့သည်။ ထိုစာအုပ်အသင်းကြီး ထူထောင်ခဲ့သူများနှင့် ပါဝင်ရေးသားခဲ့သူများသည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို ဦးဆောင်ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးကို ရယူပေးခဲ့သည်။

သခင်နုနှင့် ဦးထွန်းအေးတို့သည် သိန်းဖေ (သိန်းဖေမြင့်) ရှိရာ အိန္ဒိယသို့ ရောက်သွားကြသည်။ သိန်းဖေက တက်ဘုန်းကြီးဝတ္ထုကို ရေးသားခဲ့ရာ သံဃာများ မကျေမနပ်ဖြစ်ပြီး ဝန်ချတောင်းပန်ရမည်ဟု အရေးဆိုသဖြင့် အမှာစာရေးပေးသူ သခင်နုသည် ဝန်ချတောင်းပန်မှုကို မလုပ်လိုသဖြင့် အိန္ဒိယသို့ ဘုရားဖူးရန် အကြောင်းပြ၍ ထွက်လာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ခြောက်လကြာမျှ နေထိုင်ခဲ့ရာ အင်္ဂလန်လက်ဝဲစာအုပ်အသင်းကြီးမှ ထုတ်ဝေသော ဆိုရှယ်လစ်ဝါဒအကြောင်း စာအုပ်များကို လေ့လာဖတ်ရှုခဲ့ရသည်။ လက်ဝဲစာအုပ်အသင်းကြီးမှ စာအုပ်များကို ဖတ်ရှုရင်းနှင့် ၎င်းတို့တွင် အကြံအစည်တစ်ခု ပေါ်လာသည်။ ထိုစာအုပ်များကို မြန်မာဘာသာသို့ ပြန်ဆို၍ စာအုပ်ထုတ်ဝေရန် ဖြစ်သည်။

လက်ဝဲဂိုဏ်း စာအုပ်အသင်းကြီးကို မြန်မာနိုင်ငံတွင် စာအုပ်အသင်းကြီးတစ်ခုတည်ထောင်၍ ဆိုရှယ်လစ်စာပေများကို စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရန် ၎င်းတို့နှစ်ဦး စိတ်ကူးမိကြသည်။

မြန်မာနိုင်ငံသို့ ပြန်ရောက်လာသည့်အခါ စိတ်ကူးခဲ့သည့်အတိုင်း စာအုပ်အသင်းကြီးတစ်ခု တည်ထောင်ရန် သူ၏ဆရာဖြစ်သူ ဒီးဒုတ်ဦးဘချိုနှင့် တိုင်ပင်ရာ ဒီးဒုတ်ဦးဘချိုက စာအုပ်အသင်းကြီးနာမည်ကို ဗေဒင်ကိန်းခန်းအရ ရွေးချယ်ပေးခဲ့သည်။ သခင်နုက စနေသား၊ ဦးထွန်းအေးကလည်း စနေသား၊ ထို့အပြင် တိုက်ဖျက်ရမည့် နယ်ချဲ့အင်္ဂလိပ်ကလည်း စနေသားဖြစ်သဖြင့် ဦးဘချိုက စနေနံ (နဂါး)ကို ဗေဒင်ကိန်းခန်းအရ (နဂါးနီ) ဟု အမည်ပေးခဲ့လေသည်။

စကော့စျေး (ဗိုလ်ချုပ်စျေး) အနောက်ဘက်တန်းမှ အခန်းအမှတ်(၁၅၁)ကို ငှား၍ ရုံးခန်းဖွင့်သည်။ စာအုပ်တိုက်အတွက် လိုအပ်သောငွေကြေးကို သခင်နုက သူ့ဇနီးသည် ဒေါ်မြရီထံမှ ငွေ ၅၀၀ တောင်း၍လည်းကောင်း၊ ဦးထွန်းအေးက ထားဝယ်ရှိ မိဘများထံမှ အင်္ဂလန်သို့ ပညာသင်သွားရန် အကြောင်းပြချက်ဖြင့် လည်းကောင်း ငွေ ၅၀၀ ရရှိခဲ့သည်။ နှစ်ဦးပေါင်း ငွေ ၁၀၀၀ ကျပ်နှင့် စတင်ခဲ့သော်လည်း အမှန်တကယ် စာအုပ်တိုက်အတွက် ရင်းနှီးငွေမှာ ၈၅၀ ကျပ်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငွေ ၁၅၀ ကို ဒီးဒုတ်ဦးဘချိုက ဒီးဒုတ်ဂျာနယ်အတွက် စက္ကူဖိုးလိုသဖြင့် ပေးလိုက်ရခြင်းကြောင့် ဖြစ်သည်။

ပြည်သူလူထုအတွင်း နဂါးနီဆိုသည်မှာ ဘာလဲဆိုသည်ကို သိရှိနိုင်ရန် ဝါဒဖြန့်ဖို့ လိုလာလေသည်။ ထို့ကြောင့် 'နဂါးနီဆိုတာ ဘာလဲ' လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ထို့အပြင် ဂီတအနုပညာဖြင့် ဝါဒဖြန့်ရန်အတွက် သီချင်းရေးဆရာ ရွှေတိုင်ညွန့်ထံ သွား၍ နဂါးနီသီချင်း ရေးပေးရန် အပ်ရလေသည်။ ရွှေတိုင်ညွန့်မှာ နိုင်ငံရေးလောကနှင့် စိမ်းနေသဖြင့် ချက်ချင်း ရေးမပေးနိုင်ခဲ့ပေ။ ထို့ကြောင့် ဆရာရွှေတိုင်ညွန့်အား နိုင်ငံရေး သဘောတရားများကို ဆွေးနွေးပြောပြခဲ့ရသည်။ ဤသို့ဖြင့် နိုင်ငံကျော် (နဂါးနီ) သီချင်း ပေါ်ပေါက်လာခဲ့လေသည်။

နဂါးနီစာအုပ်တိုက် ဖွင့်ပွဲအခမ်းအနားကို မြို့တော်ခန်းမတွင် ကျင်းပခဲ့ပြီး ဒီးဒုတ်ဦးဘချိုက အမှာစကား ပြောကြားခဲ့သည်။ နဂါးနီသီချင်းကို ရုပ်ရှင်မင်းသား ခင်မောင်ရင်က သီဆိုခဲ့ပြီး ရုပ်ရှင်မင်းသမီး သီတာခင်ထွေးက ခင်မောင်ရင်နှင့် တွဲဖက်သီဆိုကာ အကနှင့်ပါ တင်ဆက်ခဲ့လေသည်။ ဤသို့ဖြင့် နဂါးနီသီချင်းသည် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ကျော်ကြားသွားပြီး လူတိုင်း နှုတ်ဖျား၌ "အေးချမ်းသာယာမည် နဂါးနီတန်ခိုးနှင့် အမျိုးဂုဏ်တက်စေမည်" သီချင်းသံကို နေ့ရောညပါ ကြားနေရသည်မှာ ယနေ့ခေတ်တိုင် ဖြစ်သည်။

နဂါးနီစာအုပ် အသင်းကြီးကို ပြည်သူလူထုတွင်း ပျံ့နှံ့လူသိများစေရန် ကြော်ငြာစာအုပ်ကလေး တစ်အုပ်ကို ရိုက်နှိပ်၍ ဝေငှခဲ့သည်။ ထိုစာအုပ်မှာ မင်နီဖြင့် တစ်အုပ်လုံး ရိုက်နှိပ်ထားပြီး စာမျက်နှာ ၁၀ မျက်နှာရှိလေသည်။ 'တစ်လလျှင် ၁၀ ပဲတန် သော့နှင့် ကမ္ဘာ့ဘဏ်တိုက်ကြီးကို ဖွင့်လော့'ဟု ကြွေးကြော်ခဲ့လေသည်။

နဂါးနီစာအုပ်အသင်းကြီး တည်ထောင်ရသည့် ရည်ရွယ်ချက်ကိုလည်း အောက်ပါအတိုင်း ဖော်ပြခဲ့လေသည်-

နယ်ချဲ့စနစ်ကို တိုက်ရာတွင်-

(၁) ဝါဒစစ်၊ ဝါဒမှန်ကို သဘောပေါက်ပြီး စနစ်ကျစေရန်အတွက် အစီအစဉ်ရှိရမည်။

(၂) လက်ရွေးစင် နိုင်ငံရေး ဗိုလ်မှူးစစ်ကဲများ ပေါ်ပေါက်စေရန်၊

(၃) နယ်ချဲ့စနစ်ကို အခြားတစ်ဖက်မှ တိုက်နေသူတို့၏ ခြေလှမ်းအင်အားစသည်တို့ကို ချင့်ချိန်နိုင်ရန်စသည့် ရည်ရွယ်ချက်တို့ဖြင့် နဂါးနီစာအုပ်အသင်းကြီးကို များမကြာမီက တည်ထောင်ပြီးစီးပါကြောင်း။

ဤသို့ အသင်း၏ ရည်ရွယ်ချက်ကို အကျဉ်းမျှ ဖော်ပြပြီး လက်ငင်းလုပ်မည့်လုပ်ငန်းများကို အောက်ပါအတိုင်း ဖော်ပြလေသည်-

'လူတိုင်း လူတိုင်း လူတန်းစေ့သည့် အခြေအနေကို အဓိကထား၍ လက်ငင်းလုံးပန်းရမည်ဖြစ်သော မြန်မာပြည်၏ လွတ်လပ်ရေးပန်းတိုင်သို့ လျင်လျင်မြန်မြန် ပို့ဆောင်နိုင်စေရန် လွတ်လပ်ရေးတိုက်ပွဲအတွက် နိုင်ငံရေးပရိယာယ်များ ပါဝင်သည့် စာအုပ်များ၊ တစ်ကမ္ဘာလုံးရှိ လွတ်လပ်ရေးတိုက်ပွဲအတွက် ကြိုးစားနေသူတို့၏ ခြေလှမ်းများကို ဖော်ပြနေသည့် စာအုပ်များ၊ လွပ်လပ်ရေးစိတ်တဖွားဖွားပေါ်စေမည့် ဝတ္ထုများ၊ ပြဇာတ်များ၊ သွေးထိုးပေးသည့် အတ္ထုပ္ပတ္တိများကို လက်ရွေးစင်စာအုပ်အဖွဲ့ဝင်များဖြစ်သော သန်းထွန်း၊ မောင်စိုး၊ မောင်နုတို့က ရွေးချယ်၍ လွတ်လပ်ရေးလိုလားမှုတို့အတွက် လစဉ် တစ်အုပ်ကျစီ ထုတ်ဝေမည်ဖြစ်ပါကြောင်းဟူ၍ ဖြစ်လေသည်။

လစဉ် စာအုပ်များ ထုတ်ဝေမည့်အပြင် နဂါးနီသတင်းဆိုသည်မှာ စာစောင်ကိုလည်း လစဉ်ထုတ်ဝေမည့် အကြောင်းကို ဖော်ပြထားသည်။

"နဂါးနီသတင်းကို လစဉ်ထုတ်ဝေမည်။ ၎င်းသတင်းတွင် ယခုအခါ အလွန်ခေတ်စားလျက်ရှိသော ဆိုရှယ်လစ်ဝါဒ၊ ဖက်ဆစ်ဝါဒစသည့် ဝါဒများကို ဖော်ပြသော အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ စာအုပ်စာတမ်းများ၏ အမည်နှင့် ၎င်းတို့၏ ဝေဖန်ချက်များ၊ မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာပေါ်ရှိ လူငယ်များ၏ ထကြွလုပ်ကိုင်ပုံများအပြင် မစ္စတာမောင်မှိုင်း အမည်ခံဆရာကြီး ဦးလွန်း၊ ဦးဘချို၊ ပီမိုးနင်း၊ ဦးဘခိုင်၊ မြို့မဆရာဟိန်၊ တက်ဘုန်းကြီး ကိုသိန်းဖေ၊ ကိုနု၊ တက္ကသိုလ် သမဂ္ဂအသင်းဥက္ကဋ္ဌ ကိုဘဂျမ်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ကိုအောင်ဆန်းအစရှိသော ပုဂ္ဂိုလ်များ၏ ဆောင်းပါးများလည်းပါရှိမည်ဖြစ်ပါကြောင်း" နဂါးနီသတင်းကို ထုတ်ဝေမည်ဟု ကြေညာလိုက်သည်နှင့် နယ်ချဲ့အစိုးရက အာမခံငွေ ၅၀၀ တောင်းလေသည်။ ဤသို့မထုတ်ဝေရသေးသော နဂါးနီသတင်းအတွက် ကြိုတင်၍ အာမခံငွေတောင်းသည့်အခါ ဦးဘချိုပါဝင်သော "မြန်မာပြည်လုံးဆိုင်ရာ ပုံနှိပ်တိုက်အဖွဲ့" က မခံနိုင်၊ ကန့်ကွက်လေသည်။ ထို့ကြောင့် ထိုအမိန့်ကို ရုပ်သိမ်းပေးရလေသည်။

ဤကဲ့သို့ နဂါးနီစာအုပ် အသင်းကြီး သည် စာအုပ်များ ထုတ်ဝေနေရင်း တစ်ဖက်မှလည်း နိုင်ငံရေး ဝါဒများ ပျံ့နှံ့ရန် ကြိုးပမ်းခဲ့သဖြင့် တချို့က တိုင်းပြည်ကို လှည့်စား၍ စာအုပ်ရောင်းနေသည်၊ တချို့ကမူ နိုင်ငံရေး ဂိုဏ်းတစ်ဂိုဏ်း ထူထောင်နေသည်ဟု ပြောဆိုလာကြသည်။

ထို့ကြောင့် ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ထုတ် သတင်းစာများတွင် "နဂါးနီ စာအုပ်အသင်း" အကြောင်းကို အောက်ပါအတိုင်း ကြေညာခဲ့လေသည်။

'နဂါးနီသည် ယခုအခါ မှိုကဲ့သို့ ပေါက်ဖွားလျက်ရှိသော မြန်မာပြည်ရှိ နိုင်ငံရေးအသင်းအဖွဲ့များနှင့် အလားတူ စခန်းသွားရန် စင်ပြိုင်ထွက်ပေါ်လာသော နိုင်ငံရေးအသင်းမဟုတ်၊ နဂါးနီ စာအုပ်အသင်း ဆိုသည့်အတိုင်း ၎င်းသည် စာအုပ်အသင်းမျှသာ ဖြစ်လေသည်။"

ထိုသို့ ရှင်းရှင်းလင်းလင်း သဘောထားကို ထုတ်ဖော်ကြေညာခဲ့သော်လည်း အမျိုးမျိုးစွပ်စွဲ၍ နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ပြောဆိုနေကြသဖြင့် 'နဂါးနီကွ' အမည်ရှိ ကြေညာချက် တစ်စောင်ကို သန်းထွန်း၊ မောင်စိုး၊ မောင်နုတို့က လက်မှတ်ရေးထိုးကာ ဖြန့်ဝေခဲ့လေသည်။

နဂါးနီစာအုပ်အသင်းအနေဖြင့် နယ်ချဲ့စနစ်ကို တိုက်ဖျက်နေသော အင်အားများ ဖြိုဖျက်ပြိုကွဲစေလို၍ မဟုတ်၊ ဖရိုဖရဲ ဖြစ်နေသော အင်အားများကို စုစည်းလို၍ ဖြစ်သည်ဟု အတိအလင်း ကြေညာခဲ့လေသည်။

"ကျွန်ုပ်တို့သည် နိုင်ငံချဲ့စနစ်ကို တိုက်ဖျက်ရာတွင် မြန်မာပြည်၌ တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက် ဆောင်ရွက်မည့် အစည်းအရုံးကြီးတစ်ခု အလိုရှိ၏။ ၎င်း အစည်းအရုံးမှာလည်း ကျောင်းသားလူငယ်၊ အလုပ်သမား၊ လယ်သမားတို့၏ အင်အားအပေါ်၌ မှီခိုရမည်ဖြစ်၏။ ၎င်းအစည်းအရုံးမှာလည်း တိုင်းပြည်တစ်ပြည်လုံးကို လွှမ်းမိုးနိုင်သည့် အင်အားရှိရမည် ဖြစ်၏။"

"တို့ဗမာ အစည်းအရုံးသည် ထိုကဲ့သို့ အစည်းအရုံးကြီး ဖြစ်လာမည်ဟု ကျွန်ုပ်တို့ ယုံကြည်သည့်အတိုင်းလည်း ထိုကဲ့သို့ အစည်းအရုံးကြီး ဖြစ်စေရန် ကျွန်ုပ်တို့ တတ်အားသရွေ့ ဆောင်ရွက်မည် ဖြစ်၏။"

နဂါးနီစာအုပ် အသင်းကြီးမှာ စာအုပ်များ စဉ်ဆက်မပြတ် ထုတ်ဝေနိုင်ခဲ့ပြီး 'စနေ နဂါးနီ' စာစောင်ကိုပါ ထုတ်ဝေနိုင်ခဲ့သည်။ နဂါးနီစာအုပ်အသင်းကြီးမှ စာအုပ်များကို လေ့လာဖတ်ရှုကြပြီး အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု တိုက်ပွဲတွင် ပါဝင်လာကြသူများ၊ တို့ဗမာ အစည်းအရုံးဝင်သခင်များ ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့် နဂါးနီစာအုပ်အသင်းကြီးနှင့် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲသည် ခွဲခြား၍မရဘဲ တစ်သွေးတည်း တစ်သားတည်း ဖြစ်ခဲ့လေသည်။ နဂါးနီ စာအုပ်တိုက်မှ ထုတ်ဝေခဲ့သော စာအုပ်ပေါင်းမှာ ၇၂ အုပ်ရှိခဲ့သည်။ ထိုသို့ ထုတ်ဝေခဲ့သော စာအုပ်များထဲမှ နိုင်ငံရေးနှင့်ပတ်သက်သော စာအုပ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

၁။ မြန်မာပြည်နိုင်ငံရေး ရာဇဝင် (ဦးဘခိုင်)
၂။ လူမျိုးရေးတရား
၃။ သူပုန်စာရေးဆရာကြီး ဆရာအုန်း အတ္ထုပ္ပတ္တိ (မောင်သိန်းဖေ)
၄။ ကုလား၊ ဗမာ တိုက်ပွဲ (မောင်သိန်းဖေ)
၅။ ဆိုရှယ်လစ်ဝါဒ (မောင်စိုး)
၆။ ပြည်သူ့အာဏာ ပထမတွဲနှင့် ပြင်သစ် အရေးတော်ပုံ
၇။ ပြည်သူ့အာဏာ ဒုတိယတွဲ မိုးကြိုး
၈။ ဗမာ့အရေး (စာရေးဆရာ ညွန့်ပေါင်း)
၉။ လူမွဲတို့ ထွက်ရပ်လမ်း ပတွဲ (မောင်နု)
၁၀။ လူမွဲတို့ ထွက်ရပ်လမ်း ဒုတွဲ (မောင်နု)
၁၁။ ကမ္ဘာ့နိုင်ငံရေး မြေပုံ (သခင်လှဖေ)
၁၂။ ကျောင်းသားများ အရေးတော်ပုံ (သခင် ဗဟိန်း)
၁၃။ ဂျပန်သူလျှို (အယ်ဒီတာ တစ်ဦး)
၁၄။ ဂျပန်သူလျှို (ဦးဘတင်)
၁၅။ နေရှင်ဝါဒ (လှရွှေ)
၁၆။ ဗမာ့ပြဿနာ (ဦးမျိုးရှု)
၁၇။ ကမ္ဘာစစ်နှင့် ဗမာ (သခင်အောင်ဆန်းနှင့် အခြား)
၁၈။ ဂန္ဓလရာဇ် (သခင်နု)
၁၉။ ဆိုရှယ်လစ်ဝါဒနှင့် နိသျှည်း (ဦးဘတင်)
၂၀။ တို့ရှမ်းပြည် (ဦးအုန်းမြင့်)
၂၁။ ယနေ့ဗမာ (မျိုးညွန့်)
၂၂။ ယနေ့ လက်ငင်း တို့တာဝန် (သခင်သိန်းဖေ)
၂၃။ စောမွန်လှ (ဦးအုန်းမြင့်)
၂၄။ လွတ်လပ်ရေး တိုက်ပွဲ (တက္ကသိုလ် ဆုမြိုင်)
၂၅။ အရေးတော်ပုံ (မြဒေါင်းညို)

**ယခုဖော်ပြလိုက်သော စာအုပ်များမှာ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည့် နိုင်ငံရေးစာအုပ်များဖြစ်ပြီး တချို့စာအုပ်များကို ချန်လှပ်ခဲ့ပါသည်။ အပြည့်အစုံ စာအုပ်စာရင်း မဖော်ပြနိုင်သည်ကို နားလည်ပေးကြရန် ဖြစ်ပါသည်။ နဂါးနီစာအုပ်အသင်းကြီးအကြောင်းနှင့် စာအုပ်များစာရင်း အကျဉ်းချုပ်သာ ဖြစ်ပါသည်။**

**"ကျွန်ုပ်တို့သည် နိုင်ငံချဲ့စနစ်ကို တိုက်ဖျက်ရာတွင် မြန်မာပြည်၌ တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက်ဆောင်ရွက်မည့် အစည်းအရုံးကြီးတစ်ခု အလိုရှိ၏။ ၎င်းအစည်းအရုံးမှာလည်း ကျောင်းသားလူငယ်၊ အလုပ်သမား၊ လယ်သမားတို့၏ အင်အားအပေါ်၌ မှီခိုရမည်ဖြစ်၏။ ၎င်းအစည်းအရုံးမှာလည်း တိုင်းပြည်တစ်ပြည်လုံးကို လွှမ်းမိုးနိုင်သည့် အင်အားရှိရမည်ဖြစ်၏။"**

# သီပေါမြို့နယ်မှ တိုက်ပွဲရှောင်များအား နိုင်ငံသားကတ်ပြားများ ဆောင်ရွက်ပေး



**သီပေါ ဇွန် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ္မကျေးရွာအုပ်စု နားတော်ကျေးရွာမှ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်နှင့် ဝိုင်းကောင်(မြို့ဟောင်း) ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံလျက်ရှိကြသော တိုက်ပွဲရှောင်ဒေသခံပြည်သူများအား ရက်(၁၀၀) စီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းထွန်းအေးနှင့် ဝန်ထမ်းများ ဇွန် ၈ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကို ကွင်းဆင်းဆောင်ရွက်ပေးကြသည်။ **(ယာပုံ)**

အဆိုပါတိုက်ပွဲရှောင်ဒေသခံများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဒုတိယပြည်နယ်ဦးစီးမှူး(လားရှိုး) ဦးစောနိုင်နှင့် အဖွဲ့ဝင်များ၊ သီပေါမြို့နယ်မှ တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့များက အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

ယင်းနေ့က ဝိုင်းကောင်(မြို့ဟောင်း) နှင့် အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်မှ တိုက်ပွဲရှောင်ပြည်သူ ၁၂၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီး ကျန်ရှိသည့်တိုက်ပွဲရှောင်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကျောင်းသားမိဘတစ်ဦး၏ ဖွင့်ဟဝန်ခံချက်

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

ပြီးခဲ့တဲ့ဇွန်လ ၁ ရက်နေ့ကစလို့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အသစ်အတွက် စာသင်ကျောင်းတွေကို နေရာအသီးသီးမှာ တစ်ချိန်တည်းစတင်ဖွင့်လှစ်လို့ သင်ကြားနေခဲ့ကြပါပြီ။ ထိုသို့ ဖွင့်လှစ်သင်ကြားချိန်နှင့် တစ်ပြိုင်နက်တည်းဆိုသလိုမှာပဲ အခုရက်ပိုင်း နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ ဒီနှစ်မှာ စတင်ခဲ့တဲ့ KG ပညာရေးစနစ်သစ်အကြောင်း၊ ကျောင်းသား ကျောင်းသူတွေ ကျောင်းဝတ်စုံဖြူ စိမ်းဆင်မြန်းပြီး ကိုယ်စီကျောင်းတက်နေတဲ့မြင်ကွင်းအကြောင်းတွေ၊ နောက်ကျောင်းဆရာတွေနဲ့ ပတ်သက်တာတွေကို အမြင်အမျိုးမျိုး၊ ရှုထောင့်အစုံစုံကနေ ဆောင်းပါးတွေ ခပ်စိပ်စိပ်ရေးသားဖော်ပြနေကြတာကို တွေ့နေခဲ့ရပါတယ်။

ထိုရေးသားဖော်ပြတဲ့ ဆောင်းပါးတွေအပေါ် ကျောင်းသားမိဘတစ်ဦးဖြစ်တဲ့ကျွန်တော် စိတ်ဝင်တစားလေ့လာဖတ်ရှုမိခဲ့တဲ့အခါ ကျောင်းသား ကျောင်းသူတွေနဲ့ဆိုင်တဲ့အပိုင်းတွေ၊ သင်ကြားရေးအပိုင်းတွေနဲ့၊ နောက်ဆုံး ကျောင်းဆရာ ဆရာမတွေရဲ့ အပိုင်းတွေကိုပါ ပြည့်ပြည့်စုံစုံ ထောက်ပြ၊ ပြောပြနေတာကိုလည်း လေ့လာမိခဲ့ရပါတယ်။ ပညာရေးစနစ်သစ်ကို ဒီထက်ပိုမိုကောင်းမွန်လာအောင် ရေးသားအကြံပြုခဲ့ကြ၊ ဖော်ပြပေးခဲ့ကြတဲ့ စာရေးသူတွေ၊ သတင်းစာတိုက်တွေကိုလည်း ကျေးဇူးတင်ကြရမှာပါ။

ဒါပေမယ့်လည်း ကျွန်တော်မဖတ်မိတာလည်း ဖြစ်နိုင်သလို မမြင်မတွေ့မိတာလည်း ဖြစ်နိုင်တာကတော့ ကျွန်တော်တို့လို ကျောင်းသားမိဘတွေနဲ့ ပတ်သက်တဲ့အပိုင်းတွေ၊ ကျောင်းဝန်းကျင်သန့်ရှင်းရေးနဲ့ သာယာလှပရေးအပိုင်းတွေကိုတော့ ရေးသားဖော်ပြတာတွေအားနည်းနေသေးတာကို တွေ့နေရတာမို့ အခုလို ကျောင်းသားမိဘတစ်ဦးရဲ့ ဖွင့်ဟဝန်ခံချက်ရယ်လို့ ခေါင်းစဉ်တပ်ပြီး ကျွန်တော့်အနေနဲ့လည်း မိမိရဲ့ ပျက်ကွက်ခဲ့သမျှကို ရေးသားတင်ပြဖြစ်ဖို့ အကြောင်းဖန်လာတာပဲဖြစ်ပါတယ်။ ကျောင်းသားမိဘတစ်ဦးဖြစ်တဲ့ ကျွန်တော့်အပိုင်းက လုပ်ဆောင်ပေးရမယ့်တာဝန်တွေကို မပြောမီ အစိုးရသစ်အပိုင်း၊ ကျောင်းဆရာ ဆရာမတွေ၊ ကျောင်းသားတွေအပိုင်းကရယ် သူတို့ဝိုင်းဝန်းပြီး အားကြိုးမာန်တက်ဖော်ဆောင်နေတဲ့ ကိစ္စတွေကိုလည်း အရင်ပြောပြချင်ပါသေးတယ်။ ဒါတွေကတော့ . .

အခုအချိန်မှာ အစိုးရသစ်ရဲ့ ပြောင်းလဲဖော်ဆောင်လာတဲ့ နိုင်ငံရေးစနစ်သစ်နဲ့အတူ ယှဉ်တွဲပါလာတဲ့ပညာရေးစနစ်ပြောင်းလဲမှုမှာ ထင်ရှားတဲ့အချက်တွေကတော့ ဒီပညာသင်နှစ်မှာ အလယ်တန်းအထိ အခမဲ့ပညာရေးစနစ်ကျင့်သုံးတာတွေ၊ နောက် ပညာရေးရဲ့သင်ကြားရေးအပိုင်းမှာ အခြေခံအကျဆုံးအတန်းဖြစ်တဲ့ သူငယ်တန်းကို ဒီနှစ်ကစလို့ KGသင်ကြားရေးစနစ်နဲ့ စတင်နေခဲ့တာတွေ၊ ကျောင်းဝတ်စုံနဲ့ စာရေးကိရိယာတွေ၊ ဖတ်စာ စာအုပ်တွေ အခမဲ့ပေးဝေခဲ့တာတွေ၊ ပညာရေးအသုံးစရိတ်တွေကို မြှင့်တင်ပြီး သင်ထောက်ကူပစ္စည်းပြည့်စုံအောင် စီမံတာတွေ၊ ကျောင်းဆရာ ဆရာမအင်အား များများစားစား ထပ်မံခေါ်ယူဖြည့်တင်းတာတွေအပြင် မူလတန်းအဆင့်ကို မူလွန်အဆင့်မြှင့်တင်ပြီး သင်ကြားရေးအတွက် အခြေခံကျတဲ့ ကျောင်းအဆောက်အအုံတွေကို တိုးချဲ့ဆောက်လုပ်တာတွေကိုလည်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။

အစိုးရသစ်အနေနဲ့လည်း သူ့ရဲ့မူဝါဒအသစ်တွေအတိုင်း ပညာရေးစနစ်သစ်ကို ပြောင်းလဲဖော်ဆောင်လာနေသလို ပြောင်းလဲလာတဲ့ အစိုးရသစ်ရဲ့ ပညာရေးမူဝါဒအသစ်တွေအောက်မှာ ကျောင်းဆရာ ဆရာမတွေအနေနဲ့လည်း ဇွန်လ ၁ ရက်မတိုင်မီကတည်းကစလို့ သူတို့သင်ကြားကြရမယ့် KG သင်ကြားနည်းစနစ်တွေအတွက်လေ့ကျင့်ရတာတွေ၊ အချို့စည်းမျဉ်း၊ စည်းကမ်းအသစ်တွေနဲ့ရင်ဆိုင်ပြီး လိုက်နာရတာတွေအပြင် ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း ဇွန်လ ၁ ရက်နေ့ကစလို့ ကျောင်းအသီးသီးကို စတင်တက်ရောက်သင်ကြားနေကြရပြီပဲဖြစ်ပါတယ်။ ဒီလိုဆိုရင် အစိုးရရယ်၊ ဆရာရယ်၊ ကျောင်းသားတွေရယ်ကတော့ သူတို့ထမ်းဆောင်ရမယ့်တာဝန်တွေကို ကိုယ်စီကိုယ်စီ အသီးသီး စတင်ထမ်းဆောင်နေကြရပြီဆိုတော့ ဘယ်သူတွေ တာဝန်ကျေဖို့လိုတော့သလဲဆိုတာကို စဉ်းစားမိလာပါတယ်။

ကျွန်တော်ဆိုလိုချင်တာကတော့ ပညာရေးစနစ်သစ်တစ်ခုကို လမ်းသစ်ထွင်ဖောက် စတင်လျှောက်လှမ်းကြရချိန်မှာ ခက်မလုံးစုံ အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ဆိုရင် ပညာရေးမှာ အဓိက ခက်မ ၃ ဖြာဖြစ်တဲ့ မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးစလုံး တက်ညီလက်ညီ ပူးပေါင်းမှသာအောင်မြင်နိုင်မယ်။ ရေရှည်တည်တံ့ ကောင်းမွန်တဲ့ပညာရေးစနစ်သစ်တစ်ခုကို ရရှိနိုင်မယ်လို့ပြောချင်တာပါ။ ဒီအတွက်ပဲ ကျွန်တော်အထက်က ပြောခဲ့သလို ကျောင်းဆရာ ဆရာမတွေ၊ ကျောင်းသားတွေဘက်က တာဝန်တွေစတင်ထမ်းဆောင်နေပြီဆိုရင် ကျန်တဲ့ကျောင်းသားမိဘတွေဘက်က တာဝန်တွေ စတင်ထမ်းဆောင်ကြဖို့ပဲလိုတော့တာပါလို့ ဆိုလိုရင်းသာဖြစ်ပါတယ်။

ဒီလိုဆိုရင် ကျောင်းသားမိဘတွေဖြစ်တဲ့ ကျွန်တော်တို့ဘက်က ဘယ်လိုတာဝန်မျိုးတွေကိုကျေဖို့သင့်နေပြီလဲ။ ပြောင်းလဲလာတဲ့ အခြေအနေတွေအပေါ် ဘယ်လိုအချက်တွေကို လိုက်ပါပြောင်းလဲဖို့သင့်နေပြီလဲဆိုတာကို ကျွန်တော်တို့ ဆက်လက်ဆွေးနွေးကြရအောင်ပါ။ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်ဟာဆိုရင်လည်း စတုတ္ထတန်းကျောင်းသူရဲ့ ဖခင်တစ်ဦးဖြစ်သလို ယနေ့အချိန်အထိ ကိုယ့်ကိုယ်ကိုယ် ဒီပြောင်းလဲဖော်ဆောင်နေတဲ့ ပညာရေးစနစ်သစ်မှာ မိမိကိုယ်မိမိ တာဝန်မကျေသေးဘူးလို့ ခံစားနေရတဲ့သူတစ်ယောက်လည်း ဖြစ်ပါတယ်။ ဒီအတွက်ပဲ ကျန်တဲ့ကျောင်းသားမိဘတွေကို အသာထားလို့ ကျွန်တော့်အနေနဲ့ ဘာတွေတာဝန်မကျေသလဲ။ ဘာတွေကိုလိုက်ပါပြီး မဖော်ဆောင်နေသေးဘူးလဲဆိုတာကို ကျွန်တော်ပြောပြပါရစေ။

အစိုးရသစ်အနေနဲ့ရော၊ ကျောင်းဆရာ ဆရာမတွေရော သူတို့ကျောင်းတွေမဖွင့်မီ မေလလယ်လောက်ကတည်းက ကျောင်းအသီးသီးမှာ ဒီပညာရေးနှစ်အတွက် ကြိုတင်ပြင်ဆင်နေကြချိန်မှာ ကျွန်တော်တို့မိဘတွေအနေနဲ့လည်း တစ်ဖက်တစ်လမ်းက တကယ်ဆိုရင် ကြိုတင်ပြင်ဆင်သင့်ခဲ့တာပါ။ ဥပမာအနေနဲ့ ကျောင်းဝင်းအတွင်း ချုံတွေတစ်ခုမှမရှိအောင် ခုတ်ထွင်ရှင်းလင်းပေးတာမျိုးတွေ၊ နောက် ကလေးတွေအတွက် အိမ်သာတွေဝန်းကျင်နဲ့ အိမ်သာတွေကို သန့်ရှင်းရေးလုပ်ပေးရမှာမျိုးတွေ၊ စာသင်ကျောင်းဆောင်တွေအတွင်း ပိုးချည်မျှင်နဲ့ ဖုန်တွေကို ရှင်းလင်းပေးတာမျိုးတွေအပြင် အိုဟောင်းနေတဲ့ ကျောင်းအဆောင်တွေကို ဆေးတွေ သစ်လွင်တောက်ပနေအောင် ဝိုင်းဝန်းဆေးသုတ်ပေးကြရမှာမျိုးတွေ၊ နောက် ကျောင်းခြံစည်းရိုးကိုလုံခြုံအောင် ကာရံပေးပြီး ဖြူဖွေးလှပနေအောင် ထုံးလေးဖြစ်ဖြစ် သုတ်ပေးရမှာမျိုးတွေကို ကူညီအားဖြည့်ပေးသင့်ခဲ့တာပါ။ တကယ်တော့ ကျွန်တော်တို့ စိတ်ကူးလေးတောင် မရခဲ့ကြပါဘူး။

ကိုယ့်သားသမီးတွေနေမယ့်ကျောင်း၊ ကိုယ့်သားသမီးတွေ စာသင်မယ့်အခန်း၊ ကိုယ့်သားသမီးထိုင်မယ့်ထိုင်ခုံ၊ ကိုယ့်သားသမီး စာတင်ရေးမယ့်စားပွဲ၊ ကိုယ့်သားသမီးအားချိန်၊ နားချိန်မှာ ဆော့ကစားမယ့် ကစားကွင်း၊ သူတို့ဖတ်မယ့် ကျောင်းစာကြည့်တိုက်နဲ့ သူတို့မစင်စွန့်မယ့် အိမ်သာအခန်းတွေဘက်ကို ကျွန်တော်ယောင်လို့တောင် ခြေဦးမလှည့်မိခဲ့ဘူး။ ကျွန်တော်အမှန်အတိုင်းဝန်ခံပါရစေ။ ကျွန်တော်အထက်မှာပြောခဲ့ဖူးတဲ့ ကျွန်တော်တာဝန်မကျေသလို ခံစားနေရတယ်ဆိုတာ ဒါကိုဆိုလိုချင်တာပါ။

အခုလိုမိုးရာသီမှာ ခြင်ကိုက်လို့ဖြစ်ပွားတတ်တဲ့ သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကျောင်းအတွင်းက ချုံလေးတစ်ချုံ၊ အိမ်သာအနီးအနားက မြက်တောလေးကို ကျွန်တော်ရှင်းပေးသင့်ခဲ့ပါလျက်နဲ့ ကျွန်တော်တာဝန်ပျက်ကွက်ခဲ့တယ်။ ကျောင်းဝင်းအတွင်း မြက်လေးတစ်ပင်နုတ်ဖို့မဆိုထားဘဲ။ ကျောင်းဝင်းအတွင်းတောင် ကျောင်းခြံစည်းရိုးကိုကျော်လို့ ကျွန်တော်မဝင်ခဲ့ဖူးဘူး။ ကျောင်းခြံစည်းရိုးအုတ်တံတိုင်းလေးကို အမြင်လှပအောင် ထုံးလေးတစ်အိတ်လောက် လှူဒါန်းသမှုပြုပြီး ကျွန်တော်ထုံးမသုတ်ပေးခဲ့ဖူးဘူး။ ကျောင်းစာသင်ခန်းထဲက ပိုးလေးတစ်မျှင် ကျွန်တော်မရှင်းလင်းပေးခဲ့ဖူးဘူး။ ကျွန်တော်ဆိုတဲ့ ကျောင်းသားမိဘတစ်ဦးဟာ ကျောင်းသား၊ ဆရာ၊ မိဘပူးပေါင်းမှ ကလေးအတွက် ပညာရေးကောင်းမယ်ဆိုတဲ့ဆောင်ပုဒ်ကို မျက်ကွယ်ပြုလို့ မိဘတွေက ပြုကျင့်ရမယ့်တာဝန်ကို ပျက်ကွက်ခဲ့သလို ကျန်တဲ့ကျောင်းသားမိဘတွေကိုလည်း မစည်းရုံးခဲ့မိဘူး။ လုပ်ဆောင်ကြဖို့ မတိုက်တွန်း၊ မညွှန်းဆိုမိခဲ့ဘူး။

ဒါ့အပြင် ဆရာ ဆရာမတွေ စာသင်တာကခေတ်အဟောင်းကအတိုင်းပဲ ကြက်တူရွေးနှုတ်တိုက်စာချပေးနေသလိုပဲ ဘာမှမပြောင်းလဲဘူး။ ကျောင်းစာသင်ပြီးရင် ကျူရှင်ဘာညာနဲ့ ကလေးနားချိန်မရဘူး။ ပညာရေးစနစ်က ဘယ်လို၊ သူများနိုင်ငံတွေမှာဆို ဘယ်လို. . စသည်ဖြင့်သာ ကျွန်တော်ပြောဆိုကဲ့ရဲ့နေပေမယ့် ကျွန်တော့်အနေနဲ့ ကလေးပညာရေးအတွက် ကိုယ့်မြို့ရွာကျောင်းလေးအတွက် ဘာတစ်ခုမှ တာဝန်မကျေခဲ့တာအမှန်ပါ။ ဒါက ကျောင်းသန့်ရှင်းရေးဝန်ထမ်းလုပ်ရမယ့်အလုပ်ပဲ၊ ကျောင်းအုပ်ဆရာကြီးမှာ တာဝန်ရှိတယ်။ ကျောင်းဆရာ ဆရာမတွေ လုပ်လိမ့်မယ်လို့သာ ပါးစပ်ကပြောနေပြီး ခေတ်ဟောင်းက အတွေးအခေါ်ဆိုးတစ်ရပ်ကို ဆုပ်ကိုင်လို့ နောက်ကောက်ကျန်ရစ်နေသူကတော့ ကျွန်တော်သာဖြစ်နေခဲ့ပါတယ်။

ဖြစ်ဖြစ်လာသမျှကို အစိုးရကပဲလုပ်လိမ့်မယ်။ အစိုးရမှာပဲတာဝန်ရှိတယ်လို့ပြောနေတတ်ပြီး ကိုယ့်သားသမီးပညာသင်မယ့်၊ ကိုယ့်ကိုယ်ကျိုးဖြစ်လာစေမယ့် အရေးကိုတောင် လျစ်လျူရှုပြီးနေတတ်ခဲ့သူပါ။ ကျန်တဲ့ကိစ္စအရာရာမှာ ဟိုအတွက်၊ ဒီအတွက်ရယ်လို့ ခေါင်းစဉ်တွေ အမျိုးမျိုးတပ်ပြီး ငွေကြေးတွေ သုံးစွဲလှူဒါန်းနေတတ်ခဲ့ပေမယ့် ကိုယ့်ရပ်ရွာက ကိုယ့်သားသမီးနေ့စဉ် နိစ္စဓူဝ တစ်နေကုန်တစ်နေခန်း သွားလာနေထိုင်ပြီး ပညာရည်နို့ သွားသောက်စို့တဲ့ နေရာကောင်းလေးကိုတော့ ကိုယ်ပိုင်ဆိုင်တဲ့ ကိုယ်ပိုင် ငွေတိုကြေးစအနည်းငယ်ကို မျှဝေလှူတန်းဖို့ လက်တွန့်နေခဲ့မိပါတယ်။ ကိုယ်မလုပ်နိုင်ရင်တောင်မှ ထုံးလေးတစ်အိတ်ဝယ်ပြီး ကျောင်းအုပ်ဆရာကြီးထံ ခွင့်တောင်းလို့ လူငှားပြီးတော့ဖြစ်ဖြစ် ကျောင်းခြံစည်းရိုးပတ်လည် ထုံးလေးသုတ်ပေးဖို့၊ ဓားလေး တစ်ချောင်းဝယ်ပြီး ကျောင်းဝင်းအတွင်းက ချုံလေး မြက်လေးရှင်းပေးဖို့၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပနေအောင် မတ်တတ်တံမြက်စည်းလေးတစ်ချောင်း ဝယ်ပေး၊ ဝယ်လှူဖို့ ကျွန်တော်ဘာကြောင့် မတွေးဖြစ်ခဲ့ရတာလည်းဆိုတာကိုလည်း အဖန်ဖန်စဉ်းစားရင်း နောင်တရနေမိပါတယ်။

ကျွန်တော့်သမီးငယ်ကို ကျောင်းပို့၊ ကျောင်းကြိုလုပ်ရုံ၊ သမီးစာကျက်လို့ပြောရုံနဲ့သာ ကျွန်တော် တာဝန်ကျေခဲ့ပြီလို့ မှတ်ယူထားခဲ့မိတာ။ ကျောင်းစာဖတ်ရင်း ဘယ်လို စဉ်းစားပြီးတော့ဘယ်လိုဖတ်၊ ဂဏန်းသင်္ချာကို ဘယ်လိုတွက်၊ ဆရာ ဆရာမနဲ့ အကြံဉာဏ်ထွက်တောင်းပြီး ပူးပေါင်းဆောင်ရွက်ဖို့အရေး ကျွန်တော်မတွေးခဲ့ဖူးဘူး။

အချုပ်အားဖြင့် ကျွန်တော် တင်ပြလိုတာကတော့ အခုလိုပညာရေးစနစ်သစ်ကို စတင်ဖော်ဆောင်ဖို့ အချိန်ယူကာ အရှိန်ရလာနေစကာလမှာ ကျန်တဲ့ကျောင်းသားမိဘတွေအနေနဲ့လည်း ကျွန်တော့်လို မဖြစ်ကြစေဘဲ ကျောင်းသား၊ ဆရာ၊ မိဘကောင်းမှ ကလေးပညာရေးကအစ ကျောင်းဝင်းသာယာလှပရေး၊ ရောဂါဘယကင်းရှင်းရေးကောင်းမွန်လာမှာမို့ ပူးပေါင်းဆောင်ရွက်တာတွေ၊ ကူညီဖေးမတာမျိုးတွေကို အစိုးရသစ်ရဲ့ ပြောင်းလဲဖော်ဆောင်လာတဲ့ ပညာရေးစနစ်သစ်မှာ ကျွန်တော်တို့လည်း လိုက်ပါပြောင်းလဲကြပါစို့လို ကျွန်တော့်ရဲ့ကိုယ်တွေ့ဖြစ်စဉ်ကိုချပြရင်း ဝန်ခံလို့ အများကောင်းကျိုးအတွက် ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ။

> **ကျွန်တော်ဆိုလိုချင်တာကတော့ ပညာရေးစနစ်သစ်တစ်ခုကို လမ်းသစ်ထွင်ဖောက် စတင်လျှောက်လှမ်းကြရချိန်မှာ ခက်မလုံးစုံ အောင်မြင်အောင် အကောင်အထည်ဖော်ကြဖို့ဆိုရင် ပညာရေးမှာ အဓိက ခက်မ ၃ ဖြာဖြစ်တဲ့ မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးစလုံး တက်ညီလက်ညီပူးပေါင်းမှသာ အောင်မြင်နိုင်မယ်။ ရေရှည်တည်တံ့ကောင်းမွန်တဲ့ ပညာရေးစနစ်သစ်တစ်ခုကို ရရှိနိုင်မယ်လို့ ပြောချင်တာပါ။ ဒီအတွက်ပဲ ကျွန်တော်အထက်က ပြောခဲ့သလို ကျောင်းဆရာ ဆရာမတွေ၊ ကျောင်းသားတွေဘက်က တာဝန်တွေ စတင်ထမ်းဆောင်နေပြီဆိုရင် ကျန်တဲ့ကျောင်းသားမိဘတွေဘက်က တာဝန်တွေ စတင်ထမ်းဆောင်ကြဖို့ပဲလိုတော့တာပါလို့ ဆိုလိုရင်းသာဖြစ်ပါတယ်။**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်းတွင် လှည့်လည်ကြည့်ရှုစဉ်။

**ရွှေဖုံးမှ**

အနီးကပ်တိုက်ခိုက်သည့် "ခတ္တာပြကွက်" အပါအဝင် အနီးကပ်တိုက်ခိုက်ခြင်း ပြကွက် (၁၀)ခုအား ပြသမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်းမှ သင်တန်းသူများက မသင်္ကာသူတစ်ဦးအားရှာဖွေခွင့်တောင်းခံပြီးရှာဖွေခြင်း၊ ခန္ဓာကိုယ်အားအသေးစိတ်ရှာဖွေခြင်း၊ တရားခံအားထိန်းချုပ်ခြင်း၊ ရန်ပြုလာသူအား ဖမ်းဆီးထိန်းချုပ်ကာ ရဲစခန်းသို့ ထိန်းသိမ်းခေါ်ဆောင်သွားခြင်း ဆိုင်ရာသရုပ်ပြကွက် စသည့် လက်တွေ့အသုံးချဖမ်းဆီးထိန်းသိမ်းနည်းများကို သရုပ်ပြသကြသည်။

သရုပ်ပြအခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများအား အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းမှ တာဝန်ရှိသူများက သင်တန်းကျောင်း၏ သမိုင်းအကျဉ်းနှင့် လက်ရှိအခြေအနေများကို လည်းကောင်း၊ အဆင့်မြင့် သင်တန်းသားဦးရေ ၁၀၈၆၇ ဦးနှင့် အခြေခံရဲတပ်သား ၅၅၃၈၄ဦးအထိ ဖွင့်လှစ်နိုင်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊လက်ရှိတွင် အမျိုးသမီး (ရဲတပ်သားသစ်) လေ့ကျင့်ရေးကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့မှုနှင့် တပ်ဖွဲ့ဝင်အင်အားများကိုလည်းကောင်း၊ လေ့ကျင့်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းကျောင်းအတွင်း အခြေခံလိုအပ်ချက်များဖြစ်သည့် ရဲဝတ်စုံလုံလောက်မှုရှိ/မရှိ၊ လျှပ်စစ်မီး၊ သောက်သုံးရေဖူလုံစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အဆောက်အအုံလိုအပ်ချက်များကိုထောက်ပြဆွေးနွေးခဲ့ပြီး အဆိုပါသင်တန်းကျောင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖွင့်လှစ်သည့် ရဲလေ့ကျင့်ရေးကျောင်းများအနက် စံပြသင်တန်းကျောင်းအဖြစ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အခြေခံလိုအပ်ချက်များကို ဦးစွာဖြည့်ဆည်းဆောင်ရွက်ပေးရန် ကော်မတီဖွဲ့စည်းပေးမည်ဖြစ်သည့်အပြင် နိုင်ငံတကာရဲသင်တန်းကျောင်းများနှင့် ကိုက်ညီသည့် စံပြသင်တန်းကျောင်းတစ်ခုအဖြစ် ကြိုးပမ်းပေးသွားမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့ဆိုင်ရာ စာတွေ့သင်ကြားနေမှုများကိုလိုက်လံကြည့်ရှုခဲ့ပြီး သင်တန်းသူတစ်ဦးချင်းအလိုက် လိုအပ်ချက်များနှင့် သင်တန်းတက်ရောက်စဉ် ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကိုမေးမြန်းဆွေးနွေးခဲ့သည်။ ထို့ပြင်သင်တန်းမှ မျှော်လင့်ထားသည့် အရည်အသွေးများနှင့် ရဲတပ်ဖွဲ့ဝင်ရဲမေတစ်ဦးအနေဖြင့် လိုအပ်သည့် စိတ်ဓာတ်အရည်အသွေးဆိုင်ရာများကိုရှင်းလင်းဆွေးနွေးခဲ့သည်။

"ရဲသင်တန်းသားတွေရဲ့ လိုအပ်ချက်တွေ၊ မျှော်လင့်ချက်တွေကို မဖြည့်ဆည်းပေးနိုင်ရင် အဖိုးတန်တဲ့ ရဲတွေမွေးထုတ်ပေးတဲ့နေရာမှာ ပြဿနာရှိနိုင်ပါတယ်။ ရဲသင်တန်းကိုအကောင်းဆုံးဖြစ်အောင်မြှင့်တင်ပေးချင်ပါတယ်။ နေ့ချင်းညချင်း ဖြစ်နိုင်ဖို့ဆိုတာတော့ မလွယ်ပါဘူး။ ကိုယ့်နိုင်ငံရဲ့ ဘဏ္ဍာရေးအခြေအနေအရလုပ်ပေးရမှာပါ။ သင်တန်းသားတွေအနေနဲ့လည်း ဆရာတွေနဲ့ ဆွေးနွေးတင်ပြပြီး အတ္တမပါဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီးတစ်ခုလုံး အဆင့်မြင့်မားလာဖို့ အကြံပြုသင့်တယ်"ဟု သင်တန်းသူရဲမေများနှင့် သင်ကြားရေးတာဝန်ခံများအား ဒေါ်အောင်ဆန်းစုကြည်က မှာကြားခဲ့သည်။

ထို့နောက် သင်တန်းကျောင်းအတွင်းရှိတပ်ခွဲများ၊ သင်တန်းအိပ်ဆောင်များနှင့် သင်တန်းကျောင်းမှ အိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နေထိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် တာဝန်ချထားမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်း-ခင်ရတနာ၊ဓာတ်ပုံ-မေဦးမိုး**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရဲတပ်ဖွဲ့ဝင်များ၏မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀။)**

**၁၃၇၈ခုနှစ်၊နယုန်လဆန်း ၃ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၈၉။(က)လွှတ်တော်တွင်တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်းလွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီအစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။)**

**၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၈၉။(က) လွှတ်တော်တွင်တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်းလွှတ်တော်ဥက္ကဋ္ဌကကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင်လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီအစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။)**

**၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉၊ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၈၉။(က)လွှတ်တော်တွင်တစ်စုံတစ်ရာသောအကြောင်းကြောင့်လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင်လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါပြဋ္ဌာန်းချက်များကိုမဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီအစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်နှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၈**

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်နှင့် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ Parkroyal ဟိုတယ် ပတ္တမြားခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သူရဦးအေးမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးတင်နိုင်သိန်း၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုးနိုင်၊ ဦးခင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❑

# ပထမအကြိမ် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးအထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး အထိမ်းအမှတ်အခမ်းအနားကျင်းပရေးကော်မတီတို့မှ ကြီးမှူးကျင်းပသည့် ပထမအကြိမ် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျှံနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပထမအကြိမ် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနေ့ ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ပထမအကြိမ် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာဖြင့် တည့်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

■ **ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ**

ပိုမိုကောင်းမွန်လာမည့် အခြေအနေများကို မျှော်မှန်းကာ ၂၀၁၆ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန် စောင့်ကြည့်လျက်ရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဇွန်လ ၇ ရက် ရက်စွဲဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၆ ဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သောကြောင့် ယခုဘဏ္ဍာနှစ်အစမှ ယနေ့အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရင်းနှီးမြှုပ်နှံရန် တင်ပြအဆိုပြုထားသော အဆိုပြုလွှာများကို စိစစ်ကာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီး ဥက္ကဋ္ဌအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အတွင်းရေးမှူးအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး တို့အပါအဝင် အဖွဲ့ဝင်များတွင် အငြိမ်းစားအစိုးရအရာရှိကြီးများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်တို့ ပါဝင်သည်။ **(ဆုနှင်းလဲ့)**

✰ **ကျော့ဖုံးမှ**

"အစ်မတို့အနေနဲ့ နိုင်ငံကိုယ်စားပြု အလှမယ်တစ်ယောက်ကို ရွေးချယ်တော့မယ့်အခါမှာ ပြိုင်ပွဲဝင်တွေအနေနဲ့ ဒီပြိုင်ပွဲကြီးအပေါ်ထားတဲ့ ခံယူချက်၊ တန်ဖိုးထားမှု ဘယ်လောက်ရှိလဲဆိုတဲ့အပေါ် အဆင့်ဆင့်ရွေးချယ်ခဲ့တယ်။ Miss Global ပြိုင်ပွဲက အမျိုးသမီးတစ်ယောက်ရဲ့ လှပခြင်း၊ ကိုယ်ပိုင်စွမ်းဆောင်ရည်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုစတဲ့ စံသတ်မှတ်ချက်တွေကို အဓိကထား ယှဉ်ပြိုင်ရတာဆိုတော့ ပြိုင်ပွဲနဲ့ကိုက်ညီတဲ့အရည်အချင်းရှိသူကို ရွေးချယ်ပေးလိုက်တာပါ" ဟု World-Class Myanmar မှ CEO ဒေါ်အိမွန်ခိုင်က ပြောသည်။

အလှမယ် ဆုပွင့်ဦးသည် အသက် (၂၅) နှစ်၊ အရပ် ၅ ပေ ၆ လက်မရှိပြီး UK နိုင်ငံ Newcastle မြို့မှ B.A (Hons) Business with Human Resource Management၊ Australia နိုင်ငံ Southern Cross တက္ကသိုလ်မှ Advanced Diploma in International Business Management၊ UK နိုင်ငံ Bradford တက္ကသိုလ်မှ Diploma in Business Management နှင့် LCCI Level 3 စသည့် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ်များဖြင့် ဘွဲ့၊ ဒီပလိုမာဘွဲ့များ အသီးသီးရရှိထားသူဖြစ်သည်။

သူသည် ဂျယ်လီအဖွဲ့မှ အဆိုတော်တစ်ဦးအပြင် ပွင့်ဦးပရိဘောဂကုမ္ပဏီလီမိတက်၏ တွဲဖက်ဒါရိုက်တာတစ်ဦးလည်းဖြစ်သည်။ ခရီးသွားခြင်း၊ ရေကူးခြင်း၊ စာဖတ်ခြင်းနှင့် လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများတွင် ဝါသနာပါသူတစ်ဦးဖြစ်သည်။

ယင်းအပြင် ၂၀၁၃ ခုနှစ်၌ The Face shop မှ ပြုလုပ်သည့် အလှမယ်ပြိုင်ပွဲတွင် ဆုရခဲ့ခြင်းကြောင့် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် နာမည်ကြီးရုပ်ရှင်မင်းသားကျီဟိုပေးအပ်သည့်သရဖူကို ရရှိခဲ့သူတစ်ဦးဟု သိရသည်။

"ပြိုင်ပွဲဝင်တွေအများကြီးထဲမှ အဆင့်ဆင့်ယှဉ်ပြိုင်ပြီး ရွေးချယ်ခံလိုက်ရတော့ အလွန်ပဲဝမ်းသာပါတယ်။ တခြားနိုင်ငံတွေနဲ့ရင်ပေါင်တန်းပြီး ကိုယ့်နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရတော့မယ်ဆိုတော့ မတူတဲ့အတွေ့အကြုံတွေ၊ အားသာချက်တွေ၊ အားနည်းချက်တွေရှိပါတယ်။ ဒါတွေကို ပြင်ပြီး အကောင်းဆုံးကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ပြိုင်ပွဲမှာ မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ အရည်အချင်း၊ ကိုယ့်နိုင်ငံရဲ့ယဉ်ကျေးမှုကို ထင်ဟပ်စေမယ့် အနုပညာကကွက်ဆန်းတွေနဲ့ ပြိုင်ပွဲဝင်သွားဖို့ ပြင်ဆင်သွားမှာပါ။ အကောင်းဆုံးကြိုးစားသွားမှာမို့ ပရိသတ်ကြီးရဲ့ အားပေးမှုခွန်အားလည်း လိုအပ်ပါတယ်လို့ ပြောချင်ပါတယ်" ဟု ၂၀၁၆ ခုနှစ် Miss Global Myanmar အလှမယ် ဆုပွင့်ဦးက ပြောသည်။

နိုင်ငံပေါင်း ၅၀ ခန့်မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၆ ခုနှစ် Miss Global ပြိုင်ပွဲကြီးကို လာမည့် စက်တင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပတော့မည်ဖြစ်သည်။ (၄) ကြိမ်မြောက်ကျင်းပသည့် ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဒုတိယအကြိမ် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

❂ **ကျော့ဖုံးမှ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အတွက် ကျောက်ဖြူ၊ မြေပုံ၊ ပုဏ္ဏားကျွန်းမြို့နယ်တို့တွင် ကနဦးလုပ်ငန်းစဉ်အဖြစ် နိုင်ငံသားစိစစ်ခံမည့်သူ၏ သက်သေခံကတ်ပြား (Identity Card for National Verification - NVC) များကို ဇွန် ၇ ရက်မှစ၍ ထုတ်ပေးလျက်ရှိသည်။

NVC ကတ်မှာ ကြည်ပြာရောင်ဖြစ်ပြီး နိုင်ငံသားဖြစ်ရန် ပထမအဆင့်ခြေလှမ်းဖြစ်ကာ ဒုတိယအဆင့်တွင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကတ်ကိုင်ဆောင်ထားခြင်းဖြင့် တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ NVC ကတ်တွင် လူမျိုးနှင့်ဘာသာကို ဖော်ပြခြင်းမပြုကြောင်း ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလွင်က ပြောသည်။

နိုင်ငံသားစိစစ်ရေးကိစ္စလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လက်ရှိအိမ်ထောင်စုစာရင်းတွင်ရှိသော လူဦးရေအနက် အသက် (၁၀)နှစ် အထက်ရှိသူများအား NVC ကတ် ထုတ်ပေးသွားမည်ဖြစ်သည်။ ယင်းကတ်အပေါ်၌ မူတည်ပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံသားအဖြစ်ရရှိစေရန် မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်ကော်မတီများ ဖွဲ့စည်းကာ စိစစ်ဆောင်ရွက်သွားမည်ဖြစ်သည်။

NVC ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်တစ်ခုတည်းတွင်သာမဟုတ်ဘဲ နယ်စပ်နှင့်ထိစပ်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

NVC ကတ်များကို စတင်ထုတ်ပေးသည့် ဇွန် ၇ ရက်တွင် မြေပုံမြို့နယ် တောင်ပေါ်ရပ်ကွက် IDP စခန်း၌ အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၆၉ ဦး၊ ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး IDP စခန်းတွင် အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၅၁ ဦး၊ ဇွန် ၈ ရက်တွင် မြေပုံမြို့နယ်၌ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၇ ဦး၊ ကျောက်ဖြူမြို့နယ်တွင် အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၃၉၀ ကို ထုတ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် ပုဏ္ဏားကျွန်းမြို့နယ်တွင် NVC ကတ်ထုတ်ပေးမှုနှင့်ပတ်သက်၍ နားလည်မှုလွဲမှားခြင်းအနည်းငယ်ရှိသဖြင့် ထုတ်ပေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။



ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDP စခန်းတွင် ဇွန် ၇ ရက်က NVC ကတ် ထုတ်ပေးနေမှု။

"NVC ကတ်ပုံစံမှာ လူမျိုးနဲ့ဘာသာကို ထည့်သွင်းထားတာမရှိတဲ့အတွက် .... ပြန်စဉ်းစားမယ်လို့ ပြောတယ်။ ဒါကြောင့် ကျွန်တော်တို့က ပြန်လည်အကြောင်းပြန်ဖို့အတွက် တစ်ပတ်အချိန်ပေးခဲ့ပါတယ်။

ကျောက်ဖြူနဲ့ မြေပုံမှာလည်း လူမျိုးဘာသာ ကောက်ယူခြင်းမရှိပါဘူး။ အားလုံးနိုင်ငံသားဖြစ်တာကိုပဲ အဓိကထားဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီ နှစ်မြို့ကို အဆင်ပြေအောင် ဆောင်ရွက်သွားမယ်ဆိုရင် ပုဏ္ဏားကျွန်းမှာလည်း အဆင်ပြေသွားမယ်လို့ ထင်ပါတယ်" ဟု ဦးဝင်းလွင်က ပြောသည်။

NVC ကတ်များမထုတ်ပေးမီ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက လူထုအတွင်း ကွင်းဆင်းကာ ရှင်းလင်းပြသခဲ့သည်။ NVC ကတ် ထုတ်ပေးခြင်းလုပ်ငန်းအား လူဦးရေ အနည်း/အများအပေါ်မူတည်၍ အချိန်မည်မျှကြာမြင့်မည်ကို ခန့်မှန်းမရကြောင်း ဦးဝင်းလွင်၏ ပြောကြားချက်အရ သိရသည်။ **(ကြေးမုံ)**

# လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများ ဆွေးနွေး

**နေပြည်တော် ဇွန် ၈**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာစကော့အလန်မာရှယ်နှင့် စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Kirk Wagar တို့ဦးဆောင်သော စင်ကာပူနိုင်ငံရှိ အမေရိကန်ကုန်သည်များအသင်းကိုယ်စားလှယ်များနှင့် ယနေ့နံနက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုဆွေးနွေးခဲ့ပြီး ၎င်းတို့ဘက်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေ့အကြုံနှင့် နည်းပညာများ မျှဝေပေးခြင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်အတွက် သင်တန်းများပေးခြင်းဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေတွင် မော်တော်ဘုတ်နှစ်စင်းတိုက်မိ လူနှစ်ဦးသေဆုံး

**ဗန်ကောက် ဇွန် ၈**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဖူးခက်ကမ်းခြေတွင် မော်တော်ဘုတ်နှစ်စင်းတိုက်မိခဲ့ရာ လိုက်ပါစီးနင်းသူ နှစ်ဦးသေဆုံးပြီး ၂၆ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရသိရသည်။

ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီခန့်က အဆိုပါမော်တော်ဘုတ်နှစ်စင်းသည် ဖူးခက်ကမ်းခြေမှ သည်မူကိုချ်ဖိဖိကျွန်းဆီသို့ ဦးတည်မောင်းနှင်ခဲ့ကြရာ ရာသီဥတုဆိုးရွားမှုကြောင့် အချင်းချင်းတိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လိုက်ပါစီးနင်းခဲ့သူအများစုမှာ တရုတ်နှင့် တောင်ကိုရီးယားလူမျိုးများဖြစ်သည်။

'ချိုလာကီစ်' အမည်ရှိ မော်တော်ဘုတ်တွင် ခရီးသည် ၃၆ ဦးလိုက်ပါစီးနင်းလာခဲ့ပြီး 'ဟွန်ဂျ်ဖက်' အမည်ရှိ မော်တော်ဘုတ်ပေါ်တွင် ခရီးသည် ၂၆ ဦး လိုက်ပါစီးနင်းခဲ့သည်ဟု ရဲအရာရှိများကဆိုသည်။

သေဆုံးသွားသူနှစ်ဦးမှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၆ ဦးကို နီးစပ်ရာဆေးရုံသို့ ဆေးကုသမှုခံယူရန် အမြန်ဆုံးပို့ဆောင်ပေးခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။ မတော်တဆမှုနှင့်ပတ်သက်ပြီး အသေးစိတ် အချက်အလက်များကို ရဲအရာရှိများက ဆက်လက်စုံစမ်းဆဲဖြစ်သည်။

ဖူးခက်ကမ်းခြေသည် ထိုင်းနိုင်ငံတောင်ပိုင်းခရိုင်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းသည် ထိုင်းနိုင်ငံ၏အကြီးဆုံးသော ကျွန်းတစ်ခုဖြစ်သည့်အပြင် 'မြေထဲပင်လယ် ပုလဲကျွန်း' ဟုလည်း အမည်တွင်သည်။ ၎င်းကို ကျွန်းသေး ၃၂ ခုက ဝန်းရံထားသည်။

**အင်န်အိတ်ချ်ကေ။**





# နှစ်နိုင်ငံအငြင်းပွားနေသည့် တာကီရှီးမားကျွန်းများအနီး တောင်ကိုရီးယားစစ်ရေးလေ့ကျင့်မှု ဂျပန်ကန့်ကွက်

**ကျိုတို ဇွန် ၈**

ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့ နယ်မြေအငြင်းပွားနေသည့် တာကီရှီးမားကျွန်းများအနီးတွင် တောင်ကိုရီးယားနိုင်ငံ၏ စစ်ရေးလေ့ကျင့်မှုကို ဂျပန်နိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

တောင်ကိုရီးယားနိုင်ငံက ရေတပ်သင်္ဘောများ၊ ကမ်းခြေစောင့်တပ်ဖွဲ့များ၊ မရိန်းစစ်သားများပါဝင်သော စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အဆိုပါအငြင်းပွားကျွန်းအနီးတွင် ဇွန် ၈ ရက်မှ စတင်ကာ နှစ်ရက်ကြာ ပြုလုပ်လျက်ရှိကြောင်း တောင်ကိုရီးယားစစ်တပ် သတင်းရင်းမြစ်များက ဆိုသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါ တောင်ကိုရီးယားနိုင်ငံ၏ နှစ်ရက်ကြာ စစ်ရေးလေ့ကျင့်မှုကို ကန့်ကွက်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သံရုံးများသို့ အစီရင်ခံစာတစ်စောင် ပို့ခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါ ကျွန်းများသည် သမိုင်းကြောင်းအရနှင့် နိုင်ငံတကာဥပဒေအရ ဂျပန်နိုင်ငံ၏ပိုင်နက်နယ်မြေဖြစ်ကြောင်း ယင်းအစီရင်ခံစာထဲတွင် ရေးသားဖော်ပြခဲ့သည်။ အဆိုပါကျွန်းများကို တောင်ကိုရီးယားနိုင်ငံက တရားမဝင်သိမ်းပိုက်ထားကြောင်း အခိုင်အမာပြောကြားခဲ့သည်။

တောင်ကိုရီးယား တပ်မတော်အရာရှိများက ယင်းစစ်ရေးလေ့ကျင့်မှုသည် တစ်နှစ်နှစ်ကြိမ် ကျင်းပမြဲဖြစ်သည့် စစ်ရေးလေ့ကျင့်မှုသာဖြစ်ကြောင်း ဆိုသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ရေတပ်ပိုင်ဖျက်သင်္ဘောများ၊ အခြားသင်္ဘောများနှင့် ပီ-၃စီ ကင်းလှည့်လေယာဉ်များအပါအဝင် ရဟတ်ယာဉ်များလည်း ပါဝင်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ယွန်ဟပ်သတင်းဌာနက ပြောသည်။ **အင်န်အိတ်ချ်ကေ။**

# မိုဆူးလ်မြို့အနီးတွင် အီရတ်တပ်ဖွဲ့များနှင့် အိုင်အက်စ်တို့တိုက်ခိုက် စစ်သွေးကြွ ၄၅ ဦးသေဆုံးဟု အီရတ် စစ်ဘက်ပြောကြား

**မိုဆူးလ် ဇွန် ၈**

အစ္စလာမ္မစ်နိုင်ငံတည်ထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့ သိမ်းယူထားသော မိုဆူးလ်မြို့တောင်ဘက်ပိုင်းရှိ ကျေးရွာများတွင် တည်ရှိသော အီရတ်လုံခြုံရေး တပ်ဖွဲ့စခန်းများအား အိုင်အက်စ်စစ်သွေးကြွများ၏ တိုက်ခိုက်လာခြင်းကို အီရတ်လုံခြုံရေးတပ်ဖွဲ့များက တွန်းလှန်တိုက်ထုတ်ခဲ့ပြီး စစ်သွေးကြွ ၄၅ ဦး သေဆုံးသွားကြောင်း အီရတ်စစ်ဘက်က ပြောကြားသည်။

အသေခံဗုံးဖောက်ခွဲရေးသမားများနှင့် ဗုံးများတင်ဆောင်လာသည့် ကားများအပါအဝင် အိုင်အက်စ်စစ်သွေးကြွဦးရေ ဒါဇင်များစွာတို့သည် ဇွန် ၇ ရက်တွင် မိုဆူးလ်မြို့၏တောင်ဘက် စစ်သွေးကြွများ သိမ်းယူထားသည့် ကွေရာယာမြို့အနီးမှ အီရတ်တပ်ဖွဲ့များ စခန်းချထားသော ကျေးရွာများအား စုပြုံဝန်းရံကာ တိုက်ခိုက်ခဲ့သော်လည်း အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် ၎င်းတို့၏ မဟာမိတ်ဆွန်နီလူမျိုးနွယ်စုဝင် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ၎င်းတို့အား ခုခံတွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြောင်း နင်ဗက်ရှ်ပြည်နယ် လွတ်မြောက်ရေး စစ်ဆင်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဖီယာ့စ်ဆာဘရီက ပြောကြားသည်။

အကြမ်းဖက်စစ်သွေးကြွများနှင့် တိုက်ခိုက်မှုဖြစ်ပွားပြီးသည်အထိ မိမိတို့တပ်ဖွဲ့များအား အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းလေတပ်ဖွဲ့မှ စစ်လေယာဉ်များနှင့် အမြောက်ကြီးများပစ်ခတ်မှုများ အထောက်အကူရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**



# ရေကြောင်းပိုင်နက် ဖြတ်ကျော်လာသည့် မြောက်ကိုရီးယားငါးဖမ်းသင်္ဘောကို တောင်ကိုရီးယားစစ်ဘက်က နောက်ကြောင်းပြန်စေလွှတ်

**ဆိုးလ် ဇွန် ၈**

မြောက်ကိုရီးယားနိုင်ငံနှင့် ပိုင်းခြားထားသော တောင်ကိုရီးယားနိုင်ငံ၏ ပင်လယ်ရေကြောင်းပိုင်နက်နယ်နိမိတ်မျဉ်းကို ဖြတ်ကျော်ဝင်ရောက်လာသည့် မြောက်ကိုရီးယားငါးဖမ်းသင်္ဘောတစ်စင်းအား တောင်ကိုရီးယားစစ်ဘက်က ဇွန် ၈ ရက်တွင် နောက်ကြောင်းသို့ပြန်လည်စေလွှတ်ခဲ့ကြောင်း တောင်ကိုရီးယားအစိုးရ ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါမြောက်ကိုရီးယား ငါးဖမ်းသင်္ဘောအား အရှေ့ပင်လယ်ရေပြင်အတွင်း မြောက်ပိုင်းရေကြောင်းနယ်နိမိတ်မျဉ်း၏တောင်ဘက် ၂၀ ကီလိုမီတာ အကွာတွင် ဒေသစံတော်ချိန် နံနက် ၃ နာရီ မိနစ် ၄၀ ခန့်တွင် တွေ့ရှိရခြင်းဖြစ်သည်ဟု တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်၏ပြောကြားချက်ကို ယွန်ဟပ်သတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

မြောက်ကိုရီးယားငါးဖမ်းသင်္ဘောပေါ်ပါ သင်္ဘောသားများသည် တောင်ကိုရီးယားနိုင်ငံသို့ ဘက်ကူးပြောင်းဝင်ရောက်လိုသည့် ရည်ရွယ်ချက်မရှိကြောင်း စုံစမ်းစစ်ဆေးဖော်ထုတ်မှုအပြီးတွင် သိရှိရပြီးနောက် အဆိုပါငါးဖမ်းလေယာဉ်အား တောင်ကိုရီးယားစစ်ဘက်က ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၀ မိနစ်တွင် မြောက်ပိုင်းသို့ ပြန်လည်ထွက်ခွာရန်စေလွှတ်ပေးခဲ့သည်။

ယခုနှစ်မေ ၂၇ ရက်ကလည်း မြောက်ကိုရီးယားကင်းလှည့်ရေယာဉ်တစ်စင်းနှင့် ငါးဖမ်းရေယာဉ်တစ်စင်းတို့သည် အနောက်ဘက်ရေပြင်အတွင်းရှိ မြောက်ကိုရီးယားနှင့်ပိုင်းခြားထားသော ရေကြောင်းပိုင်နက်မျဉ်းအတွင်း ဖြတ်သန်းဝင်ရောက်ခဲ့ရာ တောင်ကိုရီးယား စစ်ဘက်က သတိပေးပစ်ခတ်မှုများပြုလုပ်ပြီး မြောက်ဘက်သို့ ပြန်လည်ထွက်ခွာစေခဲ့သည်။

**ဆင်ဟွာ။**

# ငါးမျိုးစပ်ကာကွယ်ဆေးအပါအဝင် ရောဂါကိုးမျိုး ကာကွယ်ဆေးတွေကို နိုင်ငံတစ်ဝန်း ပုံမှန်ထိုးနှံပေးလျက်ရှိ ရောဂါဖြစ်ပွားသူ၊ သေဆုံးသူအများစုဟာ ဆုံဆို့နာရောဂါကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသူများဖြစ်

**အမေးအရေး - သတင်းအဖွဲ့**

ရွှေပြည်သာမြို့နယ် အမှတ်(၅/၇) ရပ်ကွက်ရှိမြိုင်သီလရှင်စာသင်တိုက်တွင် ကျောင်းအိပ်၊ ကျောင်းစားများအဖြစ် လာရောက်ပညာသင်ကြားနေသည့် တိုင်းရင်းသား ကလေးငယ် ၄၀၀ ခန့်ရှိသည့်အနက် မေလအတွင်းက ရောက်ရှိလာသူ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ အသက် (၁၀) နှစ်ခန့်ရှိ တိုင်းရင်းသားကလေးငယ်တစ်ဦးသည် မေ ၃၀ ရက်တွင် နေမကောင်းဖြစ်၍ ရန်ကုန်ကလေးဆေးရုံကြီးသို့ တက်ရောက်ဆေးကုသမှုခံယူခဲ့ရာမှ ဆေးစစ်ဆေးမှုများအရ မေ ၅ ရက်တွင် ကူးစက်မြန်ဆုံဆို့နာရောဂါဖြစ်ပွားနေသဖြင့် အရေးပေါ် ဆေးကုသမှုခံယူခဲ့ရသည်။

ကူးစက်မြန် ဆုံဆို့နာရောဂါနှင့် ပတ်သက်၍ ထပ်မံကူးစက်ပြန့်ပွားမှု မရှိစေရန် သက်ဆိုင်ရာက အထူးကြပ်မတ်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်အား ဆက်သွယ်မေးမြန်းထားရှိမှုကို ဖော်ပြအပ်ပါသည်။

**မေး။ ။ဆုံဆို့နာရောဂါဖြစ်ပွားမှုနဲ့ပတ်သက်လို့မြိုင်သီလရှင်စာသင်တိုက်မှာရှိတဲ့ ကလေးငယ်တွေအတွက် ဘယ်လိုဆောင်ရွက်နေပါသလဲ။ ပတ်ဝန်းကျင်ကို ကူးစက်ပြန့်ပွားမှုမရှိအောင် ဘယ်လိုထိန်းချုပ် ဆောင်ရွက်နေပါသလဲ။**

**ဖြေ။** ။ဇွန် ၆ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်တဲ့ ကွင်းဆင်းအဖွဲ့ဟာ ရောဂါဖြစ်ပွားတဲ့ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မြိုင်သီလရှင်စာသင်တိုက်ကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းအဖွဲ့ရဲ့ တွေ့ရှိချက်အရ ရောဂါဖြစ်ပွားသူ အသက် (၁၀) နှစ်အရွယ် ကလေးဟာ မေ ၂၅ ရက်က ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ လည်ပင်းအကျိတ်များ ရောင်ရမ်းခြင်း စတဲ့လက္ခဏာတွေ စတင်ခံစားခဲ့ရပြီး မေ ၃၀ ရက်က ရန်ကုန်ကလေးဆေးရုံကြီးကို သံသယဆုံဆို့နာရောဂါနဲ့ တက်ရောက်တဲ့အခါ ဆုံဆို့နာအဆိပ်ဖြေဆေးထိုးနှံပေးပြီး အထူးကြပ်မတ်ကုသပေးခဲ့ပေမယ့် ဇွန် ၈ ရက်မှာ သေဆုံးခဲ့ပါတယ်။

လူနာနေထိုင်တဲ့ ကျောင်းတိုက်မှာ အနယ်နယ်အရပ်ရပ်က ချင်း၊ ပအိုးဝ်နဲ့ ဗမာလူမျိုးကလေးတွေကို စာသင်ပေးနေပြီး စုစုပေါင်း ၄၂၅ ဦးနဲ့ အနီးပတ်ဝန်းကျင်ရပ်ကွက်က ကလေး ၃၀၀ ကိုလည်း စာပေသင်ကြားပေးလျက်ရှိပါတယ်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနဟာ အဲဒီကျောင်းတိုက်မှာ ဆေးခန်းဖွင့်လှစ်ပြီး ဆေးကုသမှုပေးခြင်းနဲ့ လူနာသစ်ရှာဖွေခြင်းပြုလုပ်ခဲ့ရာမှာ ရောဂါဖြစ်ပွားသူနဲ့ အတူနေတဲ့ အသက် (၆) နှစ်အရွယ် ကလေးတစ်ဦးမှာ သံသယဆုံဆို့နာရောဂါလက္ခဏာတွေ တွေ့ရှိရတဲ့အတွက် ဇွန် ၇ ရက်မှာ ရန်ကုန်ကလေးဆေးရုံကြီးကို လွှဲပြောင်းပေးခဲ့ပါတယ်။ ဆုံဆို့နာရောဂါဖြစ်ကြောင်း ဓာတ်ခွဲအတည်ပြုနိုင်ဖို့အတွက် လူနာတွေဆီက ဓာတ်ခွဲနမူနာတွေရယူပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို ပေးပို့စစ်ဆေးထားပါတယ်။ လူနာနဲ့ အနီးကပ်အတူနေထိုင်တဲ့ ကလေးကိုးဦးကိုလည်း အဲဒီကျောင်းတိုက်မှာရှိတဲ့ သီးသန့်အခန်းမှာ ခွဲထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိပါတယ်။

ရောဂါမကူးစက်စေဖို့အတွက် ဇွန် ၇ ရက်မှာ စာသင်တိုက်မှာ နေထိုင်သူ စုစုပေါင်း ၄၆၃ ဦးကို ပဋိဇီဝဆေးဝါး (Erythromycin Tab) ကြိုတင်တိုက်ကျွေးခြင်းနဲ့ ဇွန် ၈ ရက်မှာ တုံ့ပြန်ကာကွယ်ဆေးထိုးနှံမှု (Outbreak Response Immunization) အနေနဲ့ စာသင်တိုက်မှာရှိတဲ့ အသက် (၇)နှစ်မှ (၁၅)နှစ်အတွင်းရှိ ကလေး ၃၀၆ ဦးကို မေးခိုင်ရောဂါနဲ့ ဆုံဆို့နာရောဂါတို့ကို ကာကွယ်ပေးတဲ့ နှစ်မျိုးစပ်ကာကွယ်ဆေး (Td) ဆေးထိုးနှံပေးခဲ့ပါတယ်။ ကျန်းမာရေးအသိပညာပေးခြင်းနဲ့ လူနာသစ်ထပ်မံဖြစ်ပွားမှုရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်းတွေကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အနီးပတ်ဝန်းကျင်ရပ်ကွက်တွေမှာလည်း လူနာသစ်မတွေ့ရှိရတော့ပါဘူး။

အခုလို တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းတွေ ထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန အစီအစဉ်နဲ့ လူနာနဲ့ အနီးကပ်နေထိုင်သူတွေကို ရောဂါကူးစက်မှုမရှိစေဖို့ ကြိုတင်တိုက်ကျွေးမယ့် ပဋိဇီဝဆေးဝါးတွေနဲ့ တုံ့ပြန်ကာကွယ်ဆေးထိုးနှံဖို့အတွက် ဆုံဆို့နာ ကာကွယ်ဆေး (Td)ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တွေကို အလုံအလောက် ဖြန့်ဖြူးထားပြီး ဆုံဆို့နာလူနာတွေကို ကုသဖို့အတွက် ဆုံဆို့နာ အဆိပ်ဖြေဆေး (Diphtheria Antitoxin) ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရန်ကုန်ကလေးဆေးရုံကြီးနဲ့ ရန်ကင်းကလေးဆေးရုံကြီးတွေကို အလုံအလောက် ဖြန့်ဖြူးထားပြီးဖြစ်ပါတယ်။

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲကလည်း ဗဟို အဆင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့နဲ့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ဆုံဆို့နာရောဂါမဖြစ်ပွားအောင် ကာကွယ်ဆေးထိုးနှံပေးတဲ့ အစီအစဉ်ကို ရှင်းလင်းပေးပါ။**

**ဖြေ။** ။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းမှာ နှစ်လ၊ လေးလနဲ့ ခြောက်လအတွက် ကလေးငယ်တွေကို ထိုးနှံလျက်ရှိတဲ့ ငါးမျိုးစပ်ကာကွယ်ဆေးမှာ ဆုံဆို့နာ ကာကွယ်ဆေးလည်းပါဝင်ပါတယ်။ ငါးမျိုးစပ်ကာကွယ်ဆေးအပါအဝင် စုစုပေါင်း ရောဂါ ကိုးမျိုးကို ကာကွယ်နိုင်တဲ့ ကာကွယ်ဆေးတွေကိုလည်း မြန်မာနိုင်ငံတစ်ဝန်းမှာ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်နဲ့ ထိုးနှံပေးလျက်ရှိပြီး ရွှေပြည်သာမြို့နယ်မှာ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုအနေနဲ့ ပျမ်းမျှ ၉၃ ရာခိုင်နှုန်းရှိပါတယ်။ အခုဖြစ်ပွားတဲ့လူနာတွေကတော့ ဝေးလံခေါင်းပါးတဲ့ဒေသတွေက လာရောက်ပြီး သီလရှင် စာသင်တိုက်မှာ ကျောင်းအိပ်၊ ကျောင်းစားပညာသင်ကြတဲ့ ကလေးငယ်တွေဖြစ်ပါတယ်။ အရင်က ကာကွယ်ဆေးတစ်ကြိမ်မှ ထိုးမထားတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုဆုံဆို့နာရောဂါဖြစ်ပွားရာမှာ ဆက်လက်ကူးစက်မှုမရှိစေဖို့အတွက် ကလေးငယ် ၃၀၆ ဦးကို ဆုံဆို့နာကာကွယ်ဆေးထိုးနှံပေးခဲ့ပါတယ်။

**မေး။ ။အရင်ကရော ဒီလိုရောဂါဖြစ်ပွားလေ့ရှိပါသလား။ လတ်တလော ဆေးရုံတက်ရောက် ကုသနေသူ ဘယ်နှဦးရှိပါသလဲ။ အခြေအနေသိပါရစေ။**

**ဖြေ။** ။ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ ရတဲ့ရောဂါတွေ မဖြစ်ပွားစေဖို့အတွက် ကာကွယ်ဆေးထိုးနှံခြင်းနဲ့ ရောဂါဖြစ်ပွားလာရင် စောစီးစွာသိရှိတုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိရာမှာ နှစ်စဉ်ဆုံဆို့နာရောဂါဖြစ်ပွားမှုကိုလည်း စောင့်ကြပ်ကြည့်ရှုပြီး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ၂၀၁၅ ခုနှစ်မှာ ခက်ခဲဒေသတစ်ခုဖြစ်တဲ့ ရှမ်းပြည်နယ် လွိုင်လင်မြို့နယ် ဆမ်ဆန်ကျေးရွာမှာ ၃၂ ဦးဖြစ်ပွားမှုအပါအဝင် စုစုပေါင်း ၈၄ ဦး ဖြစ်ပွားခဲ့ပြီး ၁၀ ဦး သေဆုံးခဲ့ပါတယ်။ အခု ၂၀၁၆ ခုနှစ် ဇွန်လအထိ ဖြစ်ပွားသူ ၂၀ နဲ့ သေဆုံးသူ ခြောက်ဦးရှိခဲ့ပါတယ်။ ရောဂါဖြစ်ပွားသူ၊ သေဆုံးသူ အများစုဟာ ဆုံဆို့နာရောဂါကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူတွေဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အခုဖြစ်စဉ်မှာလည်း သေဆုံးသူကလေးငယ်နဲ့ အတူနေတဲ့ စာသင်တိုက်က ကလေးငယ်တွေကို ရောဂါရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလက္ခဏာ ဖြစ်ပွားသူ ကလေးငယ်တစ်ဦးကို ရှာဖွေဖော်ထုတ်ပြီး ရန်ကုန်ကလေးဆေးရုံကြီးမှာ အထူးကြပ်မတ်ကုသမှုတွေ ပေးလျက်ရှိပါတယ်။ ကာကွယ်ဆေးမထိုးနှံထားတဲ့ ကလေးငယ်တွေမှာ ဖြစ်ပွားမှုများပြီး အချို့ကလေးငယ်တွေမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားတဲ့ ကလေးတွေမှာလည်း ရောဂါခုခံနိုင်မှု ကျဆင်းသွားချိန်မှာ ရောဂါကူးစက်ခံရနိုင်ပါတယ်။

**မေး။ ။ဒီရောဂါရဲ့ သွင်ပြင်လက္ခဏာနဲ့နေထိုင်ကာကွယ်မှုအပိုင်းတွေကိုရှင်းပြပေးပါ။**

**ဖြေ။** ။ ဒီရောဂါရဲ့ အဓိကလက္ခဏာတွေကတော့ လည်ချောင်းနာခြင်း၊ ရောင်ခြင်း၊ တငွေ့ငွေ့ဖျားခြင်းတို့ ဖြစ်ပွားပြီး ဆုံဆို့နာဖြစ်ပွားစေတဲ့ ဗက်တီးရီးယားပိုးက ထုတ်တဲ့အဆိပ် (Toxin) ကြောင့် အသံအိုး၊ အာခေါင်၊ လည်ချောင်းတွေမှာ အစာမြိုရခက်ခြင်း၊ အသက်ရှူကျပ်ခြင်းတွေ ဖြစ်ပွားနိုင်ပါတယ်။ အချိန်မီ ဆေးကုသမှုခံယူပြီး ဆုံဆို့နာ အဆိပ်ဖြေဆေး ထိုးနှံပေးနိုင်ပါက အသက်အန္တရာယ်မှ ကယ်တင်နိုင်ပေမယ့်လည်း ဆေးကုသမှုအချိန်မီ မရရှိပါက အဆိပ်ဓာတ်များပျံ့နှံ့၍ နှလုံးကြွက်သားများ ရောင်ရမ်းခြင်းနဲ့ အာရုံကြောရောင်ရမ်းခြင်းတို့ဖြစ်ပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါတယ်။

**မေး။ ။ရောဂါဖြစ်ပွားရင်းအသက်အန္တရာယ်ဘယ်လောက်အထိရှိနိုင်ပါသလဲ။ အရွယ်အပိုင်းအခြားနဲ့ ဖြစ်ပွားနိုင်တဲ့ ရာသီ၊ ဒေသမျိုးတွေ ရှိရင်လည်းသိပါရစေ။**

**ဖြေ။** ။ ဆုံဆို့နာရောဂါဟာကာကွယ်ဆေးထိုးနှံထားခြင်းမရှိတဲ့ အသက် (၁၅) နှစ်အောက် ကလေးတွေမှာ ပိုမိုဖြစ်ပွားနိုင်ပြီး မြန်မာနိုင်ငံမှာဆိုရင်တော့ ရာသီမရွေးဖြစ်ပွားနိုင်ပါတယ်။ ရောဂါကူးစက်ဖြစ်ပွားလျှင် သေဆုံးသူ ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ရှိနိုင်ပါတယ်။

ဒီရောဂါဟာဆိုရင် အနီးကပ်နေထိုင်သူများ အချင်းချင်း အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်နိုင်တဲ့အတွက် ရောဂါဖြစ်ပွားသူအား စောစီးစွာသိရှိပြီး သီးခြားထားရှိ ကုသမှုပေးခြင်း (Isolation) ပြုလုပ်ခြင်းနဲ့ ကူးစက်မှုလျော့နည်းအောင် ဆောင်ရွက်နိုင်ပါတယ်။ အဲဒါကြောင့် ရောဂါကူးစက်မှုမရှိစေဖို့ ရောဂါဖြစ်ပွားသူနဲ့ အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရမှာဖြစ်ပြီး ရောဂါကူးစက်မှုမရှိစေဖို့အတွက် ကြိုတင်ကာကွယ်ရန် လိုအပ်တဲ့ ပဋိဇီဝဆေးဝါးတွေ တိုက်ကျွေးခြင်းနဲ့ ဆုံဆို့နာရောဂါကာကွယ်ဆေးတုံ့ပြန်ထိုးနှံခြင်း (Outbreak Response Immunization) တွေကို ဆောင်ရွက်ခြင်းနဲ့ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ပါတယ်။



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်။

**မေး။ ။နယ်စပ်ဒေသနှင့် ဝေးလံခက်ခဲသောဒေသများမှ ကလေးများအား စုဝေးရောက်ရှိလာသည့် လူစုလူဝေးနေထိုင်ရာနေရာများတွင်ရှိသော ကလေးများအတွက် ယခုကဲ့သို့ကူးစက်ရောဂါမဖြစ်အောင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မည်သို့စီစဉ်ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးမရောက်ရှိခဲ့တဲ့ နေရာဒေသတွေ၊ အထူးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ကာကွယ်ဆေး သွားရောက်ထိုးနှံနိုင်ခြင်း၊ အခါအားလျော်စွာ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းနဲ့ ကာကွယ်ဆေးထိုး လုပ်ငန်းအကြောင်းကို ပြည်သူလူထုက ပိုမိုပြီး လိုလားစွာ လက်ခံယုံကြည်ပြီး တောင်းဆိုလာတဲ့အထိ လူထုနဲ့ဆက်သွယ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းတွေမှာ နိုင်ငံတော်က ဦးဆောင်ပံ့ပိုးမှု၊ နှီးနွှယ်ဆက်စပ်နေတဲ့ ဝန်ကြီးဌာနအသီးသီးနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေကနေ အောက်ခြေအဆင့်အထိ ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်မှုနဲ့ ပြည်သူလူထုပူးပေါင်းပါဝင်မှုတွေကြောင့် လွှမ်းခြုံမှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ခက်ခဲဒေသတွေမှာ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေး မထိုးနှံနိုင်ခဲ့တဲ့ ကလေးတွေစုဝေးနေထိုင်တဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေ၊ စာသင်တိုက်တွေ၊ မိဘမဲ့ဂေဟာတွေ စတဲ့နေရာတွေကို စာရင်းကောက်ယူပြီး ကာကွယ်ဆေးထိုး လွှမ်းခြုံမှုဆန်းစစ်ပြီး လိုအပ်ရင် ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးနဲ့ ဆုံဆို့နာရောဂါ ကာကွယ်ဆေးတွေကို ထိုးနှံနိုင်ဖို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နှီးနွှယ်ဌာနတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။



# မြေဆီနှင့် ပုလဲဓာတ်မြေသြဇာများ အကြွေးစနစ်ဖြင့်ရောင်းချ

**ကြို့ပင်ကောက် ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့် တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ ကျေးရွာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းစုလီမိတက်တို့ရှိ အသင်းသား တောင်သူများကို နွေစပါးနှင့် မိုးစပါးစိုက်ပျိုးချိန်တို့တွင် အသုံးပြုရန်ဓာတ်ဆားများကို အကြွေးစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က “ကျွန်တော်တို့က နွေစပါးနဲ့ မိုးစပါးစိုက် တောင်သူတွေကို စိုက်ပျိုးချိန် အခက်အခဲတွေ လျော့နည်းသွားစေဖို့ သဘာဝဓာတ်မြေသြဇာမြေဆီနဲ့ ပုလဲဓာတ်ဆားတွေကို အကြွေးစနစ်နဲ့ရောင်းချနေတာ ဒီနေ့အထိ အိတ် ၃၀၀၀ ကျော်သွားပြီ။ အဲဒီဓာတ်ဆားဖိုးတွေကို နွေစပါးအတွက်ဆိုရင် ဇွန် ၃၀ ရက် နောက်ဆုံးနဲ့ မိုးစပါးအတွက်ဆိုရင် ဒီဇင်ဘာ ၃၁ နောက်ဆုံးထားဆပ်ရမှာပါ” ဟု ပြောသည်။

တွက်ရိုးအုပ်စု ကျေးရွာသမဝါယမအသင်းမှ အသင်းသား ဦးမောင်မောင်က “အခုလိုမြေဆီနဲ့ ဓာတ်ဆားတွေကို အကြွေးစနစ်နဲ့ရောင်းပေးတာကို ကျေးဇူးတင်ပါတယ်။ ငွေကြေးအဆင်မပြေတဲ့လယ်သမားတွေအတွက် အဆင်ပြေတာပေါ့” ဟု ဝမ်းသာအားရပြောသည်။

**ဇေယျာထွန်း (မြို့နယ်ပြန်/ဆက်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၉- ၆ -၂၀၁၆ (ကြာသပတေးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ
"အိပ်မက်ဆိုးမှ နိုးလတ်သော်"
၆း၃၀ MRTV Entertainment Music
၆း၄၀ ကာတွန်းအစီအစဉ်
"Barbie in the Pink Shoes"
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့
နေ့သစ်ဆီ"
(အပိုင်း-၁၅)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"အချစ်စစ်ရဲ့အလှတရား"
(အပိုင်း-၆၃)
၈း၃၀ MRTV Entertainment Music
၈း၅၀ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၀၀ မိုးယွန်းကြီးအင်း
၉း၂၀ တေးဂီတအစီအစဉ်
၉း၄၀ တောင်ပြုံးနတ်ပွဲ
(အပိုင်း-၃)
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း
"စိတ်စေရာ"
၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "အခွင့်အရေးဆိုတာ
တစ်ခါပဲရတယ်" တရားတော်
(ဆရာတော်အရှင်သုမန
(ပဌာန်းဂုဏ်ရည်ဆရာတော်)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၈၇)
၇း၃၀ MRTV-4သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(Grand Cherry
Xeno Trading Co., Ltd ၏
ပြပွဲအခမ်းအနား)
၈း၀၀ "မင်္ဂလာပါ"
The Morning Show
၉း၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာ တည်စေသော်"
(အပိုင်း ၁၄)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ ဟင်းချက်ရအောင်
၁၁း၄၀ ရန်ကုန်မြင်ကွင်းကျယ်
MPT နှင့် Facebook တို့
ပူးပေါင်းပြုလုပ်သည့်
Free Basic နှင့်
Facebook Flex
အကြောင်းသတင်းစာ
ရှင်းလင်းပွဲ အခမ်းအနား
(SINGTECH Infinity
i-Note-2 Dealer
Launch Event)
၁၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင်
(ဂျန်ယောလ်ရှီးလ်)"
(အပိုင်း-၁၂)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်"
(အပိုင်း-၄၁)
၄း၄၅ ရန်ကုန်မြင်ကွင်းကျယ်
(ကမ္ဘာ့ပတ်ဝန်းကျင်
ထိန်းသိမ်းရေးနေ့
သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား)
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၈၈)
၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (အပိုင်း-၄၂)
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာ တည်စေသော်"
(အပိုင်း-၁၅)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင်
(ဂျန်ယောလ်ရှီးလ်)"
(အပိုင်း-၁၃)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၁၅ MRTV-4 Stage
၁၀း၅၀ World of Knowledge
(Dead Or Alive
Blood In The Water)
၀၁း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(ကမ္ဘာ့ပတ်ဝန်းကျင်
ထိန်းသိမ်းရေးနေ့
သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား)
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာ တည်စေသော်"
(အပိုင်း-၁၅)
၀၂း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင်
(ဂျန်ယောလ်ရှီးလ်)"
(အပိုင်း-၁၃)
၀၃း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်"
(အပိုင်း-၄၂)

## mitv

07:27 Myanmar Prehistory
07:51 Sai Ye Kwan
08:26 Aesthetic Chinlone
08:51 Kyauk Phyu Township
09:26 Products Of Myanmar- Craft Blacksmithing
09:51 Colourful Threads
10:26 Sayit-wyne Girls
10:49 The 110th Anniversary of
Yangon Zoological Garden
07:27 The Most Prominent Resort
And Residence - Ngapali
07:51 Pyin Oo Lwin Sweater
08:26 Innovative Handiworks Based
On The Art Of Line Drawing
08:45 Local Tour Guide: Pho Khant



# မကြာမီထွက်ရှိလာတော့မည့် Supergirl Season 2 စူပါဟီးရိုးဇာတ်ကားသစ်

စူပါမန်းရုပ်ရှင်ဇာတ်လမ်းတွဲများ၏ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး ၁၉၈၄ ခုနှစ်က ရုံတင်ပြသခဲ့သည့် Supergirl စူပါဟီးရိုးဇာတ်ကား၏ နောက်ဆက်တွဲ Supergirl ဇာတ်ကားကို မကြာခင်တွင် တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Supergirl ဇာတ်ကားသစ်နှင့်ပတ်သက်ပြီး ၁၉၈၄ ခုနှစ်ကထွက်ရှိခဲ့သည့် Season 1 နှင့် အနည်းငယ်ကွာခြားမှုများရှိလာမည်ဖြစ်ပြီး ယင်းဇာတ်ကားတွင် Man of Steel ဇာတ်ကားမှ စူပါမန်းလည်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဇာတ်ကားထုတ်လုပ်သူများအနေဖြင့် Supergirl ဇာတ်ကား၏ ဇာတ်ညွှန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိခဲ့ကြောင်း၊ အဆိုပါဇာတ်ကားတွင် စူပါမန်းပါဝင်လာနိုင်ခြင်းမရှိမည်ကို လွန်စွာစိုးရိမ်ခဲ့ရကြောင်း Supergirl ဇာတ်ကား၏ ထုတ်လုပ်သူက ဆိုသည်။

ယခင်ထွက်ရှိခဲ့သည့် Supergirl Season 1 ကို စီဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော်လည်း ယခုဇာတ်ကားသစ်ကို The CW ရုပ်သံလိုင်းမှ ပြောင်းလဲထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

# ဘီဘီစီရေဒီယို၏ Woman's Hour ပရိုဂရမ်တွင် ဧည့်တည်းဖြတ်သူအဖြစ် တာဝန်ထမ်းဆောင်သွားမည့် ဂျိုလီ



အကယ်ဒမီဆုရှင် ဟောလိဝုဒ်ငွေကြယ်ပွင့် အိန်ဂျလီနာဂျိုလီက ဘီဘီစီရေဒီယိုမှ ထုတ်လွှင့်သည့် Woman's Hour ဟု အမည်ပေးထားသည့် ပရိုဂရမ်တစ်ခုတွင် ဧည့်တည်းဖြတ်သူအဖြစ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် ဇွန်လ ၂၀ ရက်နေ့ကို ကမ္ဘာ့ဒုက္ခသည်များနေ့ဟု သတ်မှတ်ထားပြီး မင်းသမီးဂျိုလီအနေဖြင့် ယင်းအစီအစဉ်မှတစ်ဆင့် ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်များခံစားနေရသည့် အခက်အခဲအကျပ်အတည်းများကို ကုစားပေးနိုင်ကြရန် တွန်းအားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီးနှင့် ဒါရိုက်တာဖြစ်သူ အိန်ဂျလီနာဂျိုလီ တည်းဖြတ်သည့် ယင်းအစီအစဉ်ကို ကမ္ဘာ့ဒုက္ခသည်များနေ့မတိုင်မီ ဇွန် ၁၇ ရက်တွင် ထုတ်လွှင့်မည်ဖြစ်ပြီးဂျိုလီနှင့်အတူ အခြားသော ဧည့်တည်းဖြတ်သူများလည်း ပါဝင်မည်ဖြစ်သည်။

Woman's Hour ပရိုဂရမ်မှ တည်းဖြတ်သူ အဲလစ်က "အခုလို ဧည့်သည်တည်းဖြတ်သူတွေလာပြီး ဆောင်ရွက်ခြင်းအားဖြင့် သူတို့ရဲ့ထူးခြားတဲ့အတွေးအမြင်တွေ၊ မတူညီတဲ့အတွေးအခေါ်တွေကို လေ့လာခွင့်ရမှာပါ။ သူတို့ရဲ့ ပုဂ္ဂိုလ်ရေးအတွေ့အကြုံတွေကိုလည်း ဒီပရိုဂရမ်မှာ ဝေမျှခွင့်ရကြမှာပါ"ဟု ဆိုသည်။

ယခင်နှစ်များက အဆိုပါပရိုဂရမ်တွင် ဟယ်ရီပေါ်တာဝတ္ထုရေးဆရာ ဂျေကေရိုးလင်း၊ ကလေးစာရေးဆရာများနှင့် ရုပ်ရှင်မင်းသမီးများလည်း တစ်ပတ်ကြာ ပါဝင်ပေးခဲ့ဖူးကြကြောင်း သိရသည်။

# ဘေလ်ဘုတ် ကမ္ဘာ့ဂီတဇယားတွင် တတိယနေရာ၌ ရပ်တည်ခဲ့သည့် Luna



တောင်ကိုရီးယားအမျိုးသမီးဂီတအဖွဲ့ F(x) မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Luna က ၎င်း၏ တစ်ကိုယ်တော်မီနီအယ်လ်ဘမ်ဖြင့် ဘေလ်ဘုတ်ကမ္ဘာ့ဂီတဇယားတွင် တတိယနေရာ၌ ရပ်တည်ခဲ့ကြောင်း သိရသည်။

များသောအားဖြင့် အီလက်ထရိုပေါ့ပ်ဆန်ဆန်သီချင်းများကို ဖန်တီးလေ့ရှိသည့် F(x)အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Luna သည် မေ ၃၁ ရက်က ထွက်ရှိခဲ့သည့်သီချင်းဖြင့် ယင်းကဲ့သို့ ဂုဏ်ပြုခံခဲ့ရခြင်းလည်းဖြစ်သည်။

Title သီချင်း Free Somebody ဖြင့် ထွက်ရှိခဲ့သည့် အဆိုပါအယ်လ်ဘမ်သည် ကမ္ဘာ့အယ်လ်ဘမ်ဇယားများတွင် "Hot Shot Debut"အဖြစ်လည်း ဂုဏ်ပြုခံခဲ့ရကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းသည်

# ဘလန့်အားထုတ်ပယ်ကာ အမ်မရီအားနည်းပြသစ်အဖြစ် ပီအက်စ်ဂျီခန့်အပ်မည်



ပီအက်စ်ဂျီအသင်းသည် လက်ရှိနည်းပြလောရင့်ဘလန့်ကို ထုတ်ပယ်၍ ဆီဗီလာနည်းပြအမ်မရီအား အစားထိုးခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်ဟု ဂိုးဒေါ့ကွန်းက ဖော်ပြသည်။ ပီအက်စ်ဂျီအသင်းသည် အက်သလက်တီကို နည်းပြဆီမွန်နီအား ဦးစားပေးအနေဖြင့် ခန့်အပ်ရန်စီစဉ်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့၍ အမ်မရီကိုသာခန့်အပ်ရန် ပြင်ဆင်ခဲ့ရခြင်းဖြစ်သည်။

အမ်မရီ၏ ဆီဗီလာအသင်းမှာ လာလီဂါအမှတ်ပေးဇယားတွင် အဆင့်(၇)နေရာဖြင့်သာ ရာသီသိမ်းနိုင်ခဲ့သော်လည်း ယူရိုပါလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သဖြင့် ဆီဗီလာမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သည်။ ယင်းကဲ့သို့ ဆီဗီလာအသင်းရရှိသော အောင်မြင်မှုက ပြည်တွင်းအောင်မြင်မှုထက် ဥရောပအောင်မြင်မှုကို အလိုရှိနေသည့် ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်ခီလိုင်ဖီအတွက် မျက်စိကျစရာဖြစ်ခဲ့ရသည်။ ပီအက်စ်ဂျီအသင်းသည် ယူရို-၂၀၁၆ ပြိုင်ပွဲမစတင်မီ(ဇွန်၁၀ရက်မတိုင်မီ) ယင်းသဘောတူညီချက်ကို အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရန် ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပီအက်စ်ဂျီသည် မန်စီးတီးအားရှုံးနိမ့်၍ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် အသင်းပိုင်ရှင် အီမာအယ်တာနီက ဘလန့်အားထုတ်ပယ်ရန် အယ်ခီလိုင်ဖီကို ဖိအားပေးခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ကာတာရေနံသူဌေးများ ပိုင်ဆိုင်သောအသင်းဖြစ်သဖြင့် ပြိုင်ဘက်အဘူဒါဘီလုပ်ငန်းစုပိုင် မန်စီးတီးအား ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းမှာ အယ်တာနီအတွက်ပို၍ စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်ခဲ့ရသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ရောက်ရှိနေသည့်ဘလန့်က ၎င်းအား အင်တာဗျူး ပြုလုပ်ခြင်း၊ ဓာတ်ပုံအရိုက်ခံခြင်းတို့ပြုလုပ်ရန် တောင်းဆိုမှုများအား ငြင်းဆန်ခဲ့သလို ဇွန် ၁၅ ရက်တွင် ကစားရန် စီစဉ်ထားသည့် အပျော်တမ်းဂေါက်သီးရိုက်ခရီးစဉ်ကိုလည်း ဖျက်သိမ်းခဲ့သည်။ ■

# ယူရိုပြိုင်ပွဲ လွဲချော်တော့မယ့် ဂျာမနီနောက်ခံလူ ရူဒီဂါ



ဂျာမနီနောက်ခံလူ ရူဒီဂါမှာ ဂျာမနီအသင်းလေ့ကျင့်ရေးအစီအစဉ်များ ပြုလုပ်ချိန်အတွင်း ဒူးအရွတ်ကြောစုတ်ပြဲခဲ့သဖြင့် ဂျာမနီလက်ရွေးစင်အသင်းမှ နုတ်ထွက်ခဲ့ရကြောင်း သိရသည်။ ရူဒီဂါမှာ ဂျာမနီအသင်း ပထမပွဲထွက် ကစားသမား ၁၁ ဦးစာရင်းတွင် ပါဝင်သူဖြစ်သဖြင့် ယခုကဲ့သို့ ဒဏ်ရာရရှိခဲ့ခြင်းမှာ ဂျာမနီအတွက် နစ်နာမှုတစ်ရပ်ဖြစ်ခဲ့သည်။

"ယခုထိ ဘယ်ကစားသစ်တစ်ဦးကို အစားထိုးခေါ်ယူမယ်ဆိုတာ မဆုံးဖြတ်ရသေးပါဘူး"ဟု ဂျာမနီအသင်းဘက်မှ ထုတ်ပြန်ကြေညာခဲ့သည်။ ဂျာမနီအသင်းတွင် ဒဏ်ရာရကစားသမားများပြားနေပြီး နောက်ဆုံးဆန်ခါတင် ၂၃ ဦး စာရင်းမထုတ်ပြန်မီ မာကိုရူးစ်မှာ ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရပြီးဖြစ်သည်။ နောက်ခံလူ ဟမ်းမဲလ်မှာလည်း ခြေထောက်ကြွက်သားဒဏ်ရာရရှိပြီးနောက် ယခုထိ ကြံ့ခိုင်မှုမပြည့်ဝသည့် အနေအထားတစ်ရပ်ကို ရင်ဆိုင်နေရရာ ရူဒီဂါ၏ ဒဏ်ရာရရှိမှုက ဂျာမနီအတွက် ကြီးမားသည့်ထိုးနှက်ချက်တစ်ရပ်ပင်ဖြစ်သည်။ ဂျာမနီအသင်းသည် ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ပြီး အက်ဗီယန်မြို့တွင်အခြေစိုက်ကာ လေ့ကျင့်ရေးအစီအစဉ်များကို ပြုလုပ်လျက်ရှိသည်။

မေလဲ့သင်း-ရေးသားသည်။

## ယူရိုပြိုင်ပွဲအပြီး အီတလီအသင်းနည်းပြသစ်ဖြစ်လာမယ့် ဗန်တူရာ

အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တာဗီချီရိုက ယူရို-၂၀၁၆ ပြိုင်ပွဲအပြီးတွင် လစ်လပ်သွားမည့် လက်ရွေးစင်နည်းပြရာထူးအတွက် တိုရီနိုအသင်းနည်းပြဗန်တူရာကို ရွေးချယ်ခန့်အပ်မည်ဟု ဇွန် ၇ ရက်က အတည်ပြုကြေညာသွားခဲ့သည်။ အီတလီနည်းပြကွန်တီမှာ ယူရိုပြိုင်ပွဲအပြီးတွင် ချယ်လ်ဆီးအသင်းကို ပြောင်းလဲကိုင်တွယ်တော့မည်ဖြစ်သောကြောင့် နည်းပြသစ်တစ်ဦးကိုခန့်အပ်ရန် အချိန်ယူပြင်ဆင်ခဲ့ရာ အတွေ့အကြုံရင့် ဗန်တူရာအား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် ဗန်တူရာကို နည်းပြသစ်အဖြစ်ရွေးချယ်ခဲ့တဲ့ အဓိကအကြောင်းက သူဟာ ဘောလုံးနည်းပြဆိုတာထက် ဘောလုံးကစားခြင်းရဲ့ အဓိပ္ပာယ်ကို ပိုပြီးနားလည်စေတဲ့ ဆရာတစ်ယောက်ဖြစ်လို့ပါ။ ဒါကြောင့် ယူရိုပြိုင်ပွဲအပြီးမှာ သူဟာနည်းပြသစ်ဖြစ်လာမှာဖြစ်ပြီး နှစ်နှစ်စာချုပ်သက်တမ်းနဲ့ ခန့်အပ်ခဲ့တာပါ"ဟု ဥက္ကဋ္ဌတာဗီချီရိုက ဆိုသည်။ ဗန်တူရာမှာ ၂၀၁၈ ခုနှစ် ရုရှားတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးစီးချိန်အထိ အီတလီနည်းပြအဖြစ် ရှိနေမည်ဖြစ်သည်။ ၎င်းမှာ ဆမ်ဒိုးရီးယား၊ နာပိုလီ၊ ကယ်ဂရီလာရီ၊ အူဒီနီးစ်နှင့် ဘာရီအသင်းတို့အား ကိုင်တွယ်ခဲ့ဖူးပြီး တိုရီနိုအသင်းအား စီးရီးအေတွင်ရလဒ်ကောင်းအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ယူရို ၂၀၁၆ မိတ်ဆက်

# လက်ရှိချန်ပီယံစပိန်ကိုစောင့်ကြည့်ရမယ့်အုပ်စု(ဃ)

**စပိန်**

**ယူရိုပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံစပိန်ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားတုန်းကတော့ ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ အုပ်စုအဆင့်ကနေထွက်ခွာခဲ့ရတာကြောင့် ကျဆင်းခဲ့ရတဲ့ဂုဏ်သိက္ခာကို ဒီယူရိုပြိုင်ပွဲမှာ ပြန်လည်မြှင့်တင်နိုင်မလားဆိုတာ စိတ်ဝင်စားဖို့လည်း ကောင်းလာပါတယ်။**

အထူးသဖြင့်စပိန်နည်းပြဒယ်လ်ဘော့စကေးဟာ စပိန်ကို ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးမှာ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ထားပြီး လူးကပ်စ်ဘက်စကွက်ဇ်၊ နိုလီတို၊ ဆောနီဂွက်စ်၊ အယ်ကန်တာရာ၊ ကာဗာဂျယ်၊ ဘာထရန်တို့လို ကစားသမားကောင်းတွေ လက်ရွေးစင်အသင်းထဲကို ဝင်ရောက်လာစေခဲ့တာကြောင့် စပိန်ရဲ့အသင်းစုဖွဲ့မှုဟာ အပြောင်းအလဲ အများအပြားရှိလာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

အထူးသဖြင့် စပိန်ဟာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း တိုက်စစ်ပိုင်းပြဿနာက ကြီးကြီးမားမားထိုးနှက်ခံခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဒယ်လ်ဘော့စကေးဟာ တိုက်စစ်ပိုင်းကို အဓိကထားပြုပြင်ခဲ့ရာမှာ နိုလီတို၊ မိုရာတာ၊ ပါကိုအယ်လ်ကာဆာတို့လို တိုက်စစ်မှူးတွေ စပိန်လက်ရွေးစင်ဖြစ်လာခဲ့သလို ပါကိုအယ်လ်ကာဆာဆိုရင် ခြေစစ်ပွဲအတွင်းမှာ အသင်းအတွက် ဂိုးအများဆုံးသွင်းသူအဖြစ်တောင် ရပ်တည်နိုင်ခဲ့တဲ့အထိ ခြေစွမ်းပြသနိုင်ခဲ့ပါတယ်။

လက်ရှိအချိန်မှာ ဒယ်လ်ဘော့စကေးဟာ ပါကိုအယ်လ်ကာဆာကိုချန်ထားခဲ့ပေမယ့် လူးကပ်စ်ဘက်စ်ကွက်ဇ်၊ နိုလီတို၊ အဒူရစ်ဇ်၊ မိုရာတာတို့ဟာ ထက်မြက်တဲ့တိုက်စစ်မှူးတွေဖြစ်ကြသလို အက်သလက်တီကို လူငယ်ကွင်းလယ်ကစားသမားဆောနီဂွက်ဇ်၊ ဘိုင်ယန်ရဲ့ အယ်ကန်တာရာ၊ ဘီဘာဘိုခံစစ်မှူး ဆမ်ဂျိုဆေးလ်၊ ရီးယဲလ်ခံစစ်မှူး ကာဗာဂျယ်၊ ဘာစီလိုနာခံစစ်မှူးဘာထရန်တို့ဟာ လက်ရွေးစင်အတွေ့အကြုံ နုနယ်တယ်ဆိုပေမယ့်လည်း တစ်ဦးချင်းအရည်အသွေးပိုင်းမှာ ကောင်းမွန်သူတွေဖြစ်ကြတဲ့အပြင် ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာ သက်ဆိုင်ရာ ကလပ်တွေအတွက် ခြေစွမ်းပြသနိုင်ခဲ့ကြသူတွေလည်း ဖြစ်နေကြတာကြောင့် အဆိုပါကစားသမားတွေ ပါဝင်လာခြင်းဟာ စပိန်အတွက် ပိုမိုအကျိုးရှိလာနိုင်စေပါတယ်။

ဒါ့အပြင် စပိန်မှာ ဖာဘရီဂက်စ်၊ ပီကေး၊ ရာမို့စ်၊ ဘက်စကွက်ဇ်၊ ဆေးလ်ဗား၊ အင်နီယေစတာ၊ အယ်လ်ဘာ၊ ကိုကီတို့လို လက်ရွေးစင်အတွေ့အကြုံပြည့်ဝတဲ့အပြင် တစ်ဦးချင်းအရည်အသွေးပိုင်း ထက်မြက်သူတွေလည်း ပါဝင်လာနိုင်တာကြောင့် စပိန်ဟာ စုဖွဲ့မှုအင်အားတောင့်တင်းနေဆဲဖြစ်သလို နဂိုကတည်းက အသင်းလိုက်ကစားအားကောင်းမွန်တဲ့အသင်းလည်း ဖြစ်နေတာကြောင့် စပိန်အနေနဲ့ ဒီယူရိုပြိုင်ပွဲမှာတော့ ဗိုလ်စွဲဖို့အထိ ပြန်လည်ရေပန်းစားနေပြီး ဒီအုပ်စုတွင်းမှာလည်း အုပ်စုပထမရဖို့ သေချာမှုရှိနေခဲ့တာဖြစ်ပါတယ်။

**ချက်**

**ပြီးခဲ့တဲ့ယူရို ၂၀၁၂ တုန်းက ခြေစွမ်းပြသပြီး ကွာတားဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့တဲ့ ချက်ဟာအသင်းကောင်းတစ်သင်းဖြစ်သလို ခြေစစ်ပွဲအတွင်းမှာလည်း တူရကီ၊ အိုက်စလန်၊ ဟော်လန်တို့လို အသင်းကောင်းတွေကို ကျော်ဖြတ်ကာ အုပ်စုပထမနဲ့ တိုက်ရိုက်ခြေစစ်ပွဲ အောင်ခဲ့တဲ့အသင်းဖြစ်တယ်။**

ချက်မှာ ရိုဆက်စကီးလို ဝါရင့်ကစားသမားကြီးပါဝင်နေသလို စပါတာပရက်ကွင်းလယ်ကစားသမား ဒေါ့ကယ်လ်၊ စပါတာပရပ်ဂ်တိုက်စစ်မှူး လာဖာတာ၊ ဘူဆာစပေါ့တိုက်စစ်မှူးနီဆစ်၊ ဘော်ဒိုး ကွင်းလယ်ကစားသမား ပလာဆေးလ်၊ ဟာသာဘာလင် ကွင်းလယ်ကစားသမား ဒါရီဒါတို့လို ကစားသမားကောင်းတွေလည်း ရှိနေကာ အသင်းလိုက်ကစားပုံလည်း ကောင်းမွန်တဲ့ အသင်းဖြစ်ပါတယ်။

ခြေစစ်ပွဲအတွင်းတုန်းကဆိုရင် နာမည်ကြီးဟော်လန်ကိုတောင် နှစ်ကျော့စလုံး အနိုင်ကစားနိုင်ခဲ့သလို ခြေစစ်ပွဲအတွင်း နှစ်ပွဲသာ ရှုံးပြီး ၁၉ ဂိုးသွင်းယူခဲ့တဲ့တိုက်စစ်ဟာလည်း ထက်မြက်မှုရှိတာကြောင့် ချက်ရဲ့အသင်းလိုက်စွမ်းဆောင်ရည်ဟာ ဒီအုပ်စုတွင်းမှာ သတိပြုရမယ့် အဆင့်မှာရှိတယ်လို့လည်း သုံးသပ်ထားကြတာဖြစ်ပါတယ်။ အားနည်းချက်ကတော့ ခံစစ်ပိုင်းဖြစ်ပြီး ခြေစစ်ပွဲအတွင်းမှာတောင် အုပ်စုပထမရခဲ့ပေမယ့် ထိပ်ဆုံးလေးသင်းအနက် ပေးဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်ခဲ့ရတာကို တွေ့ခဲ့ရတဲ့အတွက် အဆိုပါအချက်ကပဲ ချက်ရဲ့နောက်တစ်ဆင့်တက်နိုင်ရေးကို အနှောင့်အယှက်ပေးနိုင်တယ်လို့ ဆိုရမယ်။

**တူရကီ**

**အကောင်းဆုံးအုပ်စုတတိယအဖြစ်နဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ တူရကီဟာလည်း ခြေစွမ်းပိုင်း မာကျောတဲ့အသင်းဖြစ်ပါတယ်။ အာဒါတူရန်၊ ဆာဟင်၊ ယီမက်ဇ်၊ တိုပယ်တို့လို ကစားသမားကောင်းတွေရှိနေတာကြောင့်လည်း တူရကီဟာ ကစားသမားအင်အားပိုင်းမှာပါကောင်းမွန်တဲ့အသင်း ဖြစ်နေပြီး အုပ်စုပထမနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ ချက်ကိုတောင် အဝေးကွင်းမှာအနိုင်ယူနိုင်ခဲ့သလိုဟော်လန်ကိုလည်း အဝေးကွင်းမှာသရေနဲ့ အိမ်ကွင်းမှာအနိုင်ကစားနိုင်ခဲ့ပါတယ်။**

အထူးသဖြင့် တူရကီဟာ အသင်းလိုက်ကစားအား အထူးကောင်းမွန်ပြီး ပြိုင်ဘက်တွေကို မာမာထန်ထန်တုံ့ပြန်ကစားလေ့ရှိတာကြောင့် ကစားရခက်ခဲတဲ့ပြိုင်ဘက်အဖြစ် သတ်မှတ်ခြင်းခံထားရတဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် နီမက်ဇ်၊ တူရန်တို့လို တိုက်စစ်မှူးကောင်းနဲ့ ကွင်းလယ်ကစားသမားကောင်းတွေ ရှိနေတာကြောင့် တန်ပြန်တိုက်စစ်ကိုလည်း အကောင်းဆုံး အသုံးချနိုင်တဲ့အသင်းအဖြစ် တည်ရှိနေခဲ့တာဖြစ်သလို ခြေစစ်ပွဲအတွင်းမှာ ပေးဂိုးအနည်းဆုံးအဖြစ် ရပ်တည်နိုင်ခဲ့တဲ့ ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုအပြည့်ရှိပါတယ်။ ဒါကြောင့်လည်း တူရကီဟာ ချက်နည်းတူ အုပ်စုကျော်ဖြတ်နိုင်ဖို့ မျှော်လင့်ထားနိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။

**ခရိုအေးရှား**

**ခြေစစ်ပွဲအတွင်းတုန်းက အီတလီနောက် အုပ်စုဒုတိယနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ ခရိုအေးရှားဟာလည်း အသင်းကောင်းတစ်သင်းဖြစ်တာကြောင့် ချက်၊ တူရကီတို့နည်းတူ အုပ်စုတက်ရေး မျှော်လင့်ချက်ရှိနေပါတယ်။**

အထူးသဖြင့် ခရိုအေးရှားမှာ ရှေ့လယ်၊ နောက် ကစားသမားကောင်းတွေ ညီညီမျှမျှတည်ရှိနေပြီး ကာလူကာ၊ ဆာနာတို့လို ခံစစ်မှူးကောင်းတွေ၊ မိုဒရစ်၊ ရာကီတစ်၊ ကိုဗာဆစ်၊ ဟာလီဟိုဗစ်၊ ပါရီဆစ်တို့လို ကွင်းလယ် ကစားသမားကောင်းတွေ၊ မန်ဇူကစ်၊ ကာလီနစ်၊ ကရာမာရစ်တို့လို တိုက်စစ်မှူးကောင်းတွေ ရှိနေတာကြောင့် ခရိုအေးရှားဟာ ကစားသမားစုဖွဲ့မှုအင်အားပိုင်းအရ ဒီအုပ်စုတွင်းမှာ စပိန်ပြီးရင် အတောင့်တင်းဆုံးအသင်းလို့တောင် ဆိုနိုင်ပါတယ်။

ပါရီဆစ်ဆိုရင် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပေမယ့်လည်း တိုက်စစ်ကို အကောင်းဆုံးလိုက်ပါနိုင်သလို ခြေစစ်ပွဲအုပ်စုအတွင်းမှာတောင် ဂိုးအများဆုံးသွင်းသူအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ခရိုအေးရှားဟာ အုပ်စုပထမရရှိခဲ့တဲ့ အီတလီထက်တောင် ခြေစစ်ပွဲအတွင်းမှာ ဂိုးပိုသွင်းနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်သလို ကာလူကာ၊ ဆာနာတို့ရဲ့ ခံစစ်ပိုင်းဟာလည်း အဆိုပါ ခြေစစ်ပွဲအတွင်း ငါးဂိုးသာပေးရကာ ပေးဂိုးအနည်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့်လည်း မိုဒရစ်၊ ရာကီတစ်၊ ကိုဗာဆစ်တို့ရဲ့ ဖန်တီးပေးမှုအားအပြင် မန်ဇူကစ်၊ ကာလီနစ်၊ ပီရီဆစ်တို့ရဲ့ အဆုံးသတ်အားပါကောင်းမွန်မှုရှိတဲ့ ခရိုအေးရှားဟာ ချက်၊ တူရကီတို့ထက်တောင် အုပ်စုတက်ခွင့် ပိုမိုမျှော်လင့်နိုင်ခွင့်ရှိပါတယ်။

■ ရှိုင်းမင်းမင်း ■

# ဒေါ်အောင်ဆန်းစုကြည်မွေးနေ့အမှတ်တရ သစ်ပင်စိုက်ပျိုးခြင်း၊ ဘာသာပေါင်းစုံ ဆုတောင်းခြင်းနှင့် စာပေပြိုင်ပွဲများကျင်းပမည်

**ညောင်တုန်း ဇွန် ၈**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဇွန် ၁၉ ရက်တွင် ကျရောက်မည့် ၇၁ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အားရည်ရွယ်လျက် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မွေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း၊ ဘာသာပေါင်းစုံ ဝတ်ပြုဆုတောင်းခြင်းများအပါဝင် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား မိမိတို့နှစ်သက်ရာခေါင်းစဉ်ဖြင့် လူထုခေါင်းဆောင်အကြောင်းကို စာစီစာကုံး ရေးသားယှဉ်ပြိုင်စေခြင်း၊ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သော (အမေစုစိတ်ထား မှတ်သားစရာ စာ၊ စကားအဖြာဖြာ) ခေါင်းစဉ်ဖြင့် ဖတ်၊ မှတ် စွမ်းရည်ပြိုင်ပွဲကျင်းပခြင်း၊ စတုဒိသာလှူဒါန်းခြင်းနှင့် လူငယ်အဖွဲ့များ၏ ဆုတောင်းခြင်းအစီအစဉ်များကိုထည့်သွင်းကျင်းပသွားရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ညောင်တုန်းမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးနှင့် စုမေတ္တာပညာရေးကွန်ရက်တို့မှ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းမှတ် ဆုတောင်းပွဲများအား ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမဝင်မီအချိန်ကတည်းကပင် လူထုခေါင်းဆောင်အား လေးစားကြည်ညိုကြသည့် ညောင်တုန်းမြို့နေ လူငယ်၊ လူကြီးများနှင့် ပါတီဝင်များပူးပေါင်းကာ နှစ်စဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယခုနှစ်တွင် သစ်ပင်စိုက်ပျိုးခြင်း၊ ဘာသာပေါင်းစုံဆုတောင်းခြင်းနှင့် စာစီစာကုံးပြိုင်ပွဲများ ပါဝင်လာခဲ့ခြင်းဖြစ်သည်။ **ဝင်းဖေသစ်**

## ရက် ၁၀၀ စီမံချက်အတွင်း ကျွဲ၊ နွားကောင်ရေ၁၄၅၀၀ကို ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးမည်



**မတ္တရာ ဇွန် ၈**
မတ္တရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် မတ္တရာမြို့နယ်အတွင်းရှိ ကျွဲ၊ နွားများ ကူးစက်ရောဂါများကျရောက်မှု၊ ဖြစ်ပွားမှုမရှိစေရေးတို့အတွက် မေလအတွင်းက ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း ကျေးရွာပေါင်း ၅၈ ရွာမှ ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးအား ကောင်ရေ ၅၀၀၀၊ ကျွဲ၊ နွား လည်ချောင်းကွဲရောဂါကာကွယ်ဆေးအား ကောင်ရေ ၆၄၅၀ နှင့် ကျွဲနွားဒေါင့်သန်းရောဂါကာကွယ်ဆေးအား ကောင်ရေ ၃၄၀၀ ကို အခမဲ့ထိုးနှံပေးနိုင်ခဲ့ပြီး ကျွဲနွားကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပညာပေးဟောပြောခြင်းလုပ်ငန်းများကိုလည်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# မြေယာပိုင်ဆိုင်မှုပုံစံ (၇) ချပေးရေးကိစ္စ မြေစာရင်းဦးစီးဌာနနှင့် ပြည်သူတို့ ညှိနှိုင်း

**ရွှေသောင်ယံ ဇွန် ၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်တွင် ဇွန် ၅ ရက် မွန်းတည့် ၁၂ နာရီက ရပ်ကွက်နေပြည်သူများနှင့် မြေစာရင်းဦးစီးဌာနတို့သည် ပုံစံ (၇) ချပေးရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရေးအခမ်းအနားကို ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းနားတွင် ရပ်ကွက်(၁)အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ရပ်ကွက်(၁) အတွင်း လယ်မြေများနှင့် ဥယျာဉ်ခြံမြေများအား ပုံစံ (၇) ချထားပေးဝေရေးနှင့်ပတ်သက်၍ ပြည်သူများမှ သိလိုသည်များကိုမေးမြန်းရာ မြေစာရင်းဦးစီးမှူး ဦးမြတ်သူက ပုံစံ (၇) လျှောက်ထားပြီးသားလယ်သမားများအား ၁၅ ရက်အတွင်းရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်ဥယျာဉ်ပိုင်ရှင်များအတွက် ရပ်/ကျေးကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ရွှေသောင်ယံမြို့ မြေစာရင်းဦးစီးဌာနမှ မြေစာရင်းဦးစီးမှူး ဦးမြတ်သူ၊ ရပ်ကွက်(၁) အုပ်ချုပ်ရေးမှူး၊ ရပ်/ကျေးမြေကော်မတီအဖွဲ့ဝင်များ၊ လယ်ပိုင်ရှင်၊ ဥယျာဉ်ပိုင်ရှင်များ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။ **ကိုကိုမောင်(ပြန်/ဆက်)**

## ကျန်းမာရေးဌာန ဓာတ်မှန်အဆင့်(၄) ရေးဖြေ စာမေးပွဲဖြေဆို

**ဟားခါး ဇွန် ၈**
ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူငယ်မောင်မယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်နှင့် ကျေးလက်နေပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ကျန်းမာရေးဌာန၊ ဓာတ်မှန်အဆင့်(၄) ရေးဖြေစာမေးပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းသို့ဖြေဆိုရာ၌ ပြည်နယ်ကုသရေးဦးစီးဌာနမှ ဒေါက်တာတင်လှနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လျှောက်ထားသူ ၁၇၆ ဦးအနက် ၁၂၄ ဦး ဝင်ရောက်ဖြေဆိုကြရာ နှုတ်ဖြေစာမေးပွဲကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပပြီး အောင်မြင်သူများအား မြို့နယ်အသီးသီး၌ ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**

## တောင်ငူမြို့မှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

**တောင်ငူ ဇွန် ၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဆံတော်မရမ်းကျောင်းတိုက် စာရိတ္တဓမ္မကျောင်းမှ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် မဇ္ဈိမဝံသစာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်မှုရရှိခဲ့ကြသော ကျောင်းသူ၊ ကျောင်းသား ၁၇ ဦးတို့အား ဂုဏ်ပြုပွဲကို ဇွန် ၅ ရက်က တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်၌ ပြုလုပ်ခဲ့သည်။

ရွှေဆံတော်မရမ်းကျောင်းတိုက်ဆရာတော်မှ ဩဝါဒကထာချီးမြှင့်ခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲဗဟိုမှ တာဝန်ခံဆရာတော်က ပြိုင်ပွဲဆိုင်ရာများ ရှင်းလင်းမိန့်ကြားခြင်း၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြားခြင်း၊ စာရိတ္တဓမ္မကျောင်းကော်မတီဥက္ကဋ္ဌက လုပ်ငန်းဆိုင်ရာရှင်းလင်းခြင်းနှင့် သင်တန်းမှူးဆရာမကြီးက စာမေးပွဲဆောင်ရွက်ချက်များရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲတွင် ပထမဆုရ မရွှေရည်ပြည့်ဖြိုး၊ ဒုတိယဆုရ မဇာခြည်ဝင်း၊ စတုတ္ထဆုရ မလပြည့်သန့်နှင့် မဇ္ဈိမဝံသဗုဒ္ဓယဉ်ကျေးမှုစာမေးပွဲ အထက်တန်းဆင့်တွင် တစ်နိုင်ငံလုံးပထမဆုရ မောင်ဝေယံသူရိန်၊ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲမှ နှစ်သိမ့်ဆုရသူ လေးဦး၊ အထူးအောင် ငါးဦး၊ မဇ္ဈိမဝံသဗုဒ္ဓယဉ်ကျေးမှုစာမေးပွဲတွင် ဂုဏ်ထူးအောင် သုံးဦး၊ အထူးအောင်ဆုကိုးဦး စုစုပေါင်း ၁၇ ဦးတို့အား ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်လိုက်သည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ တောင်ငူမြို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဓမ္မစကူးကျောင်းများ၊ ပညာရေးကောလိပ်၊ ကျင်းပရေးကော်မတီဝင်များနှင့် ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း ၁၀၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၂၉)**

## မျိုးစပါးပင်များ အထွက်နှုန်းကောင်း

**ပေါင် ဇွန် ၈**
မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မေလတတိယအပတ်က မုန်တိုင်းအရှိန်ကြောင့် မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး တောင်သူဦးကြီးများ မျိုးစပါးပင်များ စောစီးစွာမျိုးချခဲ့ကြရာ မျိုးစပါးပင်များ အထွက်နှုန်းကောင်းနေကြောင်း သိရသည်။

"ကျွန်မတို့က မြန်မာ့အသံကနေ မိုးလေဝသသတင်းကို နေ့တိုင်းနားထောင်နေတာဆိုတော့ မုန်တိုင်းအရှိန်ကြောင့် မိုးရွာမှာကိုသိတော့ မိုးမရွာခင်တစ်ပတ်ကြိုပြီး လယ်ထဲဆင်းတော့တာပဲ။ မိုးရွာတာနဲ့အဆင်သင့်ဖြစ်ဖို့ ထွန်တုံးကိုအဆင်သင့်ပြင်ဆင်ထားတယ် ဒီနှစ်ကမိုးကျတာစောတယ် မိုးရွာတာနဲ့ရေတွေအပြည့်အဝရတယ် နောက်နေ့မနက်ကျတော့ ချက်ချင်းပဲ မျိုးခင်းတွေကို ထည်ထိုးတော့တာပဲ။ မျိုးခင်းတွေမျိုးစေ့ကြဲပြီးတာနဲ့ အပြင်စိုက်ခင်းတွေကို စပြီးထည်ထိုးပါတယ်" ဟု လယ်ယာလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုက ပြောသည်။

"ကျွန်မတို့က လယ်ဧက ၂၀ ကို နွားနှစ်ရှဉ်းနဲ့ ၈ ရက်လောက် အချိန်ယူပြီးထည်ထိုးရပါတယ်။ အခုဆိုမျိုးပင်တွေက ၁၀ ရက်လောက်ရှိပြီး ၁၀ရက်ပြည့်တာနဲ့မျိုးပင်တွေသန်စွမ်းအောင် ကျွန်မတို့က ပုလဲဓာတ်မြေဩဇာကို ပက်ဖျန်းပေးပါတယ်။ ပေါ်ဆန်းမွှေး၊ ကမာကျီ၊ ရွှေဝါထွန်း ဒီသုံးမျိုးကို အဓိကထားပြီး မျိုးကြဲထားတယ်။ အရင်နှစ်တွေကထက်တော့ ဒီနှစ်မျိုးပင်တွေ ပိုးကျတာ သိပ်မရှိဘူး။ ရာသီဥတုကောင်းရင်တော့ ဒီနှစ်က မနှစ်ကထက် စပါးအထွက်ကောင်းလိမ့်မယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

**ကိုဟိန်း(ပေါင်)**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်လှစ်



**အောင်လံ ဇွန် ၈**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၈ နာရီက စက်မှုလယ်ယာဦးစီးဌာန အမှတ် (၁၀) စက်မှုလယ်ယာစခန်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရှေးဦးစွာ အောင်လံမြို့မှ စက်မှုလယ်ယာဦးစီးဌာန သရက်ခရိုင်ဦးစီးဌာနမှူး ဦးညွန့်ဆိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းလွင်ဦးက စက်မှုလယ်ယာစနစ်နှင့် သင်တန်းအတွက်စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် Good Brother's Co,Ltd; အောင်လံမြို့နယ်တာဝန်ခံမှ လယ်ယာသုံးစက်ပစ္စည်းများအကြောင်း မိတ်ဆက်စကားပြောကြားကာ ပြသထားသော လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့ပေါ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၂၀ မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသား ၃၉ ဦးတို့ တက်ရောက်ခဲ့သည်။ **သိန်းလွင်(ပြန်/ဆက်)**

## အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအနေဖြင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မိသားစုဝင်များ စုပေါင်း၍ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် သစ်ပင်စိုက်ပျိုး

**မုံရွာ၊ ဇွန် ၈**
ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်သည့်အနေဖြင့် အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအား သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မိသားစုဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် ညနေ ၅ နာရီက နန္ဒဝန်ရပ်ကွက် သစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့သစ်တောဦးစီးဌာနက ရက် ၁၀၀ စီမံချက်အား အကောင်အထည်ဖော်သည့်အနေဖြင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မိသားစုဝင်များက သစ်တောများ ပြန်လည်ထိန်းသိမ်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့အား မိမိတို့မြို့နယ်များအလိုက် စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ သာသနာ့နယ်မြေများနှင့် မြေလွတ်မြေရိုင်းများတွင် အပတ်စဉ်တိုင်း အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဌာနဆိုင်ရာများ၊ ပြည်သူများထံသို့ အရိပ်ရအပင်များလည်း အခမဲ့ ဖြန့်ဝေသွားမည်ဖြစ်ပြီး ဝန်ထမ်းနှင့်ပြည်သူလက်တွဲပြီး နှစ် ၃၀ သီးနှံစိုက်ပျိုးနိုင်ရေး သီးနှံသစ်တော ရောနှောစိုက်ပျိုးခင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် တမာ ၅၂ ပင်၊ ပိတောက် ၇၄ ပင်၊ ငု ၆၁ ပင်၊ မန်ကျည်းအပင် ၄၀ ၊ မယ်ဇယ် ၁၀ ပင်၊ ယူကလစ်တစ်ရှူး ၁၄ ပင်၊ ခရေ ၁၂ ပင်၊ ရွှေးကြီး ၂၅ ပင်၊ လျှော်ဖြူ ၂၁ ပင်၊ စိန်ပန်း ၁၀ ပင်၊ ပင်လယ်ကဗီး ၁၀ ပင်၊ ကျွန်း ၄၆ ပင်၊ ပန်းမယ်ဇလီအပင် ၂၀၊ ဆီသပြေ ၁၀ ပင် စုစုပေါင်း အပင် ၄၁၂ ပင်အား တပျော်တပါးစိုက်ပျိုးကြပြီး ဇွန် ၅ ရက်မှစတင်၍ ဇူလိုင် ၁၅ ရက်ထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**



# စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့ အမျိုးသားသွေးဌာနတွင် ဇွန် ၇ ရက်က ကမ္ဘောဇအေနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို စတင်ကျင်းပ ပြုလုပ်ပြီး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့်အတူ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ ကမ္ဘောဇဘဏ်ခွဲများနှင့် ကမ္ဘောဇအုပ်စုကုမ္ပဏီအသီးသီးမှ အရာထမ်း၊ ဝန်ထမ်းများပါဝင်လှူဒါန်းခဲ့ကြသည်။ ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၆ခုနှစ် ဇွန်လအတွင်းတွင် မန္တလေးမြို့နှင့် ကျန်ပြည်နယ်နှင့်တိုင်း(၈)ခုတို့တွင်လည်း သွေးလိုအပ်သော နေရာများ၊ လူနာများအတွက် ရည်ရွယ်ပြီး စုစုပေါင်းသွေးလှူရှင် ၁၇၀၀ ကျော်တို့မှ စုပေါင်းသွေး လှူဒါန်းသွားကြမည်ဖြစ်သည်။ ဖောင်ဒေးရှင်း၏ ပထမအကြိမ် သွေးလှူဒါန်းပွဲကိုလည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် ပြုလုပ်ခဲ့ပြီး စုစုပေါင်းသွေးလှူရှင် ၉၀၀ ကျော်မှ သွေးလိုအပ်သော နေရာများ၊ လူနာများအတွက် သွေးလှူဒါန်းခဲ့ကြသည်။

ယခုလို သွေးလှူဒါန်းခြင်းဖြင့် ကိုယ်ဝန်ဆောင်ခြင်း မီးဖွားခြင်းနှင့် ဆက်စပ်သော ဖြစ်ရပ်များ၊ အဟာရချို့တဲ့မှု၊ သွေးလွန်တုတ်ကွေး၊ ငှက်ဖျား၊ သွေးအားနည်း၊ သွေးဖျော့ရောဂါ၊ သွေးခဲမှုပုံမှန်မဟုတ်သော သွေးယိုစီးမှု၊ သွေးကင်ဆာ၊ အရေးပေါ်နှင့် ပုံမှန်ခွဲစိတ်ကုသမှု၊ ထိခိုက်ဒဏ်ရာအစားထိုးခြင်းများ၊ သွေးနီဥ-သွေးဖြူဥ-သွေးရည်ကြည်နှင့် အခြားသွေးဓာတ်ပစ္စည်းများစသည့် သွေးလိုအပ်သည့် နေရာများတွင် အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၀၁၀)

# ညောင်တုန်းအဘိဓမ္မာပြန့်ပွားရေးအသင်း ဆဋ္ဌမအကြိမ်မြောက် ကုသိုလ်ပြုလှူဒါန်း

**ညောင်တုန်း ဇွန် ၈**

ညောင်တုန်းမြို့ အဘိဓမ္မာအသင်းကြီးမှ ကြီးမှူးကျင်းပပြုလုပ်သော ၂၀၁၆ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ပရဟိတစုပေါင်း လှူဒါန်းခြင်းအဖြစ် ရှေးဦးစွာ လှိုင်သာယာမြို့ အောင်ဇေယျာမင်းဘုန်းတော်ကြီးသင် ပညာရေး ပရဟိတကျောင်းရှိ ဆင်းရဲနွမ်းပါး၍ ကျောင်းမနေနိုင်သော ကလေးများအတွက် အလှူငွေကျပ် ၅၂၀၀၀၀ အားပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယခုနှစ် ၂၀၁၆ ခုနှစ် ဆဋ္ဌမအကြိမ်မြောက်အလှူအဖြစ် ဒဂုံမြို့သစ်အရှေ့ပိုင်းဆည်းဆာရိပ် ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၇၂၀၀၀၀၊ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် သုခဆေးခန်းသို့ အလှူငွေကျပ် ၉၈၅၀၀၀၊ ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၀၂၀၀၀၀၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရွာသာကြီးရှိစိတ်ရောဂါအထူးကုဆေးရုံကြီးသို့ အလှူငွေကျပ် ၄၆၀၀၀၀ နှင့် အစားအစာမုန့်မျိုးစုံ၊ မင်္ဂလာဒုံမြို့ရှိသန္တိသုခ ပရဟိတသီလရှင် စာသင်တိုက်သို့ အလှူငွေကျပ် ၅၂၀၀၀၀ လှူဒါန်းခဲ့သည်။

ယင်းအပြင် ဝိသာခါသီလရှင်ပရဟိတကျောင်းသို့ အလှူငွေကျပ် ၇၂၀၀၀၀ နှင့် ဘိုးဘွားရိပ်သာနှင့် ပရဟိတကျောင်းများသို့ အဝတ်လျှော်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာ၊ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ဗလာစာအုပ်၊ ဘောပင်၊ စာရေးကိရိယာများနှင့်၊ အဝတ်အထည်နှင့် အခြားလှူဖွယ်ပစ္စည်းများအား ဇွန် ၇ ရက်က သက်ဆိုင်ရာဒေသများသို့ သွားရောက်လှူဒါန်းရာ အလှူငွေစုစုပေါင်း ငွေကျပ် ၄၈၇၀၀၀၀ အား ပရဟိတ ကုသိုလ်ပြု စုပေါင်းစုဆောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အဘိဓမ္မာပြန့်ပွားရေးအသင်းကို ၂၀၀၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဆရာတော် ဦးဇဋိလ၊ ဦးဇဝနနှင့် ဆရာဦး မြင့်စိုး(ဦးမင်းခေါင်-ညောင်တုန်း)တို့က အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်၊ ပဋ္ဌာန်းဒေသနာတော်စသည်များကို စနေ၊ တနင်္ဂနွေနေ့တိုင်း ပို့ချပေးလျက်ရှိပြီး နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ လူငယ်တရားပွဲများ၊ ပရဟိတလူမှုကူညီရေးအဖွဲ့ကို ဖွဲ့စည်းပြီး အများအကျိုးပြုပရဟိတ အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **ထွန်းကျော်(ညောင်တုန်း)**

# ရက်ကန်းနှင့်အသက်မွေးဝမ်းကျောင်း၌ အခြေခံအပ်ချုပ်စက် သင်တန်းအမှတ်စဉ်(၂/၂၀၁၆) သင်တန်းဆင်း

**စစ်တွေ ဇွန် ၈**

ရခိုင်ပြည်နယ် စစ်တွေမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတွင် ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေခံအပ်ချုပ်စက် အမှတ်စဉ် (၂/၂၀၁၆) သင်တန်းဆင်းပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဘဏ္ဍာ/အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်နှင်းဖြိုးက အခြေခံအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းတွင် တက်ရောက်အောင်မြင်ကြသော သင်တန်းဆင်း ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဘဏ္ဍာ/အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်နှင်းဖြိုးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်းဝင်း(ခရိုင်ပြန်/ဆက်)**

# မြေပဲစိုက်တောင်သူများ ဈေးကောင်း၍ စီးပွားရေးအဆင်ပြေ

**ပင်လည်ဘူး ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်းရှိ မြေပဲစိုက်တောင်သူများ မြေပဲဈေးကောင်း၍ စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် သီးထပ်သီးညှပ်အဖြစ် မိုးစပါးရိပ်သိမ်းပြီးချိန် မြေပဲများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။ မြေပဲများကို မိုးစပါးရိပ်သိမ်းပြီးချိန် ပြာသိုလတွင်စတင်ထွန်ယက်စိုက်ပျိုးပြီး ကဆုန်လတွင် မြေပဲများအား နုတ်ယူခြွေပြီးအခွံခွဲ၍ ပဲဆန်များကို မန္တလေးမြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၇၀၀၀ ဖြင့်ရောင်းချရပြီး ယခုနှစ်တွင် မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၉၅၀၀ မှ ၁၀၀၀၀ အထိ ရောင်းရသဖြင့် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေကြောင်း မြေပဲစိုက်တောင်သူများရဲ့ စကားသံများကို ကြားသိရသည်။

**မျိုးလွင်(ပင်လည်ဘူး ပြန်/ဆက်)**

# ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်း ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဇွန် ၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၁၆ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး (TSDP) အစီအစဉ်အရ ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၅ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၃ ရက် နံနက်မှ စတင်ကျင်းပပြီး ဘားအံမြို့နယ် ရပ်ကွက်/ကျေးရွာများနှင့် ဌာနဆိုင်ရာများမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၄ သင်းက ပွဲစဉ်ပေါင်း ၂၉ ပွဲ ယှဉ်ပြိုင်ကစားကြကာ ယနေ့တွင် နောက်ဆုံးဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားကြခြင်းဖြစ်သည်။

ဗိုလ်လုပွဲ ယှဉ်ပြိုင်မကစားမီ မြန်မာနိုင်ငံအမျိုးသား လက်ရွေးစင် ပိုက်ကျော်ခြင်း(က) အသင်းနှင့် (ခ)အသင်းတို့က သုံးယောက်တွဲနှင့် နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကို သရုပ်ပြယှဉ်ပြိုင်ကစားကြပြီး ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးက တစ်ဦးချင်းလိုက်လံနှုတ်ဆက်ကာ အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ရပ်ကွက်(၄) (က) အသင်းနှင့် ရပ်ကွက်(၄) (ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရပ်ကွက်(၄) (ခ) အသင်းက ၂ ပွဲ ၁ ပွဲ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်က တတိယဆုရရှိသော ရပ်ကွက်(၅) အသင်း၊ ဒုတိယဆုရရှိသော ရပ်ကွက်(၄) (က)အသင်းနှင့် ပထမဆုရရှိသော ရပ်ကွက်(၄) (ခ) အသင်းတို့အား တစ်ဦးချင်းဆုနှင့် ငွေသားဆုများချီးမြှင့်ပြီး ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခိုင်နွယ် က နေရာအလိုက်အကောင်းဆုံးဆုများ ပေးအပ်ချီးမြှင့်ကာ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးက အနိုင်ဗိုလ်စွဲသွားသော ရပ်ကွက်(၄) (ခ) အသင်းအား ပထမဆုကလပ်ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



**ခနေဖြူမြို့နယ် (၁၇)ရပ်ကွက် (၅)လမ်းရှိ အဓိကပင်မရေမြောင်းအား ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့များ၊ ပြည်သူများနှင့်ပူးပေါင်း၍ တူးဖော်ရှင်းလင်းဆောင်ရွက်ခဲ့သည်။ ယင်းနောက် (၁၀)ရပ်ကွက် ကန်သာယာလမ်းရှိ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့်လမ်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။** သတင်းနှင့်ဓာတ်ပုံ- ခနေဖြူ (ပြန်/ဆက်)

# ဟားခါးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ဟားခါး ဇွန် ၈**

ကျောင်းဖွင့်ရာသီရောက်ရှိလာသည်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာတတ်စေရေးတို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၆ ရက် နံနက် ၈ နာရီခွဲက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း၌ ကျင်းပသည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် ဟားခါးမြို့ အမှတ်(၁၆)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ဒုရဲမှူးကျော်ဦးက လမ်းဘေးမှကပ်၍ လျှောက်ရန်၊ ရင်ပေါင်တန်းမလျှောက်ရန်၊ လမ်းဖြတ်ကူးလျှင် မြင်ကွင်းကွယ်သောနေရာမှ လမ်းဖြတ်မကူးရန်နှင့် အသက် ၁၆ နှစ်မပြည့်သူများကို မော်တော်ဆိုင်ကယ်စီးနင်းခွင့် မပြုကြောင်း စသည်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ဟားခါးခရိုင် ပြန်/ဆက်)**

# စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာများ ပညာပေးသင်တန်း ဖွင့်လှစ်သင်ကြား

**ဖယ်ခုံ ဇွန် ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းပညာများ ပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ပြည်နယ်အဆင့်စိုက်ပျိုးရေးပညာရှင် လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မြင့်မြင့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးချိုချိုတို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို သုံးရက်ကြာကျင်းပပေးမည်ဖြစ်ပြီး ယနေ့သင်တန်း ပထမရက်တွင် မျိုးစေ့၊ ပိုးမွှားရောဂါ၊ ဓာတ်မြေဩဇာဆိုင်ရာ ဥပဒေသစ်များ ရှင်းလင်းပို့ချသည်။ ဒုတိယနေ့တွင် စပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ ပဲစင်းငုံသီးနှံများ၏ စိုက်ပျိုးရေးဆိုင်ရာ စိုက်နည်းစနစ်ကောင်းများ ပို့ချခြင်း၊ မြေဆီလွှာဆိုင်ရာကိစ္စရပ်များနှင့် ရောဂါပိုးမွှားကျရောက်မှု ကာကွယ်နှိမ်နှင်းရေး ဘက်စုံကာကွယ်ရေးနည်းစနစ်များ၊ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုဆိုင်ရာ နည်းစနစ်များကိုလည်းကောင်း၊ တတိယနေ့တွင် ရွှေပြည်အေးဘိန်းအစားထိုး ပညာပေးခြံမှ နှစ်ရှည်ပင် သရက်၊ ထောပတ်၊ လိမ္မော်သီးပွဲနည်းကျစိုက်ပျိုးနည်းစနစ်ကောင်းများနှင့် မျိုးပွားခြင်းဆိုင်ရာ ကိုင်းကူး၊ ကိုင်းဆက် နည်းပညာ၊ ပိုးမွှားရောဂါကာကွယ်ခြင်း နည်းပညာများကိုလည်းကောင်း သင်ကြားပို့သွားမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့မှ ကျေးရွာတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ တောင်သူများ အပါအဝင် စုစုပေါင်းသင်တန်းသား ၁၅၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး**

# နို့နှင့်နို့ထွက်ကုန်များ ပြည်ပမှ နှစ်စဉ်သန်း ၁၀၀ ဖိုးခန့်တင်သွင်း နေရသဖြင့် နို့စားနွားမွေးမြူရေးများ ဖွံ့ဖြိုးလာရန်လိုအပ်

**နေပြည်တော် ဇွန် ၈**

နို့နှင့်နို့ထွက်စားသောက်ကုန်များဖြစ်သည့် နွားနို့ ပေါင်း၊ နို့မှုန့်၊ နို့ဆီ၊ နို့စိမ်းများကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ သွင်းကုန်စာရင်းများအရ သိရ သည်။

ပြည်တွင်း နို့စားနွားမွေးမြူမှုနည်းပါးပြီး နွားနို့နှင့် နို့ထွက်ကုန်များ ထုတ်လုပ်မှုနည်းနေသဖြင့် ပြည်ပမှ တင်သွင်းခဲ့ရသည့်ပမာဏမှာ ၂၀၁၅ ခုနှစ်တွင် နို့ဆီ၊ နို့စိမ်းတန် ၄၄၀၀၀ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉ သန်း၊ နို့မှုန့်တန် ၁၁၀၀၀ တန်ဖိုး ဒေါ်လာ ၃၉ သန်း၊ အမဲသား ၅၁ တန် တန်ဖိုးဒေါ်လာ သုည ဒသမ ၃၅ သန်း ကို တင်သွင်းခဲ့ရပြီး စုစုပေါင်း ၉၈ သန်းကျော်ဖိုး တင်သွင်းခဲ့ရကြောင်း သိရသည်။

ကျောင်းဖွင့်ရာသီတွင် ကျောင်းများ၌ ကျောင်းသား ငယ်လေးများအား နွားနို့တိုက်ကျွေးရာတွင် ပြည်တွင်းမှ ထွက်ရှိသည့် နွားနို့ဖြင့်တိုက်ကျွေးရန် မလုံလောက် သဖြင့် နွားနို့ဘူးများကိုပင် ပြည်ပနိုင်ငံများမှ တင်သွင်း နေရကြောင်း ကျောင်းအလှူရှင်များထံမှ သိရသည်။

နို့ထွက်ပစ္စည်းများမှာ နွားနို့၊ နို့မှုန့်၊ နို့ခဲ၊ ဒိန်ချဉ်၊ မလိုင်၊ နို့ဆီ၊ နို့စိမ်းများဖြစ်ပြီး နို့စားနွားမွေးမြူရေး လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာ နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဦးစီးဌာနက နေပြည်တော်၊ ရန်ကုန်တိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီးနှင့် ကယားပြည်နယ်တို့တွင် နို့စားနွားမွေးမြူရေး လုပ်ငန်းများကို စံပြလုပ်ဆောင်နေပြီး မွေးမြူလိုသူများ ကိုလည်း နည်းပညာနှင့် သင်တန်းများပေးခြင်း၊ မေထုန် မဲ့သားစပ်မျိုးချောင်းများနှင့် နိုက်ထရိုဂျင်အရည်များ အခမဲ့ဖြန့်ဖြူးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ် ဖြန့်ဖြူးပေးခြင်း၊ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးသောဒေသ များတွင် နို့ပြုပြင်ထုတ်လုပ်ရေးစက်အစုံ ၈၀ အား ခရိုင် ၅၁ ခု၊ မြို့နယ် ၆၇ ခုသို့ ဖြန့်ဖြူးပေးထားပြီး အနီးနားဒေသများရှိ နို့စားနွားမွေးမြူရေးခြံများမှ ထွက်ရှိသော နွားနို့များကို ပြန်လည်ဝယ်ယူခြင်းဖြင့် ဈေး ကွက်ဖော်ဆောင်ပေးကာ Public Private Partnership စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သုတေသနနှင့် အဆင့်မြင့်သုတေသနလုပ်ငန်းများ ကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းထံက သိရသည်။

ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နယူးဇီလန်တို့မှ လည်း နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်ပိုင်တစ်နိုင် နို့စားနွားမွေးမြူ ရေးလုပ်ငန်းများကိုလည်း FAO (ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့) ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက် လျက်ရှိသည်။

**ဖိုးသန့်**

## ကျေးရွာမြေငှားဂရန်ထုတ်ပေးရန် ညှိနှိုင်းစည်းဝေး

**အင်းတော် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာများအရောက် မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု လယ်ပြင် ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ၂၀၁၆ ခုနှစ် ဇွန် ၅ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်လယ် ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ တက်ရောက်လာ သည့် ကျေးရွာပြည်သူများမှ သိရှိလိုသည့်အချက်များအား အသီးသီး မေးမြန်းခဲ့ကြသည်။

ယင်းနေ့ကပြုလုပ်သည့် မြေငှားဂရန်ထုတ်ပေးရေး ညှိနှိုင်းအစည်း အဝေးသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်ဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဒေသခံကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မြိုင်**

## အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံချက် ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးဆောင်ရွက်

**ရေး ဇွန် ၈**

အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံ ချက်များအရ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက် လျက်ရှိရာတွင် ရေးမြို့နယ် နှင်းစုံ ကျေးရွာအုပ်စု နှင်းစုံကျေးရွာရှိ ရွာမြေ ပေါ်တွင် နေထိုင်ကြသည့် ပြည်သူများ ၏ နေအိမ်ဝိုင်းများအား ကျေးရွာမြေ ငှားဂရန်များအား ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါကျေးရွာအားမြေငှားဂရန် ထုတ်ပေးရေးစီမံချက်ကာလအတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင် သော မြို့နယ်လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေး မှူးနှင့် ကျေးရွာမြေငှားဂရန်ထုတ် ပေးရေးလုပ်ငန်းအဖွဲ့ဝင်များ ကျေးရွာ နေပြည်သူများအား တွေ့ဆုံရှင်းလင်း ပြောကြားပေးပြီး မြေငှားဂရန်ထုတ် ပေးမည့် ကျေးရွာနေ အိမ်ခြံဝိုင်းများ အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း တို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရေးမြို့နယ် နှင်းစုံကျေးရွာသည် ရေး-မော်လမြိုင်ကားလမ်းပေါ်တွင် တည်ရှိသည့် ကရင်တိုင်းရင်းသား အများစုနေထိုင်ရာ ကျေးရွာတစ်ရွာ ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## တွန်းဇံမြို့၌ မြို့နယ်တရားရုံး အဆောက်အအုံသစ် ဖွင့်လှစ်

**တွန်းဇံ ဇွန် ၈**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံ မြို့၌ မြို့နယ်တရားရုံးအဆောက် အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါ အဆောက်အအုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချင်းပြည်နယ် တရားလွှတ်တော် ပြည်နယ်တရားသူ ကြီးချုပ် ဦးဝင်းမြင့်ကျော်က တရားရုံး အဆောက်အအုံသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးနောက် ချင်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးပေါင်လွန်း မင့်ထန်၊ ချင်းပြည်နယ်တရားလွှတ် တော် ပြည်နယ်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ချင်းပြည်နယ် တရားလွှတ်တော် တရားသူကြီး ဦးမြင့် သိန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးခဲ့ကြသည်။

ဆက်လက်၍ ရှင်သစ်မြေဆောက် လုပ်ရေးကုမ္ပဏီလီမိတက် ကန်ထ ရိုက်တာ ဦးကျင်ခတ်ဆွင်နှင့် ချစ်သစ္စာ ကုမ္ပဏီမှ ကန်ထရိုက်တာ ဦးကျင့်တုန်း မန်တို့က အဆောက်အအုံဆိုင်ရာ အချက်အလက် စာရွက်စာတမ်းများ ကို ပြည်နယ်တရားဦးစီးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တွန်းဇံမြို့နယ်တရားရုံးအဆောက် အအုံသစ်ကို ခွင့်ပြုရန်ပုံငွေ ၆၁ သန်း ဖြင့် ရှင်သစ်မြေဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ကလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျား/မ အချုပ်ခန်း၊ သက်သေများ၊ ရှေ့နေနားနေဆောင် အများသုံးသန့် စင်ခန်း၊ အာရ်စီ နှစ်ခန်းတွဲ၊ လီတာ ၅၀၀ ဆံ့ ရေတိုင်ကီနှစ်လုံး၊ ဂါလန် ၈၀၀ ဆံ့ရေကန်နှင့် ခြံစည်းရိုးကာ ရံခြင်းလုပ်ငန်းများအတွက် ခွင့်ပြုရန် ပုံငွေကျပ် ၄၂၂၈၀၀၀၀ ဖြင့် ချင်းသစ္စာ ကုမ္ပဏီမှလည်းကောင်း ဆောက်လုပ် ခဲ့ကြကြောင်း သိရသည်။ **ခိုဟေဆာ**

## ကြက်သွန်ဖြူအခွံချွတ်လုပ်ငန်းမှ အိမ်ရှင်မများအိုးမကွာအိမ်မကွာ ဝင်ငွေပုံမှန်ရရှိနေ



**မန္တလေး ဇွန် ၈**

မန္တလေးမြို့ ကြက်သွန်ဖိုရပ်ကွက်တွင် ကြက်သွန်ဖြူအခွံချွတ်လုပ်ငန်းဖြင့် အိမ်ရှင်မများ အိုးမကွာအိမ်မကွာ အလုပ်အကိုင်အခွင့်အလမ်းများရရှိ ကြပြီး ရာသီဥတုကောင်းမွန်သည့် အခါတွင် တစ်ဦးလျှင် လုပ်အားခငွေ ကိုးထောင်ကျော်အထိရရှိကြောင်း သိရသည်။

ကြက်သွန်ဖိုရပ်ကွက်တွင် ကြက် သွန်ဖြူပွဲရုံများမှ ကြက်သွန်ဖြူများကို ထုတ်ပေးပြီး အခွံချွတ်ခြင်းကို ပိဿာ ပြတ်ဖြင့် ပြုလုပ်ခိုင်းကြသည်။ ကြက် သွန်ဖြူများ ပွဲရုံမှလာပို့ပြီဆိုပါက အုပ် စုလိုက် အခွံချွတ်လုပ်ငန်းကို လုပ်ကိုင် ကြသည်။ ကြက်သွန်ဖြူအခွံချွတ်လုပ် ငန်းလုပ်ကိုင်ရာတွင် ပထမဦးစွာ ကြက်သွန်ဖြူအမြောင်းကလေးများ ဖြစ်စေရန် ပြုလုပ်ပေးကြရသည်။

ဒုတိယအနေဖြင့် ကြက်သွန်ဖြူ အမြောင်းကလေးများ အပေါ်ယံအခွံ ဖြူများကို ချွတ်ကြပြီး ဧရာဝတီမြစ် အတွင်း ရေဆေးကြသည်။ ရေဆေးပြီး ပါက အခြောက်လှန်းခြင်းမှအစ အဆင့်လိုက် စနစ်တကျပြုလုပ်ကြရ သည်။ ရေဆေးပြီးကြက်သွန်ဖြူများ ကို စက်ဖြင့်ထပ်ကြိတ်ကာ အခွံသင် ကြသည်။ အခွံလုံးဝမပါသောကြက် သွန်ဖြူအမြောင်းကလေးများ ရရှိလာ ပါက ဆီဖြင့်ကြော်ခြင်းလုပ်ကာ သန့် စင်သော ကြက်သွန်ဖြူကြော်များကို ရရှိကြသည်။

ကြက်သွန်ဖြူအခွံချွတ်ခြင်းလုပ် ငန်းတွင် ပထမဦးဆုံး အပေါ်အရေခွံ ချွတ်ခြင်း၊ အမြောင်းပြုလုပ်ခြင်းမှ ရေဆေးပြီးသည်အထိ တစ်ပိဿာ ကို ငွေကျပ် ၁၅၀ နှုန်းရရှိပြီး အနည်း ဆုံး ပိဿာချိန်ငါးဆယ်မှ ခြောက် ဆယ်အထိပြီးစီးကြောင်း သိရသည်။ အိမ်ရှင်မတစ်ဦးလျှင် အနည်းဆုံးငွေ ကျပ် ခုနစ်ထောင်မှ တစ်သောင်းထိ ရရှိပြီး တစ်နှစ်ပတ်လုံး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



## မတ္တရာမြို့နယ် ရွှေးစုကျေးရွာတွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရက် ၁၀၀ စီမံချက်အတွင်း စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်နေ

**မတ္တရာ ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရွှေးစုကျေးရွာတွင် မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းပါက နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပွားသဖြင့် ရေစီးရေလာကောင်း မွန်မှုမရှိသော ကျေးရွာရေနုတ်မြောင်း ၉၀၀၅ ပေအား ရက် ၁၀၀ စီမံချက်ဖြင့် စက်ယန္တရားအသုံး ပြု၍ တူးဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင် မောင်အေးနှင့် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းတို့ ကွင်းဆင်းစစ်ဆေးရာ ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထိန်က လုပ်ငန်းဆောင်ရွက်နေမှုများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ကျေးရွာရေနုတ်မြောင်းမှာ ပိတ်ဆို့နေသည့်အတွက် မိုးရွာသွန်းပါက မိုးရေများမှာ ကျေးရွာအဝင် လမ်းမှစ၍ စာသင်ကျောင်းနှင့် ကျေးရွာအတွင်းသို့ဝင်ရောက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး စာသင်ကျောင်းအတွင်းတွင် မိုးရေမှာ နှစ်ပေခွဲ သုံးပေအထိ ဝင်ရောက်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများမှာ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ကာ စာသင်ကြားရပြီး အိမ်ခြေ ၇၀ မှာ လည်း ရေဝင်ရောက်မှုဒဏ်ကို ခံစားခဲ့ရသည်။

အဆိုပါရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်ရေးအတွက် ရွှေတချောင်းအထိ တူးဖော် မည်ဖြစ်ကာ တူးဖော်ဆောင်ရွက်ပြီးစီးပါက ကျေးရွာအတွင်းနှင့် ရွာအဝင်လမ်းပေါ်သို့ ရေဝင်ရောက် မှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး မြေဧက ၆၀၀၀ ကိုလည်း ရေကြီးနစ်မြုပ်မှုဒဏ်မှ ကာကွယ်ပေးနိုင်မည် ဖြစ်သည်။

**စိုးကျော်သူထွေး(မတ္တရာ)**



## ဥတိုမြို့သစ် သီတဂူစကျွဒါနဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**အုတ်ဖို ဇွန် ၈**

အုတ်ဖိုမြို့နယ် ဥတိုမြို့သစ် သီတဂူစကျွဒါနဆေးရုံကြီးတွင် ဇွန် ၇ ရက် နံနက်ပိုင်းက နိုင်ငံတကာခြသေ့်အသင်းဝင်များ ဒေသ ၃၄၅-က (ကိုရီးယား)မှ မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရန်လှူဒါန်းခြင်းအား သီတဂူသာသနာပြုအဖွဲ့၊ ကိုရီးယားနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့နှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့ကြသည်။

မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရာတွင် ကိုရီးယားနိုင်ငံသားဆရာဝန် Dr.Jung Gun Lee ဦးဆောင်သော အဖွဲ့မှ စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိရာ ဇွန် ၆ ရက်က မျက်စိဝေဒနာရှင် ၃၆ ဦး ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ၎င်းအစီအစဉ်အား ဇွန် ၆ ရက်မှ ဇွန် ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အုတ်ဖို(ပြန်ဆက်)**

# ရေနံချောင်းတွင် ဆိုင်ကယ်စီး ဦးထုပ် အရောင်းအဝယ် နှစ်ဆနီးပါး မြင့်တက်လာ

**ရေနံချောင်း ဇွန် ၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ မော်တော်ဆိုင်ကယ်အပိုပစ္စည်း ဈေးကွက်တွင်ယခင်ကထက် ထက်ဝက်နီးပါးအရောင်းအဝယ်သွက်နေကြောင်းရေနံချောင်းမြို့ရွှေဝါထွန်းဆိုင်ကယ်နှင့်ဆိုင်ကယ်အပိုပစ္စည်းအရောင်းအဝယ်ဆိုင်ပိုင်ရှင် ဦးတင်ကြူးက ပြောသည်။

ယခုရက်တွင်မော်တော်ဆိုင်ကယ်အပိုစ္စည်းများ၌ ဆိုင်ကယ်စီးဦးထုပ်မှာ တစ်နေ့ အလုံးရေ ၅၀ ခန့်ထိ အရောင်းသွက်နေကြောင်း သိရသည်။

တစ်မြို့လုံးရှိ ဆိုင်ကယ်အပိုပစ္စည်းဆိုင်များ အားလုံးပေါင်းပါက တစ်နေ့လျှင် ဆိုင်ကယ် ဦးထုပ်အလုံးရေ ၂၅၀ ဝန်းကျင်ရောင်းရပြီး ယခင်လကထက် ထက်ဝက်ကျော်အရောင်းတက်လာကြောင်း သိရသည်။

ဆိုင်ကယ်ဈေးကွက်၌ မန္တလေး၊ ရန်ကုန်မှထုတ်လုပ်သော ဆိုင်ကယ်ဦးထုပ် တစ်လုံး ကျပ် ၁၅၀၀၊ ထိုင်းနိုင်ငံမှဝင်သော ဦးထုပ်များမှာ ကျပ် ၉၀၀၀ နှင့် တရုတ်ပြည်မှဝင်သော ဆိုင်ကယ်ဦးထုပ်မှာ ကျပ် ၄၀၀၀ မှ ကျပ် ၆၀၀၀ အထိ ရှိကြောင်း ဦးတင်ကြူးကပြောသည်။

မြို့ပေါ်ရပ်ကွက်များ၌ ဇွန် ၁ ရက်မှစ၍ ဆိုင်ကယ်ဦးထုပ်နှင့် ဘက်မှန်(ခေါ်) မှန်ထောင်၊ အိတ်ဇောစသည့်များ ဖမ်းဆီးအရေးယူခြင်းကြောင့် ဆိုင်ကယ်အပိုပစ္စည်းများအရောင်းသွက်လာကြောင်း သိရသည်။

**ရွှေမန်ကျည်း**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) အမှတ် ၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင် ထောက်ပံ့ငွေပေးအပ်

**လားရှိုး ဇွန် ၈**

အမှတ် ၂၀ ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ (ရှမ်းပြည်နယ်-မြောက်ပိုင်း) ကွပ်ကဲမှုအောက်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက ဒုတိယတပ်ဖွဲ့ခွဲမှူးရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီး ၉၆ ဦး အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၆၅၉၀၀၀ ကို အမှတ် ၂၀ ယာဉ်ထိန်းတပ်ဖွဲ့ခွဲ တာဝန်ခံရဲမှူးမျိုးမင်းအောင်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ အမှတ်-၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရှမ်းပြည်နယ်မြောက်ပိုင်း)အတွင်းရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့စု အမှတ်(၁၁၉၊ ၁၂၀၊ ၁၂၂၊ ၁၂၃၊ ၁၂၅၊ ၁၂၆)တပ်ဖွဲ့ခွဲများမှ တာဝန်ရှိရဲတပ်ဖွဲ့များ၊ တပ်ဖွဲ့ဝင်မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူ ၉၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

## ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရေး စာအုပ်စာစောင်များ လိုက်လံငှားရမ်း

**တွံတေး ဇွန် ၈**

ပြည်သူများ အသိပညာဗဟုသုတရရှိရေး အတွက် ပြည်သူများကြား စာအုပ်စာစောင်များ ပိုမိုနီးစပ်လာစေရန် ရက် ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်မှ ရပ်ကွက်၊ ကျေးရွာ၊ ကျောင်း၊ ရဲစခန်းနှင့် လူစည်ကားရာနေရာများတွင် သွားရောက်ငှားရမ်းပေးလျက်ရှိရာ ဇွန် ၇ ရက်က တွံတေးမြို့ 'ရွှေသူဌေး' စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်တန်းစခန်း၌ စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးခဲ့ကြကြောင်း သိရသည်။

'ရွှေသူဌေး' စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်တန်းစခန်း နယ်လှည့်ဟောပြောပွဲတွင် စခန်းရှိအကျဉ်းသားများက မြို့နယ်စာကြည့်တိုက်မှ စာအုပ်များဖတ်ရှုချင်ကြောင်း မြို့နယ်ပြန်/ဆက်ဦးစီးမှူးအား တောင်းဆိုသဖြင့် သက်ဆိုင်ရာစခန်း တာဝန်ခံနှင့်ပူးပေါင်း၍ ကွင်းဆင်းငှားရမ်းခြင်းဖြစ်ကြောင်း ဦးစီးမှူး ဦးသက်ဦးက ပြောသည်။

ဟောပြောပွဲတွင် 'ရွှေသူဌေး' စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်တန်းစခန်း တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်က အဖွင့်မိတ်ဆက်ပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးသက်ဦးက စာပေဖတ်ရှုခြင်း အကျိုးကျေးဇူး အကြောင်း ဟောပြောခဲ့သည်။

ထို့နောက်စခန်းမှ အကျဉ်းသားများအား စာအုပ်များငှားရမ်းခြင်းပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အကျဉ်းသားတစ်ဦး "ကျွန်တော်က စခန်းမှာနေရပေမယ့် စခန်းစာကြည့်တိုက်မှာ အမြဲစာဖတ်ဖြစ်တယ်။ ကြာလာတော့ ဖတ်စရာမရှိတော့ဘူး။ အခုမြို့နယ်ပြန်/ဆက် စာကြည့်တိုက်ကဗဟုသုတရစေမယ့်စာတွေအများကြီးပါလာလို့ ကျွန်တော်တို့တွေ အလွန်ပဲဝမ်းသာပါတယ်။ အဲဒါကြောင့်လည်း စခန်းတာဝန်ခံနဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု အကျဉ်းသားတစ်ဦးက ပြောသည်။

**(မျိုးလှိုင် တွံတေး)**

## ဝက်လက်မြို့တွင် တိုင်းရင်းဆေးကုဌာနဖွင့်လှစ်

**ဝက်လက် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့၌ တိုင်းရင်းဆေးကုဌာန ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းရင်းဆေးကုဌာနကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ တိုင်းရင်းဆေးကုဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး တိုင်းရင်းဆေးကုဌာန တိုင်းဒေသကြီး ဦးစီးမှူးက တိုင်းရင်းဆေးကုဌာနဆိုင်ရာ အချက်များကို ရှင်းလင်းပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးကုဌာန အဆောက်အအုံနှင့် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၆၀၀ ဖြင့် မော်ဒန်မန္တလေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးခဲ့သည်။

ယင်းသို့ တိုင်းရင်းဆေးကုဌာနကိုဖွင့်လှစ်ပေးခြင်းဖြင့် ဝက်လက်မြို့နယ်အတွင်းရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်သဖြင့် အထူးဝမ်းမြောက်ကြောင်း မြို့မိမြို့ဖ ဦးဘမြင့်က ပြောသည်။

**နန်းမြင့်(ဝက်လက်)**



## နယ်လှည့်အသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်

**ပန်းတနော် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ပြည်သူကိုမျက်နှာမူ၍ နယ်လှည့်အသိပညာပေးရေးလုပ်ငန်းကို ဇွန် ၃ ရက် နံနက် ၉ နာရီ၌ အိုးဘိုကျေးရွာရှိ ကျေးရွာစာကြည့်တိုက်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသိပညာပေးရေးလုပ်ငန်းဆောင်ရွက်ရာသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်သူဇာမြင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာခဲ့ကြသည်။ အသိပညာပေးရေးလုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူများက မိမိတို့နှစ်သက်သည့် အစုဖွဲ့၍ စာဖတ်ခြင်း၊ ပုံပြောခြင်း၊ ပန်းချီဆွဲခြင်း၊ ဆေးရောင်စုံခြယ်ခြင်း၊ သုတရသစာပေများ လေ့လာခြင်း၊ စိုက်ပျိုးရေးနည်းပညာနှင့်ပတ်သက်သည်များကိုလည်းကောင်း၊ လာရောက်လေ့လာသူပြည်သူများက ဂျာနယ်၊ မဂ္ဂဇင်း၊ သုတရသစာအုပ် စာစောင်များကို စိတ်ဝင်တစား လေ့လာခဲ့ကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်သူဇာမြင့်က စံညီစာကြည့်တိုက်များ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်း ပြောကြားခဲ့သည်။ ကျေးရွာရပ်မိရပ်ဖများက မိမိတို့မှ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပြီး စံညီစာကြည့်တိုက်အမြန်ဆုံးဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းဆောင်ရွက်ရန်အတွက် ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝန်ထမ်းများက ကျေးရွာအတွင်း ဒို့ကျေးရွာဂျာနယ်များကို လိုက်လံဖြန့်ဝေခဲ့ကြောင်းသိရသည်။

အလားတူ အသိပညာပေးရေးလုပ်ငန်းများကို ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇွန် ၅ ရက် နံနက်ပိုင်း၌ ပန်းတနော်မြို့နယ် ကြခတ္တောအောက်စု အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ပန်းတနော် (ပြန်/ဆက်)**

## ကျိုက်ထိုမြို့၌လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမောင်းနှင်မှုသင်တန်းဖွင့်လှစ်

**ကျိုက်ထို ဇွန် ၈**

မွန်ပြည်နယ်ကျိုက်ထိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသည် ပထမရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ တောင်သူလယ်သမားများ လုပ်ငန်းခွင်ဝင်ရာတွင် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်ထိန်းသိမ်းမောင်းနှင်နိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှု အခြေခံသင်တန်း (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီခွဲတွင် အမှတ် (၈၃) စက်မှုလယ်ယာစခန်း၌ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး သထုံခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဝင်းလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကျိုက်ထိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာနဦးစီးအရာရှိ ဦးအောင်သူက စက်ယန္တရားများကို လိုက်လံပြသခဲ့သည်။

ယင်း လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်ထိန်းသိမ်းမောင်းနှင်သင်တန်းသို့ ရပ်ကွက်ကျေးရွာများမှ သင်တန်းသား ၃၀ ဦးတက်ရောက်ပြီး သင်တန်းကာလမှာရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## ခရိုင်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ဟိုပန်၌ကျင်းပ

**ဟိုပန် ဇွန် ၈**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၅ ရက် ညနေ ၄ နာရီခွဲအချိန်က ဟိုပန်မြို့ လွတ်လပ်ရေးကျောက်တိုင်ဝင်းအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါ ခရိုင်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဟိုပန်ခရိုင်မှ ၁၀ သင်း၊ လောက်ကိုင်ခရိုင်မှ တစ်သင်းနှင့် ကွမ်းလုံမြို့နယ်မှတစ်သင်း စုစုပေါင်း ၁၂ သင်းတို့က အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ဗိုလ်လုပွဲတွင် လောက်ကိုင်မြို့နယ်အသင်းနှင့် ဟိုပန်မြို့မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားရာ လောက်ကိုင်မြို့နယ်အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ကြောင်း သိရသည်။

ပထမဆုရရှိသည့် လောက်ကိုင်မြို့နယ် အသင်းကို ဆုဖလားနှင့် ငွေသားကျပ် ၇၀၀၀၀၊ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကို ဆုဖလားနှင့် ငွေသားကျပ် ၅၀၀၀၀၊ တတိယဆုရရှိသည့်ကွမ်းလုံမြို့နယ် အသင်းကို ဆုဖလားနှင့် ငွေသားကျပ် ၃၀၀၀၀ တို့ကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စွယ်တော်မြတ်စေတီတော်အနီးရှိဥယျာဉ်တော် ၁၈ ရပ်သို့ ဗုဒ္ဓဆင်းတုတော်များ လာရောက်လှူဒါန်းနိုင်



**အမရပူရ ဇွန် ၈**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော် ပရိဝုဏ်ဝန်းအတွင်း၌ တည်ရှိသော ဥယျာဉ်တော် ၁၈ ရပ်ကို လာရောက်လှူလာနိုင်ပြီး ဗုဒ္ဓဆင်းတုတော်များ လှူဒါန်းနိုင်ကြောင်းသိရသည်။

အဆိုပါ ဥယျာဉ်တော်ကြီးကို မြေဧက ၃၀ ကျယ်ဝန်းသော နေရာ၌ ၂၀၁၃ ခုနှစ် ဩဂုတ်လကစတင်၍ ပဓာနမဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခမှ ကြီးမှူး၍ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသဗုဒ္ဓသာသနာ ပြန့်ပွားရေးအသင်းမှ ဦးဆောင်ကာ စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့တို့ ပူးပေါင်း၍ စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

စွယ်တော်မြတ်စေတီတော် ဥယျာဉ် ၁၈ ရပ်ကတော့ (၁)အင်ကြင်း ဥယျာဉ်၊ (၂)လင်းလွန်း ဥယျာဉ်၊ (၃) ညောင်ပင်ဥယျာဉ်(ညောင် ဗုဒ္ဓဟေပင်၊ ပညောင်ပင်၊ ညောင်ကြတ်ပင်)၊ (၄) ကံ့ကော်ပင်ဥယျာဉ်၊ (၅) သရက်ဖြူပင် ဥယျာဉ်၊(၆) စန္ဒကူးပင်ဥယျာဉ်၊ (၇) ပိတောက်ပင်ဥယျာဉ်၊ (၈)ရေသဖန်းပင်ဥယျာဉ်၊ (၉) ကြခတ်ပင်ဥယျာဉ်၊ (၁၀) ကုက္ကိုပင် ဥယျာဉ်၊ (၁၁) ကြောင်လျှာပင် ဥယျာဉ်၊ (၁၂) တမာ(ကျည်း) ပင် ဥယျာဉ်၊ (၁၃)ထင်းရှူးပင်ဥယျာဉ်၊ (၁၄)ထောက်ကြံ့ပင် ဥယျာဉ်၊ (၁၅) မဟာလှေကားပင် ဥယျာဉ်၊ (၁၆) သံသတ်ပင်ဥယျာဉ်၊ (၁၇)သို့သျှားပင်ဥယျာဉ်၊ (၁၈) သခွတ်ပင်ဥယျာဉ်တော်များ ဖြစ်ကြသည်။

"မြေဧက ၃၀ရှိ မြေနေရာမှာ ပန်းဥယျာဉ်ကြီး တည်ဆောက်တဲ့ သဘောပါပဲ။ ရည်ရွယ်ချက်ကတော့ မြတ်စွယ်တော်ကြီး သာသနာပြုအင်္ဂါရပ်နဲ့အညီ ဥယျာဉ်တည်ဆောက်ဖို့၊ ဥယျာဉ်တော်အတွင်းမှာ ဘုရားပွင့်တော်မူခဲ့တဲ့ အပင်တွေစိုက်ထားတာပါ။ ရေရှည်မှာတော့ နှစ်ရှည်ပင်တွေ စိုက်တဲ့အတွက် သစ်တောကြီးဖြစ်လာမယ်၊ အပင်တွေက ပန်းတွေပွင့်လာမယ်၊ ပန်းတွေပွင့်လာတော့ စွယ်တော်မြတ်စေတီကြီးကို ရာသီမရွေး ပန်းပေါင်းစုံနဲ့ ပူဇော်ပြီးဖြစ်တယ်။ ကျေးငှက်တိရစ္ဆာန်တွေ ဘေးမဲ့ဥယျာဉ် သဖွယ်ဖြစ်လာမယ်။ နောက်ပြီး ဘုရားဖူးပြည်သူများ နားနေဖို့နှင့် လာရောက်အပန်းဖြေနိုင်တဲ့ နေရာတစ်ခုလည်းဖြစ်လာမယ် စတဲ့ရည်ရွယ်ချက်တွေနဲ့ တည်ဆောက်ထားတာပါ" ဟု နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသအသင်းချုပ်ဥက္ကဋ္ဌ ဦးလှဝင်းက ပြောကြားသည်။

"ဗုဒ္ဓဆင်းတုတော်တွေက ပေ ၂၀ အကွာမှာ တစ်ဆူနှုန်းတည်ထားတာပါ၊ ၁၀ ပေအကွာမှာ ဘုရားပွင့်ခဲ့တဲ့ ညောင်ပင်၊ အင်ကြင်း၊ အစရှိတဲ့အပင် ၁၈ မျိုး စိုက်တာပါ၊ ဥယျာဉ်အတွင်းရှိ အပင်များထိန်းသိမ်းရန် ဝန်ထမ်း ငါးဦးခန့်ပြီး ပေ၂၀၀ အကွာမှာ ရေတွင်းတူးပြီး လေးပေအမြင့် အုတ်ကန်နဲ့ ရေဖျန်းပါတယ်၊ ရေဖျန်းတာလည်း မြေကြီးထဲက ရေကအန္တေးခတ်ရှိတော့ တိုက်ရိုက်မဖျန်းဘူး၊ စက်နဲ့ရေတင်ပြီး အုတ်ကန်ထဲထည့်၊ အုတ်ကန်ထဲကရေအေးပြီဆိုမှ အပင်တွေကို ပြန်လောင်းတယ်၊ ယခုလက်ရှိမှာတော့ ဗုဒ္ဓဆင်းတုတော် ၃၃၀၀ ကျော် တည်ပြီးသွားပြီ၊ မြေဧက ၃၀ ပဲရတာဆိုတော့ ဆင်းတုတော် ၃၀၀၀ ဆိုရင် ကုန်သွားပြီ၊ အဲ့ဒီတော့ ၁၀ ပေခြားမှာ ဆင်းတုတော် တစ်ဆူထပ်ပူဇော်တယ်၊ ဆင်းတုတော် ၄၀၀၀ လောက်ထိ ပြည့်အောင် ပူဇော်မယ် ရည်ရွယ်ထားတယ်၊ ဆင်းတုတော် လက်ရှိက ၃၃၀၀ ကျော်ဆိုတော့ ၆၀၀ ကျော်လောက်တော့ အလှူခံဖို့ ကျန်သေးတယ်၊ လှူဒါန်းလိုသူများ အနေဖြင့် နှစ်ပေ ရွှေဆင်းတုတော် တစ်ဆူလျှင် အပင်ရယ်၊ ပလ္လင်ရယ် အပါအဝင် တစ်ဆူလျှင် ငါးသောင်းကျပ် (အလှူရှင် ကမ္ပည်းပါပြီး) လာရောက်လှူဒါန်းနိုင်ပါတယ်" ဟုနယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသအသင်းချုပ်ဥက္ကဋ္ဌကြီးက ဆက်လက်ပြောကြားသည်။

ဗုဒ္ဓဆင်းတုတော် လှူဒါန်းလိုသူများအနေဖြင့် စွယ်တော်မြတ်စေတီတော် ဥယျာဉ်တော် ၁၈ ရပ်(မန္တလေး) ရုံးသို့လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် တောင်စလင်းတိုက်သစ် ၆၂ လမ်းရှိ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓသာသနာပြန့်ပွားရေး အသင်းချုပ်ရုံးသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# စည်းကမ်းမဲ့ ကွမ်းတံတွေး ထွေးမှုများ ပပျောက်ရေး နှင့် ကွမ်းစားသုံးမှုအန္တရာယ် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ

**မကွေး ဇွန် ၈**
နိုင်ငံတစ်ဝှမ်းဆောင်ရွက်နေသော နိုင်ငံနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများနည်းတူ မကွေးမြို့၌လည်းစည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေးနှင့် ကွမ်းစားသုံးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးဆိုင်းဘုတ်များကို လူစည်ကားရာ Public Area များတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စိုက်ထူပေးလျက်ရှိကြောင်း သိရသည်။

"အဝေးပြေးကားကြီးဝင်း ၊ မကွေးတက္ကသိုလ်မုခ်ဦး အဓိပတိလမ်းဝင်ပေါက်ရှေ့၊ ပန်းခြံ၊ မြို့မဈေး၊ လမ်းငါးသွယ်အဝိုင်း၊ နတ်မောက်လမ်းနဲ့ ဗိုလ်ချုပ်လမ်းထောင့်တွေမှာ စည်းကမ်းမဲ့ ကွမ်းတံတွေးတွေမထွေးဖို့ အသိပေးဆိုင်းဘုတ်တွေ စိုက်ထူပြီးပါပြီ။

'မကွေးမြို့ လယ်မီးပွိုင့်နေရာမှာလည်း ကွမ်းစားသုံးမှုရဲ့ နောက်ဆက်တွဲအန္တရာယ်တွေကို အသိပညာပေးအနေနဲ့ ဆိုင်းဘုတ်စိုက်ထူထားပါတယ်" ဟု မကွေးမြို့နယ်စည်ပင်သာယာရေး ဒုတိယဦးစီးမှူးဦးကျော်စိုးမင်းက ပြောသည်။

စည်ပင်သာယာရေးအဖွဲ့ပိုင်ရုံးဝင်း ဝန်ထမ်းအိမ်ရာများနှင့် ရေစက်ရုံများတွင် 'ကွမ်းမစားရ၊ ကွမ်းတံတွေးမထွေးရ' ဆိုင်းဘုတ်များတပ်ဆင်ကာ စည်းကမ်းဖြင့် ကန့်သတ်ထားပြီး Public Area များတွင် စိုက်ထူထားသည့် ဆိုင်းဘုတ်များတွင် 'သင်၏ ကွမ်းတံတွေးကြောင့် သန့်ရှင်းမှုကိုမထိခိုက်စေပါနှင့်'၊ 'ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်' ခေါင်းစဉ်များတပ်ကာ အသိနှင့် သတိပေးနှိုးဆော်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းမှ ဆက်လက်ပြောကြားသည်။

"ရိုးရာဓလေ့ အစွဲအလမ်းတစ်ခုလိုဖြစ်နေတဲ့ ကွမ်းစားတာကို လုံးဝပပျောက်စေချင်တယ်ဆိုရင်တော့ ဒါစိတ်ကူးယဉ်မှုသက်သက်ပဲလို့ မြင်တယ်။ ကွမ်းစားတဲ့သူအများစုဟာ နေရာမရွေး၊စည်းကမ်းမရှိအားနာရကောင်းမှန်းမသိဘဲ ကွမ်းတံတွေးတွေ ထွေးတတ်ကြတာကလည်း ငြင်းလို့မရတဲ့အမှန်တရားပဲ။ ကွမ်းတံတွေးထွေးတာကို စည်းကမ်းနဲ့ ကိုင်တွယ်မယ်ဆိုရင်တော့ဖြစ်နိုင်ပါတယ်။

'သတိပေးဆိုင်းဘုတ်တွေ နေရာတကာမှာမြင်တော့ စည်းကမ်းမဲ့တဲ့ လူကလည်း ရမ်းမမဲ့ရဲတော့ဘူးပေါ့" ဟု နှစ် ၂၀ ကျော် ကွမ်းစားသုံးခဲ့သူ ဒေသခံတစ်ဦးကပြောသည်။

ဆေးလိပ်ကဲ့သို့ ကွမ်းမစားရဇုန်များ သတ်မှတ်ခြင်း၊ ဆေးရွက်ကြီးဆိုင်ရာ အခွန်အတုပ်များတိုးမြှင့်ခြင်း၊ စာသင်ကျောင်းများမှစတင်ကာ ပြည်သူ့နယ်ပယ်များအတွင်း ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကွမ်းတစ်ခုတည်းကိုသာ ပစ်မှတ်ထားနေသကဲ့သို့ မဖြစ်စေဘဲ ဆေးလိပ်၊ အရက်၊ ဘီယာများအပေါ်တွင်လည်း ပိုမို၍အလေးထား၍ စည်းကမ်းဖြင့် ကိုင်တွယ်စေလိုကြောင်း၊ ပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းများအပေါ်တွင်လည်း စဉ်းစားပေးရန်လိုကြောင်း ဒေသခံပြည်သူများကြား ဝေဖန်သုံးသပ်မှုများ ထွက်ပေါ်လျက်ရှိသည်။

**ဇေယျာတု(မကွေး)**

# ရေနံချောင်းမြို့တွင် ၂၀၁၆ မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ ကျပ်သိန်းပေါင်း ၉၀၀၀ ချေးမည်

**ရေနံချောင်း ဇွန် ၈**
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရေနံချောင်းမြို့နယ်ဘဏ်ခွဲမှ ၂၀၁၆ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို မေလမှစတင်၍ ထုတ်ချေးလျက်ရှိရာ ငွေကျပ်သိန်းပေါင်း ၉၀၀၀ လျာထားထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘဏ်ချေးငွေချေးရာတွင် နှုန်းထားများမှာ စပါးတစ်ဧကလျှင် ၁၅၀၀၀၀နှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ၂၀၀၀၀ နှုန်းနှင့် အတိုးနှုန်းမှာ ငွေကျပ် ၁၀၀လျှင် ရှစ်ရာခိုင်နှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ပြီး ယခုအချိန်အထိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူ ၁၄၈၅ ဦး (အစုအဖွဲ့ ၅၁၃ ဖွဲ့)ကို ငွေကျပ်ပေါင်း ၂၀၈၀ ဒသမ ၅၀ သိန်း ထုတ်ချေးပြီးဖြစ်ကြောင်းလည်း သိရသည်။

"စပါးကျတော့တစ်သိန်းခွဲ ချေးတယ်ဗျာ ကျနော်တို့ပဲကျနှစ်သောင်းပဲချေးတယ်၊ မြေပဲမျိုးစေ့တစ်တင်းကို လေးသောင်းကျော်ရှိနေချိန်မှာ ရတာကနည်းတော့ အဆင်မပြေဘူးပေါ့ ။ တိုးချေးရင်ပိုကောင်းမှာပါ" ဟု တောင်သူတစ်ဦးက ပြောကြားသည်။

**ဖြိုးမွန်ကျော်**

# ရက် ၁၀၀ စီမံချက်ဖြင့် ဘားအံမြို့တွင် စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းဖွင့်လှစ်

**ဘားအံ ဇွန် ၈**
ကရင်ပြည်နယ် ဘားအံမြို့တွင် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူဗဟိုပြု စီမံကိန်းများ ရေးဆွဲရာတွင် အထောက်အကူပြုနိုင်စေမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြင်ပပုဂ္ဂိုလ်နှင့် ဘဏ်ဝန်ထမ်းများအား သင်ကြားပို့ချပေးသော စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၆)သင်တန်းကို ဇွန် ၇ ရက် နံနက် ၇ နာရီခွဲတွင် ဘားအံမြို့ ပြည်နယ် စီမံကိန်းဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ပြည်နယ်စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင် တက်ရောက်အမှာစကားပြောကြားပြီး ခေတ္တပြည်နယ်စီမံကိန်းဦးစီးမှူး ဒေါ်စန်းစန်းရီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဌာနဆိုင်ရာဝန်ထမ်း ၂၆ ဦး၊ ပြင်ပပုဂ္ဂိုလ်နှင့် ဘဏ်ဝန်ထမ်း ၁၄ ဦး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၄၀ အား ဇွန် ၇ ရက်နေ့မှ ဇူလိုင် ၁ ရက်ထိ သင်တန်းကာလ ၂၅ ရက်အတွင်း ပြည်သူဗဟိုပြု စီမံကိန်းများရေးဆွဲရာတွင် အထောက်အကူပြုစေနိုင်မည့် စီမံကိန်းသဘောသဘာဝ၊ မြန်မာနိုင်ငံတွင် ရေးဆွဲမည့် စီမံကိန်းများ၊ စီးပွားရေး၊လူမှုရေးဆိုင်ရာညွှန်းကိန်းများ၊ ကျေးရွာ၊ ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များရေးဆွဲခြင်း၊ စုပေါင်း ထုတ်လုပ်မှုဝန်ဆောင်မှု တန်ဖိုးတွက်ချက်ခြင်း၊ စစ်တမ်းကောက်ယူရေးဆိုင်ရာ အခြေခံအချက်အလက်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခြင်း (SDG)ဘာသာရပ်များ၊ ငွေရေးကြေးရေးဘာသာရပ်များအဖြစ် ပြည်တွင်းအခွန်ဦးစီးဌာန၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် အကောက်အခွန်ဦးစီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းအတွေ့အကြုံဗဟုသုတအရ Bottom Up Plane များ ရေးဆွဲရာတွင်ပိုမိုထိရောက်စေပြီး စီးပွားရေးဆိုင်ရာစဉ်းစားချက်များအား အထောက်အကူဖြစ်စေမည့်အပြင်နိုင်ငံတော်တည်ဆောက်ရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုပေးနိုင်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အဆိုပါ စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ကော်မတီများဝင်နှင့် တွေ့ဆုံဆွေးနွေး

**ရေနံချောင်း ဇွန် ၈**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သုံးဆယ်ခြောက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၄ရက် ညနေ ၄နာရီခန့်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဦးနှင့် ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြသည်။

သုံးဆယ်ခြောက်ကျေးရွာ အလယ်တန်းကျောင်းတွင် ယခုအချိန်အခါ၌ အုပ်စုကျေးရွာများဖြစ်ကြသော အိုးဘိုကျေးရွာ၊ ဇောင်ဂျမ်းကုန်းကျေးရွာ၊ ဥယျာဉ်စုကျေးရွာ၊ စက်မှုဇုန်ရွာသစ်ကျေးရွာနှင့် ချောင်းဝကျေးရွာတို့မှ ကျောင်းသား၊ ကျောင်းသူ ၅၀၀ ခန့် လာရောက်ပညာသင်ကြားလျက်ရှိရာ အဆိုပါ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာခြောက်ရွာမှ ကျေးရွာသူ၊ ကျေးရွာသားများအတွက် သောက်သုံးရေလုံလောက်စွာရရှိနိုင်ရန်၊ လက်ရှိထရန်စဖော်မာတစ်လုံးတည်း၏ လျှပ်စစ်ဓာတ်အား မလုံလောက်သော အခက်အခဲဖြစ်ပေါ်နေမှုကို လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ရေး စုပေါင်းဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မတ္တရာ ဇွန် ၈**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက မတ္တရာမြို့ အမှတ် ၅ ရပ်ကွက်ရှိ ကံ့ကော်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်က ကျောင်းသား၊ သူများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သိကောင်းစရာများနှင့် အရေးပေါ်မီးသတ်ဆေးဘူး အသုံးပြုနည်းများကို အသိပညာပေးဟောပြောခဲ့ပြီး မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက အဆိုပါကျောင်းရှေ့တွင် မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကိုလည်း လက်တွေ့မီးငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

The 2nd Myanmar International Education & Career Fair 2016

မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၆

Hot Line: 09 795815900

June 24 to 26, 2016

Tatmadaw Hall
Yangon, Myanmar

www.miecf.net





Online register ပြုလုပ်သူများအား Samsung Tab A အပါအဝင်အိမ်သုံးလျှပ်စစ်ပစ္စည်းများစွာကိုကံထူးရှင်အဖြစ် ရွေးချယ်ကာချီးမြှင့်သွားပါမည်။

ဆရာခင်မောင်ညို(ဘောဂဗေဒ)နှင့် သက်ဆိုင်ရာကျောင်းများမှပညာရှင်ကြီးများက နေ့စဉ်ပညာရပ်အလိုက်ဟောပြောဆွေးနွေးသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်လေ့လာနိုင်ပါသည်။

ပြပွဲသို့တက်ရောက်လေ့လာသူများအတွက်လည်းနေ့စဉ်မိုဘိုင်းဖုန်းဆက်များစွာကိုကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။

Supported by:

Media Partner:

Global ဆေးရုံ၏ ခွဲစိတ်ပြီးလူနာများ၊ လူနာဟောင်းများနှင့် လူနာသစ်များ ဆက်သွယ်နိုင်ပါသည်။

India နိုင်ငံ ၊ Chennai မြို့ ၊ Global Hospital မှ အောက်ပါဆရာဝန်ကြီးများကမြန်မာနိုင်ငံသို့ လာရောက်၍ ဆေးကုသမှုလုပ်ငန်းများ လာရောက်လုပ်ဆောင်မည် ဖြစ်ပါသောကြောင့် ဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးလိုသူများ ဗိတိုရိယဆေးရုံကြီးသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အောက်ပါနေ့ရက်များတွင် အထူးကုဆရာဝန်ကြီးများ လာရောက်ဆွေးနွေး ကုသမည်ဖြစ်ပါသည်။

1. Dr.JOY VARGHESE - အသည်းအထူးကုဆရာဝန်ကြီး ၂၀၁၆ ဇွန်လ (၁၆)ရက် နှင့် (၁၇)ရက်
2. Dr.K R GOPI - ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီး ၂၀၁၆ ဇွန်လ (၁၆)ရက် နှင့် (၁၇)ရက်
3. Dr.K SRIDHAR - ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ၂၀၁၆ ဇွန်လ (၁၇)ရက်

ကြိုတင်စုံစမ်း စာရင်းပေးသွင်းရန် ဖုန်း (01) 9666 141 , (09) 783 666 141 - 144

နေရာ။ ။ ဗိတိုရိယဆေးရုံကြီး (Victoria Hospital) ၊ အမှတ် (၆၈)၊ တော်ဝင်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

GLOBAL HOSPITALS
more to life
CHENNAI | Hyderabad | Bengaluru | Mumbai

ZAR & ZAR Co.,Ltd.
Quality & Quantity

ဗိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃
သွင် ၀၁-၃၇၂၅၉၄ ၀၉၇၇၂၅၅၅၆၀
မင်္ဂလာ(၁) (သိမ်ကြီးဈေး) ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈
မင်္ဂလာ(၂) ၀၉၇၇၂၅၄၀၉၀ ၀၉၇၇၂၅၄၀၉၂
ရွှေဆောင် ၀၁-၂၅၂၁၀၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇
မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၂ ၀၂-၆၈၂၃၀
မြို့မ ၀၂-၃၉၁၃၆ ၀၂-၃၉၀၇၇
မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅
Top Royal ၀၉၄ ၂၀၀၈ ၂၉၁ ၀၉၄ ၂၀၀၈ ၂၉၂
နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈
မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉ ၂၆၁၃၉၀၁၁၃၅ ၀၉ ၂၆၁၃၉၀၁၁၆၆
မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၈၃၇၅၁ ၀၉၇၉၁၁၀၈၃၇၅၂
မင်္ဂလာဒိုင်းမွန်း ၀၉၄၀ ၂၈၆၅၆၄၁ ၀၉၄၀ ၂၈၆၅၆၄၂

ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား
ရန်ကုန်) - သမ္မတ၊ သွင်
မင်္ဂလာ(၁)၊ မင်္ဂလာစံပြ
TOP ROYAL
မင်္ဂလာဝဇီရာ(လှိုင်သာယာ)
(မန္တလေး)
ဝင်းလိုက်၊ မြို့မ
(ပြည်)
မင်္ဂလာထွန်းသီရိ

X-MEN APOCALYPSE(3D)
(ရန်ကုန်) နေပြည်တော်(၁)
မင်္ဂလာ(၂)
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း

1920 LONDON
(ရန်ကုန်)
နေပြည်တော်(၂၊၃)
မင်္ဂလာစံပြ
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း
(ပြည်) - မင်္ဂလာထွန်းသီရိ

NINJA TURTLES OUT OF THE SHADOWS (3D)
(ရန်ကုန်)
ရွှေဆောင်(၁)
မင်္ဂလာစံပြ
(မန္တလေး)
မင်္ဂလာဒိုင်းမွန်း

အုတ်ကြားမြက်ပေါက်
(ရန်ကုန်) - ရွှေဆောင်(၂)

၁၀ . ၆ . ၂၀၁၆ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်မှတ်ပြ - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ
















တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ကြော်ငြာ

## ရာပြည့်မွေးနေ့ဆုတောင်း

သခင်သိန်းဖေ (ဝါးခယ်မ)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)

ဂုဏ်ထူးဆောင်နာယက၊ ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)

ဘဘ သခင်သိန်းဖေသည် -

၁။ ဝါးခယ်မမြို့နယ်အသင်းကို စတင်တည်ထောင်စဉ် (၁၉၄၇) ခုနှစ်ကပင် ပါဝင်ခဲ့ခြင်း၊ အသင်း၏ အမှတ်စဉ် (၅) ဥက္ကဋ္ဌဖြစ်ပြီး တာဝန်ထမ်းဆောင်ခဲ့သော အသင်းဥက္ကဋ္ဌအားလုံးထဲတွင် (၁၈) နှစ်တိုင် သက်တမ်းအရှည်ဆုံးသူဖြစ်ခြင်း၊ အသင်းဥက္ကဋ္ဌတာဝန်ယူစဉ် အသင်း၏စည်းမျဉ်းဥပဒေကို ရေးဆွဲခြင်း၊ အသင်းပိုင်တိုက်ခန်း ဝယ်ယူခြင်းနှင့် ယနေ့တိုင် ရှင်သန်ကြီးထွားဆဲဖြစ်သည့် ထူးချွန်/ချို့တဲ့ကျောင်းသားများ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ရေး ပညာသင်ဆုကို မတည်ထူထောင်ခြင်းနှင့်ငွေအား ဆက်လက်ထောက်ကူပေးခြင်းစသည့် အဓိကအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ သူ ဖြစ်ခြင်း၊

၂။ ထို့အပြင် ဝါးခယ်မမြို့နယ် ဖွံ့ဖြိုးရေးအတွက် သာသနာရေးအဆောက်အဦ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဆောက်အဦများ တည်ဆောက်လှူဒါန်းခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ရုပ်တုအတွက် မတည်လှူဒါန်းခြင်း၊ ဦးအံ့ကျော် ကြက်တောင်အားကစားနှင့် ကိုယ်ခန္ဓာကြံ့ခိုင်ရေး အဆောက်အအုံ တည်ဆောက်ရာတွင် မတည်လှူဒါန်းခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ အရေးကြီးဆုံး ဆောင်ရွက်ချက်အဖြစ် မြို့နယ်သူ/သားများကို ဝံသာနုရက္ခိတ စိတ်ဓာတ် မြင့်မားရေး၊ နိုင်ငံရေးအသိအမြင်တိုးတက်ရေးနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများစွာ ပေါ်ပေါက်ရေးတို့ကိုလည်း လမ်းပြခဲ့သူဖြစ်ခြင်း၊

၃။ အထူးဖော်ပြရသော် ဝါးခယ်မသားတစ်ဦးအနေဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရစေရန် ဦးဆောင်ပါဝင်ခဲ့သူဖြစ်ခြင်း၊ ပြည်သူ့ဆန္ဒအမှန်ဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ဖို့ကြိုးပမ်းစဉ် လိုအပ်ချိန်၌ အဓိကနိုင်ငံရေးပေါင်းကူးတံတားအဖြစ် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့်အတူ အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတွင်းသာမက နိုင်ငံတကာတွင်ပါ မြန်မာ့နိုင်ငံရေးဦးဆောင် ကဏ္ဍတွင် အရေးပါသောပုဂ္ဂိုလ်ကြီးအဖြစ် ထင်ပေါ်ကျော်ကြားနေခြင်းတို့အတွက် အမြဲတမ်းအားကျ ဂုဏ်ယူရသူဖြစ်ခြင်းတို့ကြောင့် သက်တော်ရှည်ဘဘ သခင်သိန်းဖေသည် ၉-၆-၂၀၁၆ ရက်တွင် ကျရောက်သော အသက်နှစ်(၁၀၀) ပြည့်မှသည် ရှေ့နှစ်ပေါင်းများစွာ သက်ရှည်ကျန်းမာပါစေကြောင်း ဆန္ဒပြု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နာယက/အမှုဆောင်နှင့် အသင်းသူ/သားများ**
**ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)**

---

## နှစ် (၁၀၀) ပြည့် မွေးနေ့မင်္ဂလာ

ဘဘကြီး သခင်သိန်းဖေ (ဝါးခယ်မ)၏
၉-၆-၂၀၁၆ တွင် ကျရောက်သည့်
**နှစ် (၁၀၀) ပြည့် မွေးနေ့မင်္ဂလာ**
မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင်
ချစ်သားသမီးမြေးမြစ်များနှင့်အတူ
ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန်
ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဒေါ်ခင်တင့်နှင့် ညီမများ
**Health Care** အင်းယား

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခွင့် လုပ်ငန်းလိုင်စင်အမျိုးအစားများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ပုဂ္ဂလိက ရေနံဓာတ်ငွေ့ရည်လုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုင်စင်များခွင့်ပြုထုတ်ပေးခဲ့ရာ သိုလှောင်ကန်တည်ဆောက်၍ ရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် လိုင်စင်(က)နှင့် သိုလှောင်ကန်တည်ဆောက်ခြင်းမရှိဘဲ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်ဆလင်ဒါများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် လိုင်စင်(ခ)တို့ကို စိစစ်ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

၂။ ယခုအခါ ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို စနစ်တကျပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ရန်နှင့် ထိရောက်စွာ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားနိုင်ရန်အတွက် အောက်ပါအတိုင်း လိုင်စင်အမျိုးအစား(၅)မျိုးခွဲခြားသတ်မှတ်၍ လိုင်စင်များ စိစစ်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်-

- လိုင်စင်(က) - ရေနံဓာတ်ငွေ့ရည်(Liquefied Petroleum Gas-LPG)ကို ပြည်ပမှတင်သွင်း၍ တင်/ချဆိပ်ခံတံတားအပါအဝင် သိုလှောင်စခန်း(Terminal)ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
- လိုင်စင်(ခ) - ရေနံဓာတ်ငွေ့ရည်(Liquefied Petroleum Gas-LPG)ကို ပြည်ပမှတင်သွင်း၍ သိုလှောင်ကန် (Storage Tank)၊ သိုလှောင်ရုံ (Cylinder Warehouse)ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း(တင်/ချဆိပ်ခံတံတားမပါ)
- လိုင်စင်(ဂ) - ရေနံဓာတ်ငွေ့ရည်(Liquefied Petroleum Gas-LPG)ကို Filling Stationဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
- လိုင်စင်(ဃ) - ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
- လိုင်စင်(င) - ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း

၃။ လိုင်စင်(ဃ)နှင့်(င)တို့အား ယာယီလုပ်ငန်းလိုင်စင်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက်သို့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ လာရောက်၍ တိုက်ရိုက်အခမဲ့ထုတ်ပေးမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ဒေသအလိုက် လိုင်စင်ထုတ်ပေးရန် ကြိုတင်ကြေညာသတ်မှတ်သည့် နေ့ရက်များတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ လိုင်စင်အမျိုးအစားများအလိုက် ခွင့်ပြုရရှိရန်ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်နှင့် လိုက်နာရမည့် စည်းကမ်းချက်များကို အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ရုံးအမှတ်-၄၄၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၉၃၊ ၀၆၇-၄၁၁၁၉၄**

---

## မြန်မာ့သစ်လုပ်ငန်း
## စက်ရုံ၊ ဂိုဒေါင်၊ အဆောက်အဦနှင့် အခြားပစ္စည်းများလေလံတင်ရောင်းချရန် ကြော်ငြာခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက် ဌာန၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ အမှတ်(၇၉)သစ်စက်ရှိ ပင်မ စက်ရုံ၊ သစ်ခွဲသား၊ ဂိုဒေါင်၊ ဝန်ထမ်းအိမ်ရာအဟောင်းများနှင့် အခြားပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | လေလံတင်ရောင်းချမည့်နေရာ | - မန်နေဂျာရုံး၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြစ်ကြီးနားမြို့။ |
| (ခ) | လေလံတင်ရောင်းချမည့်နေ့ရက် | - ၃၀-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီ |
| (ဂ) | လေလံပုံစံရောင်းချမည့်နေ့ရက် | - ၁၀-၆-၂၀၁၆ရက်မှ ၂၉-၆-၂၀၁၆ရက် ညနေ ၁၆း၃၀နာရီထိ |

လျှောက်လွှာနှင့် လေလံစည်းကမ်းချက်များကို ၂၉-၆-၂၀၁၆ရက် နောက်ဆုံးထား၍ မန်နေဂျာရုံးတွင် ဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**ဒုတိယအထွေထွေမန်နေဂျာရုံး-၀၇၄-၂၂၃၁၃**
**မန်နေဂျာရုံး-၀၇၄-၂၂၃၅၂**

---

## မြိတ်ရွှေပုလဲ

မြိတ်အစားအစာ ထမင်းဟင်းနှင့် အသုတ်မျိုးစုံ
အမှတ်-၁၀၄၊ မြေညီထပ်၊ ၃၇-လမ်း (အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၀၁-၃၉၁၇၁၂၊ ၀၉-၇၉၀၂၄၂၁၆၅**
ဆိုင်ဖွင့်ချိန် နံနက် ၇း၀၀နာရီ မှ ည ၉း၀၀ နာရီထိ
အခါကြီး ရက်ကြီး လပြည့်နေ့၌ ဆိုင်ပိတ်သည်။

---

## ခြံမြေရောင်းမည်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ဘုတ်ချောင်း၊ မြေဧရိယာ (၀.၉၅) ဧကနှင့် မွေးမြူရေးခြံနှင့် ကြက်ခြံ(၆) ခြံ ၎င်းမြေပေါ်ရှိ အိမ်တစ်လုံးပါရှိပြီး။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၉၅၆၆၆၀၃**

---

**Avi;wefzBud,d&mtjfmay avbmpel**



iMyanmarHouse.com မှ ကြီးမှူးကျင်းပမည့် တတိယအကြိမ်မြောက်

# မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး

ကျပ်သိန်း (၃၀၀) တန် မှစသော တိုက်ခန်းများ၊ ကျပ်သိန်း (၆၀၀) တန် မှ ကျပ်သိန်း (၅၀၀၀) တန် အထိ
ကွန်ဒိုပေါင်းများစွာကို (၁) နှစ်မှ (၈) နှစ် အထိ အရစ်ကျစနစ်များ၊ အထူးလျှော့ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်မည့် အခွင့်အရေး။
အိမ်ခြံမြေပညာရှင်ပေါင်းများစွာမှ အိမ်ခြံမြေနှင့်ပတ်သက်၍ သိကောင်းစရာများကို ပြပွဲအတွင်း ဟောပြောပေးမည် ဖြစ်ပါသည်။

Main Sponsors: YOMA, STAR CITY, RIVERFRONT GARDEN

နေ့ရက် – ၂၀၁၆ ဇွန်လ ၁၀ ရက်မှ ၁၂ ရက်
အချိန် – နံနက် ၉:၀၀ နာရီ မှ ညနေ ၅:၀၀
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်။

ပြပွဲသို့ တက်ရောက်လာသူများအား Samsung ဖုန်း၊ Tablet များနှင့် အခြား သိန်းငါးဆယ်တန်ဖိုး၍ ဆုမဲပေါင်းများစွာ ကံစမ်းမဲဖောက်ပေးပါမည်။

Diamond Sponsors: AMPS, GOLDEN CITY, CTSM, M.K.T Construction Co.,Ltd, Living Square
Gold Sponsors: ALPHA CEMENT, iGREEN, AMI

ကြိုတင်စာရင်းပေးသွင်းရန် ဤနေရာသို့ သွားပါ။
www.imyanmarhouse.com/expo
မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။

လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း November Series / 2016
LCCI Diploma in IFR
Computerised Accounting

| Level I+II | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 7-9 (am) | 18.June |
| Sec(B) | Sat+Sun | 9-11 (am) | 25.June |
| Sec(C) | Sun | 11-3 (pm) | 26.June |
| Sec(D) | Mon+Tue | 6-8 (pm) | 4.July |
| Sec(E) | Sat | 11-3 (pm) | 2.July |
| Sec(F) | Fri | 12-4 (pm) | 8.July |
| Sec(G) | Tue to Fri | 12-3(pm) | 1.July |

| Level III | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 3-8 (pm) | 25.June |
| Sec(B) | Wed to Sun | 6-8 (pm) | 29.June |
| Sec(C) | Tue to Fri | 8-12 (am) | 7.July |

June တန်းခွဲသစ်စမည်
နံနက်ပိုင်းတွင် ကျောင်းအပ်နိုင်ပြီ
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်

၂၀၁၆ – ၂၀၁၇ စာသင်နှစ်အတွက်
ဦးညာဏ်လွင်
B.Sc(Phy),M.Sc(Thesis)
- ၉ တန်း နှင့် ၁၀တန်း
- ဘာသာစုံဝိုင်းများ
- ရူပဗေဒ သီးသန့်တန်းများ
ကျောင်းအပ်လက်ခံပြီ
အမှတ်(၁၈၆)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ☎:01-253205, :09-420737118

ဗိုင်ရှင်ကိုယ်တိုင်ရောင်းမည်
- စမ်းချောင်း၊ ငုက်ပျောတောလမ်း(လမ်းမနီး)
- ပေ(၁၂-×၅၀)၊ မြေညီထပ်(ထပ်ခိုးပါ)
- ကျွန်းလှေကားထိုးပါ၊ ကြွေပြားပြည့်ခင်း/ကပ်
- အိပ်ခန်း(၁)၊ master အိပ်ခန်း(၁)
- A/C(2)ရေပူရေအေး၊ မီးအားမြင့်စက်ပါ
- ဂျက်ဆင်ဘုတ်၊ လိုက်ကာ၊ ကားထားရန်ရ
- ပြင်ဆင်ပြီး(သန့်)၊ ပွဲစားမလို သိန်း(၉၅၀)
ဖုန်း- 09-789959120, 09-73156494

Scaffolding & Pipe Support
ခြမ်း၊ T တိုင် - ငှားရန်ရှိသည်
Eagle-ဆက်သွယ်ရန်ဖုန်းနံပတ် ၀၉- ၇၈၃၈၆၆၈၆၃
၀၉-၇၉၅၅၆၆၇၃၈

SMILE ပိုက်မျိုးစုံ
ရေအိမ်သုံးအတွက်အထူးထုတ်လုပ်ထားတဲ့
SMILE U-PVC ပိုက်ရှိနေပါပြီ။ ပြန်လည်ပြုပြင်ရန် မလိုပဲ အိမ်သာခွက်များတွင် ကွက်တိတပ်ဆင်နိုင်ပြီး ရေအိမ်အညစ်အကြေးများလည်း ကပ်ငြိနိုင်ခြင်းမရှိပါ။ ဆွည့်သုံးများ ထိန်းချုပ်သည့်အသုံးလုံစနစ်ပါ T(Fitting) ရှိနေပါပြီ။ အမှတ်(11) လေးထောင့်ကန်လမ်း၊ ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5135266,420005255

PUN HLAING SILOAM HOSPITALS
ပန်းလှိုင်စီလုံဆေးရုံ နှလုံးကုသဌာန အထူးအစီအစဉ်
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"
နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိ မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ ကုသပေးနေပြီ...
- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း
ဇွန်လ | ၁၇ | ရက်နေ့မှ ဇွန်လ | ၁၉ | ရက်နေ့အထိ



LIKE US ON facebook Pun Hlaing Siloam Hospitals
ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၁၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁
www.punhlaingsiloamhospitals.com

အောင်နိုင်သူ ပဟာဓိနီ ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D Group



# W.S.D Pile

Licence No.PL-12
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph:01-381964, 09-73131288, 09-73150482, 09-977909888, 09-250499988
Off: Ph- 09-250 288811, FAX: 01-381964, Email: wsdmyanmar@gmail.com

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃)တွင် ရန်ကုန်နှင့်ရတနာပုံတွေ့ဆုံ



ရန်ကုန်အသင်းမှ တိုက်စစ်မှူး ကျော်ကိုကို။

သတင်း၊ ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် ဇွန် ၈**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၁၃)ကို ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင်ပြန်လည် ကျင်းပမည်ဖြစ်ပြီးထိပ်သီးနှစ်သင်းဖြစ်သည့် ရန်ကုန်နှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ MNL ပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပွဲစဉ်များကြောင့် ခေတ္တရပ်နားထားခြင်းဖြစ်သည်။

ပွဲစဉ်(၁၃) အဖြစ် ဇွန် ၁၁ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် မကွေးအသင်း၊ ဇွန် ၁၂ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ Southern နှင့် Horizon အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းနှင့်ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဟံသာဝတီအသင်းမှာ ဒုတိယအကျော့ပွဲစဉ်များအနက် အိမ်ကွင်းပွဲစဉ်များကို တောင်ငူကွင်း၌ လက်ခံကျင်းပမည်ဖြစ်ရာ MNL ကလပ်အသင်းများတွင် အိမ်ကွင်းလက်ခံကျင်းပနိုင်သည့် အသင်းတစ်သင်း ထပ်တိုးလာမည်ဖြစ်သည်။

ပွဲစဉ်(၁၂) အပြီးတွင် ရတနာပုံအသင်းက ၃၂ မှတ်ဖြင့် ထိပ်ဆုံးတွင် အမှတ်ပြတ်ဦးဆောင်လျက်ရှိပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ၂၂ မှတ်၊ ဟံသာဝတီအသင်းက ၂၁ မှတ်၊ ဧရာဝတီအသင်းက ၂၀၊ ချင်းယူနိုက်တက်အသင်းက ၁၈မှတ်၊ မကွေးအသင်းနှင့်ဇေယျာရွှေမြေအသင်းတို့က ၁၆မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ၁၅မှတ်၊ ဇွဲကပင်အသင်းက ၁၄မှတ်၊ ရခိုင်အသင်းက ၁၁မှတ်၊ Southern အသင်းက ခုနစ်မှတ်၊ Horizon အသင်းက ငါးမှတ်တို့ ရရှိထားသည်။ MNL ထိပ်သီးနှစ်သင်း၏ တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်ပြီး ရန်ကုန်အသင်းအနေဖြင့် အိမ်ကွင်းနိုင်ပွဲ ရယူနိုင်မှသာ ရတနာပုံနှင့် အမှတ်ကွာဟမှုကို လျှော့ချနိုင်မည်ဖြစ်သည်။



## နိုင်ငံတကာ Miss Global ပြိုင်ပွဲ အလှမယ် ဆုပွင့်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

သတင်း - ခင်ဇာလီ၊ ဓာတ်ပုံ - မီချိုကိုဟန်

**ရန်ကုန် ဇွန် ၈**

နိုင်ငံတကာ Miss Global ပြိုင်ပွဲကြီးတွင် နိုင်ငံကိုယ်စားပြု ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် World-Class Myanmar မှ အလှမယ် ဆုပွင့်ဦးအား ရွေးချယ်ခဲ့ပြီး အလှမယ်ဘွဲ့အပ်နှင်းပွဲကို ဇွန် ၈ ရက်က City Star ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

နိုင်ငံတကာ Miss Global ပြိုင်ပွဲကြီးအတွက် လျှောက်ထားသူ ၃၀ ခန့်ရှိခဲ့ပြီး ယင်းတို့အနက်မှ အလှမယ် ဆုပွင့်ဦးကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့**☆

# ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိ

**စစ်တွေ ဇွန် ၈**

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ လေးခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီက ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူများအတွက် နိုင်ငံသားကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ခွင့်ရရှိ စေရန် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**✪


